ခေါင်းဆောင်ကြီး

ဦးဘဘေ

၏

နိုင်ငံရေးရာ

အဖြာဖြာ

ပဌမတွဲ

(ဟံသာဝတီသတင်းစာတွင်–ဘကြီး ဦးဘဘေ ရေးသားသော ဆောင်းပါးများကို စုပေါင်း ပုံနှိပ်ထားသည်။)

ရန်ကုန်မြို့

ဟံသာဝတီပုံနှိပ်တိုက်

၁၉၄၆

ဤစာအုပ်ရေးသူ-ခေါင်းဆောင်ကြီး ဦးဘဘေ

ဟံသာဝတီသတင်းစာတိုက်
ရန်ကုန်မြို့

နိဒါန်း

၁၉၄၆-ခုနှစ်၊ ဧပြီလ ၂၁-ရက် နေ့က "ဟံသာဝတီ" နေ့စဉ် သတင်းစာ အယ်ဒီတာသည် ရန်ကုန်မြို့ လူအိုရုံလမ်း ဦးဘဘော၏ ထံသို့ ရောက်သွားခဲ့၏။

အချင်းချင်း အလ္လာပ သလ္လာပ စကားများ ပြောဆိုပြီးသည့်နောက်၊ အယ်ဒီတာက—

"ဦး……ကျွန်တော်တို့ သတင်းစာ အတွက် ဆောင်းပါး ရေးပေးပါ" ဟု ဆိုရာ……"ဘာရေး ရမှာလဲကွ" ဟု ပြန်၍ မေးလိုက်တော်၏။

"ဟာ……ဘာရေးရမယ် ကျွန်တော် တို့က ပြောနေရ အုံးမှာလား—ဦးရေးချင်တာ ရေးပေါ့၊ ဦးရေးသမျှဟာ "ကန့်ကိုးရှိမှာဘဲ" ဟူ၍ ပြောရာ……"အေး" ဟူသော စကား တလုံး ကိုသာ ဦးဘဘောက ဆိုလိုက်၏။

ဧပြီလ ၂၃-ရက်နေ့တွင် **"ဘကြီး-ဘဘော ဆောင်းပါးရေးပြီ"** ဟူသော စာလုံးနှင့် ဟံသာဝတီသတင်းစာတွင် ပဌမနေ့စဉ်၊ နောက်တပါတ် လျှင် ၃-ကြိမ်ထည့်သွင်းလာရာ (ဤစာရေးသည့် နေ့အခါ) နံပါတ် ၃၈ သို့ရောက်နေလေပြီ။

ဦးဘဘော၏ အတ္ထုပ္ပတ္တိကို ရေးရသော်–
ဗိန္ဒုဘာပကာသနီကျမ်းမှ စာချုပ်နှာ များစွာရေး
မှ ရနိုင် ပေမည်။ ဝါကျ တကြောင်း ထည်းနှင့်
ဦးဘဘော၏ အတ္ထုပ္ပတ္တိကို ရေးရသော် "မြန်မာ
ရာဇဝင်နှင့် တပါထည်း နောက်ဆုံးခေတ် အထိ
လိုက်ပါလာသော "ဘကြီး"ဟူ၍ပင် ရေးသင့်
ပေသည်။

ကဗျာရေးပင် စကားပြေ စာသွားမျိုးပင်
မဟုတ်၊မှတ်သင့်-မှတ်ရာကိုခွဲ၍ စိတ်၍(ဝါ)မှတ်
ရထုတ်ပေးဘိသကဲ့သို့ ခဲရာခဲဆစ်ပြသနာအရပ်
ရပ်တို့၏ အကြောင်းများကို ရေးသားထားသော
စာမျိုးပင်ဖြစ်သဖြင့်၊ နောင်လာ နောက်သားတို့
ဗဟုသုတ ရှာမှီးနိုင်ကြစေရန် "နိုင်ငံရေးရာ-
အဖြာဖြာ" ခေါ်အမည်နှင့် စာအုပ် ထုတ်ဝေ
လိုက်ရပေသတည်း။

အယ်ဒီတာ

ဟံသာဝတီ နေ့စဉ်သတင်းစာ၊

၈–၁၀–၄၆၊

မာတိကာခေါင်းစဉ်

	မျက်နှာနံပါတ်
ရာထူးနှင့်အာဏာ	၁
မြန်မာ့ဆန္ဒနှင့်အင်္ဂလိပ်အကြံ	၅
ပါတီနှင့်လွတ်လပ်ရေး	၈
လွတ်လပ်ရေးစီမံကိန်း	၁၁
စီးပွါးရေးစီမံကိန်း	၁၇
လွတ်လပ်ရေးနှင့်လက်လွတ်ရေး	၂၂
လွတ်လပ်ရေးစိတ်	၂၈
လွတ်လပ်ရေးခိုင်မြဲရေး	၃၄
အစိုးရစီမံကိန်းများပြသနာ	၄၀
ဝေဘန်ပိုင်းခြားရေး	၄၅
လူကြီး-ပညာပြန့်ပွါးရေး	၅၁
နိုင်ငံရေးခြေလှမ်းများ	၅၆
ထောင်လွှန်ရေးနှင့်ဝွန်းလှန်ရေး	၆၂
အင်္ဂလိပ်ဖက်ဆစ်ဝါဒ	၆၈
ရဟန်းတော်များနှင့်နိုင်ငံရေး	၇၄
ရဟန်းတော်များနှင့်နိုင်ငံ ကောင်းစားရေး	၈၀
သာသနာ့ညီညွတ်မှုနှင့် သားတူညီမယား ကောင်းစားရေး	၈၅

လွတ်လပ်ရေးတိုက်ပွဲလော
ဗိုလ်လုပွဲလော ၉၂
ဖြုတ်သျှအင်းရေခြေဟွမ်း ၉၇
မြန်မာပြည်စားကျက်ကြီး ၁၀၄
မြန်မာပြည်သားတို့၏တာဝန် ၁၀၇
ရွေးကောက်ပွဲပြဿနာ ၁၁၄
ကိုမှာတမျိုး--ဒီမှာတဖုံ ၁၁၈
ဘုရင်ခံ၏တာဝန် ၁၂၅
မြန်မာပြည်ငြိမ်းချမ်းရေး ၁၃၁
အတွေးနှင့်အလုပ် ၁၃၇
ပညာနှင့်ဖြင်ညာ ၁၄၄
ဝေါ်-သာ-ဂေါ် ၁၅၀
အခွင့်အရေးနှင့်မြန်မာပြည်သားအရွမ်း ၁၅၆
နိုင်ငံရေးကာလ--၃--ပါး ၁၆၂
မြန်မာပြည်၏လွတ်လပ်ရေးတပ်ဦး ၁၆၇
နိုင်ငံရေးမျက်မှန်စိန်း ၁၇၄

ရာထူးနှင့် အာဏာ

(၁)

မျှားမကြာမီ အတွင်းက သခင် ဗစိန်သည် သတင်းစာ ဆရာများနှင့် တွေ့ဆုံ၍ အကျိုးအကြောင်းရှင်းလင်းပြောပြသောအချက်များတွင် ရာထူး လက်ခံမည်ဟူသော အချက်လည်း ပါရှိပေ၏။ လက်ခံမည့်ရာထူးမှာလည်းအခြားမဟုတ်၊ သခင်ထွန်းအုပ်ကဲ့သို့အတိုင်ပင်ခံအဖွဲ့ လူကြီးပင်ဖြစ်ပေမည်။ ဖ ဆ-ပ-လ အဖွဲ့ဝင်များသည် ထိုအတိုင်ပင်ခံ ရာထူး(ဝန်ကြီးချုပ် ရာထူးမဟုတ်) ကို လက်မခံအာဏာမဲ့အတိုင်ပင်ခံအဖွဲ့သို့ မဝင်ကြသည်မှာ တိုင်းပြည်ကအသိပင်ဖြစ်၏။ သို့ရာတွင် အချို့ပုဂ္ဂိုလ်များစိတ်တွင် ၁၁ နေ့ရာမရဘဲ ၇ နေ့ရာသာရ၍ လက်မခံဟု အထင်မှား၍ နေပေသည်။အမှန်မှာ အာဏာမဲ့သောရုပ်သေးအဖွဲ့ဝင် အတိုင်ပင်ခံ ဖြစ်သဖြင့် လက်မခံခြင်း ဖြစ်သည်။

ဖ-ဆ-ပ-လ အဖွဲ့၏တောင်းဆိုချက်မှာ အာဏာမဲ့ အတိုင်ပင်ခံမဟုတ်၊ အာဏာလက်ရှိ ဝန်ကြီးချုပ်ဖြစ်ကြ၍ ကိုယ်စီကိုယ်ငှ ဘုရင်ခံ အပေါ်တွင် တာဝန်ယူ၍ အလုပ် မလုပ်ရဘဲ တိုင်းပြည်အပေါ်တွင် တွဲဘက်တာဝန်(Collective Responsibility)ယူ၍ အလုပ်လုပ်ရန်ဖြစ်လေသည်။

မြန်မာပြည်သည် မြန်မာများအဘို့

ရာထူး လက်ခံကြရာ၌ သတိပြုရန် အခြေခံတရားများရှိ၏။ လွတ်လပ်သော နိုင်ငံတွင် လွတ်လပ်သောလူမျိုးတို့သည် မိမိတို့၏ အမျိုးသားအစိုးရလက်အောက်တွင်ဝင်ရောက်ရွက်ဆောင်ခြင်းသည်၊ မလွတ်လပ် သေးသော နိုင်ငံတွင် မလွတ်လပ်သေးသောလူများက နိုင်ငံခြားအစိုးရလက်အောက်၌ အမှုထမ်းခြင်းနှင့်မတူ အလွန်ကွာခြားပေသည်။ နောက်တချက်မှာလည်း မြန်မာပြည်သည် မြန်မာများအဘို့ ဆိုသဖြင့် မြန်မာပြည် အစိုးရ လက်အောက်ရှိ ရာထူး ဟူသမျှကို မြန်မာပြည်သူပြည်သားတို့သာလျှင်ရထိုက်သည် ဟူသော သဘောတရား ဖြစ်သည်။

ရာထူး နှစ်မျိုးနှစ်စား

ရာထူး ဟူသည် နှစ်မျိုး နှစ်စား ရှိ၏။ နိုင်ငံရေးနှင့်ပတ်သက်သော ရာထူးနှင့် နိုင်ငံရေးနှင့်မပတ်သက်သော ရာထူးဖြစ်သည်။ နိုင်ငံရေးနှင့်မပတ်သက်သော ရာထူးဟူသည် အောက်ဆုံးရွာသူကြီးပျာတာမှသည် အထက် ဘုရင်ခံတိုင်ဖြစ်ပေသည်။ နိုင်ငံရေးနှင့် ပတ်သက်သောရာထူးတို့မှာ ဝန်ကြီးချုပ်ရာထူးမျိုး ဖြစ်၏။ နိုင်ငံရေးနှင့်မပတ်သက်သော ရာထူး၌ အမှုထမ်းဆောင်သူသည် ဥပဒေကသတ်မှတ်ထားသော စည်းစနစ်

အတွင်းတွင်သာ အာဏာရှိ၍ အထက်က အစိုးရ အမိန့်အတိုင်း ရွက်ဆောင်ရ၏။ နိုင်ငံရေး ကိစ္စတို့တွင် ပါဝင်ရွက်ဆောင်ခြင်း မပြုရပေ။ နိုင်ငံရေးနှင့်ပတ်သက်သော ဝန်ကြီးချုပ်ကဲ့သို့သော ရာထူးမှာ အစေခံ အလုပ်မဟုတ်၊ အာဏာပိုင်ဖြစ်၍ ဥပဒေအရ သတ်မှတ်သည့်အတိုင်း အစိုးရဖြစ်ပေသည်။ ၉၁-ဌာနအုပ်ချုပ်ရေးတွင် မြန်မာပြည် အစိုးရသည် ဘုရင်ခံနှင့် ဝန်ကြီးချုပ်အဖွဲ့ ဖြစ်လေသည်။

ယခုလက်ရှိဘုရင်ခံအုပ်ချုပ်ရေးတွင် အစိုးရသည် ဘုရင်ခံသာဖြစ်၏။ အတိုင်ပင်ခံအဖွဲ့မှာ အစိုးရမဟုတ် အာဏာမရှိ။ ဘုရင်ခံ၏ အတိုင်ပင်ခံများသာဖြစ်သည်။

ရာထူးကိုလိုက်၍ ရာထူး လက်ခံသူလည်း နှစ်မျိုးနှစ်စား ရှိ၏။ သာမန် အစိုးရ အမှုထမ်းဖြစ်သော ရာထူးများမှာ နိုင်ငံရေးသမားနှင့် မသက်ဆိုင်၊ နိုင်ငံရေး မလိုက်စားသူတို့၏အလိုမျှသာရှိ၏။ နိုင်ငံရေးသမားများနှင့်သက်ဆိုင်သော ရာထူးများမှာ ဝန်ကြီးချုပ်စသော နိုင်ငံရေးရာထူးများဖြစ်၏။

စစ်ဆေးပြီးမှ လက်ခံကြစေ

နိုင်ငံရေးသမားများသည် နိုင်ငံရေး ရွက်ဆောင်ကြရာ၌ မိမိအကျိုးအတွက် မဟုတ်၊ မိမိနာမည်ကြီးဘို့ မိမိလာဘ်လာဘ ရွှင်ဘို့ မိမိပါတီ

ကောင်းစားဘို့စသောကိစ္စတို့အတွက်မဟုတ်ရ။ မိမိတိုင်းပြည် လွတ်လပ်ဘို့၊ မိမိအမျိုးသားများ လွတ်လပ် ကြီးပွါး ထွန်းကားဘို့အတွက် ဖြစ်သည်၊ ယင်းသို့ဖြစ်၍ ရာထူး တခုခုကို လက်ခံမည်ဆိုလျှင် ထိုလက်ခံမည့်ရာထူးတွင် မိမိတိုင်းပြည်အတွက်၎င်း၊ မိမိ အမျိုးသားများ အတွက်၎င်း၊ မည်မျှရွေ့ မည်မျှ ရွက်ဆောင်နိုင်သော အခွင့် အရေး အာဏာရှိသည်ကို စစ်ဆေး ပြီးမှသာ လက်ခံစမြဲဖြစ်သည်။

နိုင်ငံရေးသမားအစစ်တို့၏ထုံး

ဤသို့မဟုတ်ဘဲ တိုင်းပြည်နှင့်အမျိုးသားများ အတွက် ဘာတခုမျှ မယ်မယ်ရရမလုပ်နိုင်သည်ကို သိလျက်နှင့် ရာထူး လက်ခံသော နိုင်ငံရေး သမားသည် နိုင်ငံရေးသမားမဟုတ်၊ နိုင်ငံရေးကို ဘင်းပြု၍ ကိုယ်ကျိုး ကိုယ်စီးပွါး ကိုယ့်ပါတီ အကျိုးတို့ကိုသာ ရည်မှန်း၍ နိုင်ငံရေးကို အလွဲ သုံးစားသူသာ ဖြစ်ပေသည်။ အစစ် မိမိအမျိုး သားနှင့် မိမိတိုင်းပြည်အတွက် အကျိုးထွန်းကား အောင် ရွက်ဆောင် နိုင်မည်ဟု ယူဆ သဖြင့် လက်ခံခဲ့ရာ၊ လုပ်၍ကြည့်သောအခါ ထင်သည့် အတိုင်းမဟုတ်၊ ဘာတခုမျှ မဖြစ်မြောက်သည်ကို တွေ့ရှိလျှင် နိုင်ငံရေးသမား အစစ် ဖြစ်က ချက်ခြင်း နုတ်ထွက်ရပေသည်။

နိုင်ငံခြားသားတို့၏ အစေခံ

ဤသို့ မနုတ်ထွက်ဘဲ အမျိုးသားနှင့် တိုင်းပြည် အတွက် အကျိုးမရှိမှန်းသိလျက်နှင့် ဆက်လက်၍ ရာထူးမစွန့်ဘဲ နေသူတို့မှာ နိုင်ငံရေးသမားမဟုတ်၊ နိုင်ငံကိုရောင်းစားသော နိုင်ငံခြားသားတို့၏အစေခံမျှသာဖြစ်၏။

အထက်ပါ စဉ်းစားချက်တို့ကို အခြေပြု၍ လက်ရှိနိုင်ငံရေး,စီးပွါးရေး များကို ဆက်လက် ရေးသားပါအံ့။

× × × ×

မြန်မာ့ဆန္ဒနှင့် အင်္ဂလိပ်အကြံ

(၂)

ဖ-ဆ-ပ-လ အဖွဲ့ဝင်နိုင်ငံရေးသမား များက ဘုရင်ခံ၏ အတိုင်ပင်ခံ ခေါ်သည့်အတိုင်း အာဏာလုံးဝမပါသဖြင့် အစေခံနှင့်မခြား တိုင်းပြည် ဝန်ထမ်း မဟုတ်သောကြောင့် လက်မခံကြသော်လည်း၊ ရာထူးသမားတို့က လက်ခံကြလေပြီ။

မြန်မာတို့တောင်းဆိုသော အုပ်ချုပ်ရေး

မြန်မာပြည်သူပြည်သားတို့၏ လိုအင်ဆန္ဒမှာ နိုင်ငံရေးတွင် အာဏာပိုင်လုံးဝ ကိုယ်ပိုင် အုပ်ချုပ်ရေးဖြစ်၏။ အင်္ဂလိပ် အစိုးရကမူ၊ ဒိုမီနီယန် အုပ်ချုပ်ရေးကို မြန်မာပြည်က ရယူရန် ကူညီ မည်သာဆိုထား၏။ မည်သည့်အခါ မည်သို့ ဒိုမီ

နီယန် အုပ်ချုပ်ရေးကို ရအောင် ကူညီမည်ဟု လည်း အသေအချာ ထုတ်ဖော် ပြောဆိုခြင်း မရှိပေ။ သို့ရာတွင် အလုပ်နှင့်ချိန်၍ကြည့်ကသိနိုင်၏။

ဖ-ဆ-ပ-လ က ဒင်ပြည့် ကျပ်ပြည့် လုံးဝ အာဏာပိုင် ကိုယ်ပိုင် အုပ်ချုပ်ရေး အတွက် အသက် ၁၈-နှစ်ကို မူတည်၍ တိုင်းပြု ပြည်ပြု လွှတ်တော် ရွေးကောက်ပြီး နောက် မိမိ ကံကြမ္မာကို မိမိ ဘာသာဖန်တီးသောစံနစ်အရ မြန်မာပြည်သူ ပြည်သားများ၊ အကြိုက် မြန်မာပြည်သူ ပြည်သားတို့က ရေးဆွဲသော မြန်မာ အုပ်ချုပ်ရေးကို တောင်းဆို၏။

အင်္ဂလိပ်တို့အကြံ

အင်္ဂလိပ် အစိုးရကမူ၊ ဤတောင်းဆိုချက်ကို မသိလေဟန်နှင့် စက္ကူဖြူ စာတမ်းကိုသာလျှင် ထပ်မနားပြောလျက်ရှိ၏။ ၎င်းစက္ကူဖြူ စာတမ်း၏ သဘောမှာ မြန်မာပြည်ကို ယခုအခါ အာဏာရှင်စံနစ်အရ ပုဒ်မ ၁၃၉ နှင့် အညီ ဘုရင်ခံ ထင်သည့် အုပ်ချုပ်ပြီးနောက်၊ ရွေးကောက်ပွဲကို ၁၉၃၅ ခုနှစ် မြန်မာ နိုင်ငံတော် အုပ်ချုပ်ရေး အရ၊ ကျင်းပပြီးလျှင် ၉၁ ဌာန အုပ်ချုပ်ရေးကို ပြန်၍ ကောက်မည်။ ထို နောက်မှ ထိုဖွဲ့စည်းသော ဥပဒေပြုအဖွဲ့က မြန်မာပြည် အနာဂတ် အုပ်ချုပ်ရေးကို စဉ်းစားဆုံးဖြတ်မည်။ အင်္ဂလိပ် အစိုးရက သဘောတူညီလျှင်သာ အုပ်ချုပ်ရေး အသက်ရမည်ဟု ဆိုသဖြင့် မြန်မာပြည်ကို မြန်မာကြိုက် မြန်မာအုပ်ချုပ်ရေးကိုမပေး၊ အင်္ဂလိပ်

ကြိုက် အင်္ဂလိပ်အုပ်ချုပ်ရေးပေးရန်ကြံစည်ခြင်း ဖြစ်လေသည်။

မြန်မာပြည့်စီးပွါးနှင့် တိုင်းသူပြည်သားတို့အခြေ

စီးပွါးရေးဘက်ကကြည့်ပြန်လျှင် မြန်မာပြည်တွင် အလုပ်ကြီး အကိုင်ကြီး ဟူသမျှသည် စစ်မဖြစ်မီက မြန်မာပြည်သူပြည်သားတို့ လက်တွင် မရှိ။ အုပ်စိုးသောအစိုးရမှာ အမျိုးသား အစိုးရ မဟုတ်သဖြင့် အုပ်ချုပ်သော စံနစ်သည် တိုင်းရင်းသားများ အတွက်ဟူ၍ မစီမံရကား မြန်မာပြည်သူ ပြည်သားတို့မှာ မိမိနေရင်းဌာန၌ ဧည့်သည်ပမာ ထင်းခွေ ရေခပ် နေ၍သာလျှင်ရှိကြပေသည်။ စစ်ကြီးဖြစ်စလောက်က မြန်မာပြည် သစ်တောကြီးများကိုလုပ်ခွင့်ပေးထားသော စာချုပ်နှစ်သည် ကုန်ဆုံးပြီဖြစ်၍ သစ်တော လုပ်ငန်းကို ပြန်လည်စီမံသောအခါ မြန်မာပြည်သူ ပြည်သားတို့ ကျွန်းသစ် အလုပ်တွင် ပါဝင်နိုင်ရန် စီမံလိမ့်မည်ဟု မျှော်လင့်ခဲ့၏။ အခြားအလုပ်ကြီး အကိုင်ကြီး တို့မှာလည်း စစ်ဒဏ်ကြောင့် ပျက်စီး ကြရာ ပြန်လည် ထူထောင်သော အခါ မြန်မာပြည်သူ ပြည်သားများ လက်သို့ ရောက်လာလိမ့်မည်ဟု မျှော်လင့်ခဲ့ကြ၏။

ယခုဘုရင်ခံ အုပ်ချုပ်ရေးအရ၊ စီမံကိန်းများဆွဲ၍ စီမံ

ကိန်းများဖွင့်၍ လုပ်နေသည်ကို ကြည့်သောအခါ မြန်မာပြည်သူ ပြည်သားများဝင်ခွင့်မရ၊ ရှေးစစ် မဖြစ်မီက လုပ်နေကြသော ကုမ္ပဏီကြီးများနှင့် အခြားနိုင်ငံခြားသားများ လက်သိပ် ထိုးလုပ်ကြီး အကိုင်ကြီးများ ပြန်လည် ရောက်ရှိရန် အမျိုးမျိုး ချုပ်ချယ်ခြင်း တို့ဖြင့် စီမံ ဖန်တီးနေသည်ကိုသာ လျှင် တွေ့ရပေသည်။

အခြားလူမျိုးများအတွက်

အချုပ်မှာ စီးပွားရေးဘက်တွင် မြန်မာပြည်သည် မြန်မာပြည်သူပြည်သားများအတွက် ဖြစ်ရန် မြန်မာပြည်ကလိုလား၏။ လက်ရှိ အခြေမှာ မြန်မာ ပြည်သူ ပြည်သားတို့မှာ ထင်းခွေ ရေခပ် အနေတွင်ပင် ရှိ၍၊ မြန်မာပြည်သည် မြန်မာပြည်သူပြည်သားအတွက် မဟုတ် အခြား လူများအတွက် ဖြစ်လျက်ရှိပေသည်။

ဤကဲ့သို့ နိုင်ငံရေးတွင်၎င်း၊ စီးပွား ရေးတွင်၎င်း၊ မြန်မာပြည်သူပြည်သားတို့၏ ဆန္ဒနှင့် အင်္ဂလိပ်အစိုးရ စီမံပုံမှာ ဗီလာ ဖြစ်လျက်ရှိနေရာ၊ ပညာရေး၊ ကျန်းမာရေးစသော အခြား ကြီးပွားရေးတို့တွင် မည်သို့ ရှိပါသနည်းဟု စစ်ဆေးကြည့်ပြန်လျှင် မြန်မာပြည်၏ဆန္ဒနှင့် စီမံပုံတို့မှာ ကွာခြားလျက် ရှိသည်ကိုပင် တွေ့ရ ပြန်လေသည်။

မည်သူက ခေါင်းရွက်မည်နည်း

ယင်းသို့ ဖြစ်လျက်ရှိရာ မြန်မာပြည်သူ ပြည်

သားတို့အကြိုက်ဖြစ်အောင် မည်သို့ ဆောင်ရွက်ကြမည်နည်း။ မြန်မာ ပြည်သူ ပြည်သားတို့၏ လိုအင်ဆန္ဒနှင့် အညီဖြစ်အောင် မည်သူက ရွက်ဆောင်မည်နည်း၊ ‘ဥက္ကာရင်လို-ဥက္ကာရင်ခဲရမည်’ ဟူသည်နှင့်အညီ မြန်မာပြည်သူပြည်သားတို့ပင် လျှင် လိုရာခရီး ရောက်အောင် စွမ်းဆောင်ကြပေလိမ့်မည်။ လုပ်ငန်းကို အသေးစိတ်မစဉ်းစားမီ ထိုရင်းအချက်များကို ပဌမ စဉ်းစားရန် လိုပေသည်။

× × × ×

ပါတီနှင့် လွတ်လပ်ရေး
(၃)

မြန်မာပြည်သူပြည်သားတို့၏ အဓိကလိုလားချက်တို့မှာ နိုင်ငံရေးတွင်ဒင်ပြည့်-ကုံပြည့် အာဏာပိုင် အုပ်ချုပ်ရေး ရရန်၎င်း၊ စီးပွားရေးတွင် မြန်မာပြည်၏ အရေး ကြီးသော အလုပ်အကိုင် ဟူသမျှသည် မြန်မာပြည်သူ ပြည်သား တို့လက်တွင်ရှိရန်၎င်း၊ ပညာရေး ကျန်းမာရေး စသော ကြီးပွားရေး လုပ်ငန်းတို့တွင် မြန်မာပြည်သူပြည်သားများ တိုးတက်ထွန်းကားရန်၎င်းဖြစ်၍၊ မြန်မာပြည်နှင့် မြန်မာပြည်သူ ပြည်သားတို့၏ တာဝန်သက်သက်ဖြစ်သဖြင့် မြန်မာပြည်သူ ပြည်သားတို့ပင်လျှင် ဆိုင်ရာ ဆိုင်ရာနေ၍တစည်းတရုံး

တညီတညွတ်တည်း ရွက်ဆောင် ကြရပေမည်။ ဤသို့လိုရာရောက်ရှိရန် အတိတ်ကာလကမည်သို့ ရွက်ဆောင်ခဲ့ကြ၍ ယခု ပစ္စုပ္ပန်တွင် မည်သို့ ရွက်ဆောင်နေကြပြီး နောက်ရှေ့အနာဂတ်ကာလ တွင် မည်သို့ရွက်ဆောင်ကြမည်ကို စဉ်းစားရန် လိုပေသည်။

အတိတ်ကာလကရင်း၊ ယခုပစ္စုပ္ပန်တွင်ရင်း၊ တိုင်းပြည်လွတ်လပ်ရေး အမျိုးသားတို့လွတ်လပ် ရေးတို့အတွက် အသင်းအပင်း ပါတီအဖွဲ့များ ဖွဲ့စည်း ရွက်ဆောင်လာခဲ့ကြ၍ ယခုလည်းရွက် ဆောင်လျက်ပင်ရှိကြ၏။ သို့ရာတွင် လိုသလောက် ခရီးမရောက်ခဲ့ကြသည်မှာ လူတိုင်း အသိပင်ဖြစ် ပေသည်။

အပြစ်ရှာနေရန်အခါမဟုတ်

လိုရာခရီးသို့ မှန်းခြေမပေါက်သဖြင့် အချို့က မြန်မာပြည်နိုင်ငံရေးသည် ဇာတ်မျော၍ နေပြီဟု ပင်ပြောဆိုကြ၏။ ကမ္ဘာစစ်ကြီး ပြီး၍ တိုင်းငယ် ပြည်ငယ်အများ လွတ်လပ်ရေးရသော တိုင်းပြည် ကရ၊ မရသေးသော တိုင်းပြည်ကလည်းမရ၊ ရ အောင် တိုးတက်၍ ကြိုးစား သဖြင့် ရလုနီးပါး တိုင်းပြည်လည်းရှိနေရာ၊ မြန်မာပြည်၏ လွတ်လပ် ရေးတိုက်ပွဲမှာ မြန်စေချင်သလောက်မြန်စွာမတိုး တက်သဖြင့် မြန်မာပြည်နိုင်ငံရေး ဇာတ်မျောနေ

သည်ဟု ပြောဆိုသူတို့ အပေါ်တွင် အပြစ်ဆိုရန် မရှိပေ။

သို့ရာတွင် ချက်ခြင်းမရသဖြင့် စိတ်ပျက်၍နေရန်မဟုတ်၊ လိုရာခရီးမရောက်သဖြင့် မည်သူမည်ဝါ၏အပြစ် စသဖြင့်အပြစ် ရှာ၍နေရန်မဟုတ်၊ မရ–ရအောင်သာ စည်းလုံး ညီညွတ်စွာ ရွက်ဆောင်ကြရန်ရှိပေသည်။

ဤကဲ့သို့ စည်းလုံး ညီညွတ်စွာလွတ်လပ်ရေး ပန်းတိုင်သို့ လျင်မြန်စွာ ရောက်ရှိရေးတွင် ခရီး မတွင်သည်မှာ အဘယ်ကြောင့်နည်းဟု စဉ်းစား သော် ယခုအခါ ပါတီဖွဲ့၍ ကိုယ့်ပါတီကိုယ့်ဝါဒ ဖြင့် ရွက်ဆောင် နေသူတို့ သတိမမူ ကြသောအ ချက်များကိုတွေ့ရပေမည်။

မလွတ်လပ်သော တိုင်းပြည်နှင့်ပါတီ

နိုင်ငံလွတ်လပ်ရေး တိုင်းသူပြည်သား လွတ် လပ်ရေးတို့တွင် လွတ်လပ်ပြီးသော တိုင်းပြည် များ၌ ဝါဒအလျောက်ပါတီများဖွဲ့၍ ရွက်ဆောင် ကြသည်နှင့် မလွတ်လပ်သေးသော တိုင်းပြည် များတွင် ဝါဒအလျောက် ပါတီများဖွဲ့၍ ရွက် ဆောင်ခြင်းမှာ အလွန် ကွာခြား၏။ လွတ်လပ် သောတိုင်းပြည်များ၌ပါတီဖွဲ့၍ရွက်ဆောင်ကြရာ တွင် မိမိတို့ပါတီ၏ ဝါဒနှင့်အညီ တိုင်းပြည်နှင့် အမျိုးသားများ တိုးတက် ထွန်းကားရန် ဖြစ်ပေ သည်။

မလွတ်လပ်သေးသော တိုင်းပြည် များတွင် နိမိတ်နှစ်ပြက်ရာ ဝါဒထက် တိုင်းပြည်နှင့်လူမျိုး လွတ်လပ်ရန် ကိစ္စမှာ ထူးကဲ အရေးကြီးရကား၊ လွတ်လပ်ရန် လုပ်ငန်း သာလျှင် အဓိက ဖြစ်၏။ လွတ်လပ်၍ အာဏာပိုင် အခြေ ရောက်ရှိမှ သာလျှင် နိမိတ်နှစ်ပြက်ရာဝါဒအရ စီမံနိုင်ခွင့်ရှိ၏။

ရည်ရွယ်ချက်တခြား အလုပ်တခြား

အာဏာကိုမိမိလက်တွင်းသို့ရောက်ရှိအောင် (ဝါ)လွတ်လပ်ရေးရရှိအောင်မလုပ်ဘဲ မိမိဝါဒ-မိမိပါတီ တိုးတက်မှု ကိုသာ လုံးပမ်းလျှင် တိုင်းပြည်နှင့် လူမျိုးလည်း မလွတ်လပ်၊မိမိနှစ်ခြိုက်သော ဝါဒလည်းမကြီးပွါး၊ အချင်းချင်း စကားများ၍ ညီညွတ်ရေးပျက်ပြားရုံသာလျှင် ရှိပေသည်။

ယင်းသို့ဖြစ်၍ မလွတ်လပ်သေးသောကျွန်နိုင်ငံများတွင် လွတ်လပ်ရေး ရရန် ဝါဒကာရမှထွဲ၍အခြားဝါဒ အမျိုးမျိုးဖြင့် ပါတီ ဖွဲ့ပြီးနောက် ရွက်ဆောင် နေကြခြင်းသည် ရည်ရွယ်ချက် တခြား အလုပ်တခြားဖြစ်ပြီးလျှင် သခင်ဖြစ်လိုသည်ဟု အော်နေပြီးနောက် ကျွန်ဘဝ တွင်ပင် တည်စေရန်ဖြစ်၏။ ဤစဉ်းစားချက်တို့ကို ထောက်၍ လွတ်လပ်ရေး တိုက်ပွဲတွင် ပဓာန အရေးအကြီးဆုံး၊ အလိုဆုံး၊အဓိကအဖြစ်ဆုံး အချက်မှာ ပါတီကြီးပွါးရန် လုပ်ငန်းဝါဒပြန့်ပွါးရန် လုပ်ငန်းတို့ကို ရပ်ဆိုင်းထား ပြီးနောက် ဖ-ဆ-ပ-လ အဖွဲ့သည် လွတ်လပ်ရေး တပ်ဦး ဖြစ်သည်နှင့် လျော်ညီစွာ

ဖ-ဆ-ပ-လ အမည်ဖြင့် အစစ အရာရာတွင် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် လွတ်လပ်ရေးရရန် တခုထည်း ကိုသာ ရွက်ဆောင်သင့်ပေသည်။

ဖ-ဆ-ပ-လ နှင့် လူထုအင်အား

ဖ-ဆ-ပ-လ တဖွဲ့ထည်း လွတ်လပ်ရေးရရန် တဝါဒတည်းထား၍လုပ်ငန်းကို စဉ်းစားရန်ရှိ၏။ သို့ရာတွင် ရာထူး မက်သူ-စီးပွါးရေး အတွက် မပါနိုင်သူ လူချင်း မသင့် သဖြင့် မဝင် လိုသူ စသည်တို့ ရှိဦးမည်ဖြစ်ရာ၊ တပြည်လုံး ညီညွတ်ရေးမှာ ဖြစ်နိုင်မည် မဟုတ်ပေ။ တပြည်လုံး မညီညွတ်သော်လည်း ယခုညီညွတ်ပြီးဖ-ဆ-ပ-လ အဖွဲ့နှင့် ထောက်ခံချက်ရှိသောလူထုအားသည် အလွန်ပင် ကြီးမားလျက်ရှိရာ ရရှိပြီး အားဖြင့်ပင် လွတ်လပ်ရေး လုပ်ငန်းကို လုပ်ရန်သာ ရှိသဖြင့် လုပ်ငန်းကိုစဉ်းစားကြပါစို့။

× × × ×

လွတ်လပ်ရေးစီမံကိန်း

(၄)

မြန်မာပြည်နှင့် မြန်မာပြည်သူ ပြည်သားတို့ နိုင်ငံရေး, စီးပွါးရေး တို့တွင် လွတ်လပ်ရန်မည်

သို့ စီမံကြမည်နည်းဟု စဉ်းစားလျှင် နိုင်ငံရေးနှင့် စီးပွါးရေးကို တခြားစီ စဉ်းစားရပေမည်။

ဤသို့ စဉ်းစားရာတွင် ပဌမ အခြေခံ တရားတခုကို သတိချပ်စေလိုရာ၏။ ၎င်းတရားသဘောမှာ မည်သည့် ပစ္စည်း ဝတ္ထုမဆို အသုံး ဝင်သမျှကာလပတ်လုံး အသုံးဝင်သူတို့အတွက် ထိုပစ္စည်းဝတ္ထုသည် တန်ဘိုးရှိ၏။ တန်ဘိုး ရှိသမျှကာလပတ်လုံး ထိုပစ္စည်းကို မလွှတ် အရဆုပ်၍ထားမည်။ အသုံးမဝင်သောအခါ တန်ဘိုးမရှိတော့ပြီဖြစ်မှသာ ထိုပစ္စည်းကို စွန့်လွှတ်ပေမည်။

အဖက်ဖက်က အသုံးဝင်နေသော မြန်မာပြည်

ဤတရား သဘောဖြင့် မြန်မာပြည်နှင့် မြန်မာပြည်သူ ပြည်သားတို့ကို နိုင်ငံခြား မျက်စေ့နှင့် ကြည့်သော် မြန်မာ ပြည်တွင် အသုံး ဝင်သော သဘာဝပစ္စည်းအမျိုးမျိုးထွက်၍၊ လိုသလောက် ရအောင် မြန်မာပြည်သူ ပြည်သားတို့က ပါဝင်လုပ်ကိုင် ပေး၏။ နိုင်ငံခြားမှ ပစ္စည်း အမျိုးမျိုးကိုလည်း မြန်မာပြည်သူ ပြည်သားတို့က ဝယ်ယူသုံးဆောင်ကြ၏။

ယင်းသို့ဖြစ်၍ မြန်မာပြည်ထွက် ပစ္စည်းများကို သော်၎င်း၊ မြန်မာပြည်တွင် ရောင်းရန်ပစ္စည်းများကိုသော်၎င်း အုပ်ချုပ် စီမံခွင့် ရရှိထားသော အင်္ဂလိပ် အစိုးရသည် မိမိတို့အတွက်

အလွန်ပင် အသုံးဝင်သော တိုင်းပြည် လူမျိုး ဖြစ်နေရကား၊ မြန်မာပြည်ကို မည်သည့်အခါမှ လက်လွှတ်ရန် လိုလားမည် မဟုတ်ပေ။

လက်လွှတ်လိုသလော

ယခုနည်း စစ်အတွက် အရေး အရာအတွက်တွင်လည်း မြန်မာပြည်နှင့် အခြားအင်္ဂလိပ်ပိုင်နယ်များ၏ အနေကိုကြည့်လျှင် မြန်မာပြည်သည် အရေးကြီးသော အချက်အချာနေရာ တခု ဖြစ်၍နေပြန်သဖြင့် လက်လွှတ်ရန်မှာ မလွယ်ကူပေ။ ယင်းသို့ဖြစ်၍ မြန်မာပြည်ကို မြန်မာ ပြည်သားတို့ လက်ဝယ်သို့ပြန်သည် ရောက်ရှိရန်မှာ အကြမ်းစနစ်ဖြင့် အရယူနိုင်လျှင်ယူ၊ သို့မဟုတ်က မြန်မာပြည်ကို မြန်မာပြည်သားတွင်သာ အသုံးဝင်၍ နိုင်ငံခြားသားတို့အတွက် အသုံးမဝင်ရန် ကြံဖန်စီမံကြရပေလိမ့်မည်။

အကြမ်းစံနစ်မှာ စဉ်းစားရန်မလို။ အကြမ်းစံနစ်ဖြင့် ထမြောက် စေကာမူ၊ အရှည်ကိုကြည့်လျှင် ကောင်းသောစံနစ် မဟုတ်။ ပဌမ အများသေကြေ ပျက်စီး၍ နောက်တွင်လည်း မေတ္တာတရားပျက်ပြားသော စံနစ်ဖြစ်ပေမည်။ အနုနည်းဖြင့်သာလျှင် ရွက်ဆောင်မှ အရှည်ကောင်း၏။

အမှန်ကိုသိရန်

ပဌမ နိုင်ငံရေး ဘက်တွင် မည်သို့ ဝတင်စီမံသောနည်းဖြင့်ဖြစ်နိုင်သနည်းဟု စဉ်းစားလျှင် ယခုအခါ ဖ-ဆ-ပ-လ အဖွဲ့

ချုပ်သည့်လွတ်လပ်ရေး တစ်ဦး အစစ် ဖြစ်ပြီးလျှင် မြန်မာပြည်
လူထု၏ ညီညွတ်စွာ ထောက်ခံခြင်းကို ရချက်ရှိ၏။

အစိုးရဘက်နှင့် အစိုးရနှင့် ပူပေါင်း အကျိုး ဖြစ်ထွန်းသူ တို့ကမူ ထက်စေ မှတ်၍ ၎င်းအခြေကို ဝန်ခံကြပေ။ အမှန်ကို သိရန်မှာ ရွေးကောက် ပွဲကြီးကျင်းပမှသာလျှင် ဖြစ်မည်။ သို့ရာတွင် ရွေးကောက် ပွဲကို အချိန် ဆွဲ၍ ကျင်းပလျှင် ဖ-ဆ-ပ-လ အား ပျက်မည် ထင်၍ ယခုတိုင် ရွေးကောက်ပွဲ ကျင်းပရန် ထိထိ ရောက်ရောက် မစီမံသေးပေ။

ယင်းသို့ဖြစ်၍ မြန်မာပြည်တွင် တိုင်းပြည်၏ စိတ်နေ စိတ်ထား အစစ် အမှန်ကို သိ၍ နိုင်ငံရေး အလုပ်ကို ထိထိ ရောက်ရောက် ဖြစ်မြောက် နိုင်ရန် အတွက် အောက်ပါ အတိုင်း စီမံရန် အကြံ ပေးလို၏။

စီမံသင့်သည့်အချက်များ

(၁) ဖ-ဆ-ပ-လ အဖွဲ့ချုပ်က တာဝန်ယူ၍ မြန်မာအပြည်လုံးတွင် ၁၈-နှစ်အရွယ်ရောက်သူ (ကျား)(မ) တိုင်း ပါအောင် ဆန္ဒမဲ ခံရန်ကိုလုပ်ရမည်။

(၂) ထို့နောက် အချိန်ကန့်သတ်ပေး၍ မြန်မာ ပြည်တွင် ဂိုဏ်း-ဂဏ-ပါတီ-ဝါဒ မရွေး၊ သတ်မှတ် သော အနယ်နယ် အတွက် ကိုယ်စားလှယ်များရွေးကောက်ရမည်။

(၃) ရွေးကောက် လိုက်သော ကိုယ်စားလှယ် များသည် ပါတီ မြှင့်ရန် ဝါဒ မြှင့်ရန် မဟုတ်၊ မြန်မာပြည် လွတ်လပ်ရေး အတွက် သက်သက် ဖြစ်သဖြင့် အရွေး ခံရသူများ ထဲမှ အလုပ်

နှင့်အတော်ဆုံးလူ ၉-ယောက်က ၁၅-ယောက်ထိ အမှုဆောင် ခန့်ရမည်။

ယင်းသို့စီမံလျှင်

အထက်ပါ အတိုင်း စီမံလျှင် တိုင်းပြည်၏ စိတ်ရင်း သဘောရင်း အမှန်ကို သိပြီးရသည့် ပြင် ၎င်းကဲ့သို့သော အဖွဲ့က ပြောသော အသံ သည် တိုင်းပြည်၏ အသံမဟုတ် ဟု မည်သူမှ ငြင်းနိုင်မည် မဟုတ်ပေ။ အဆိုပါ အဖွဲ့မျိုး ဖြစ်မြောက်လျှင် နောက်ဆုံး၌ ထိုအဖွဲ့က မြန်မာပြည် သည် သဘော နိုင်ငံ ဖြစ်ပြီဟု ကြေညာ လျှင်လည်း ကမ္ဘာကပင် လေးစား ရမည့် အခြေသို့ ရောက်ရှိပေလိမ့်မည်။ ဖွဲ့စည်း ပြီးသော အခါ-နိုင်ငံရေး လုပ်ငန်းနှင့် စီးပွါးရေး ဘက်တွင် စီမံရန် တို့ကို တခြား စဉ်းစားမည် ဖြစ်ကြောင်း။

× × × ×

စီးပွါးရေး စီမံကိန်း

(၅)

လွတ်လပ်ရေး ကြိုးပမ်းချက်၌ ထာဝစဉ်တွေ့ရှိရသော ရန်မှာ အပြင်ရန် အတွင်းရန်ဟူ၍ ၂ မျိုး ၂ စားဖြစ်ပေသည်။

(၁) အပြင် ရန်မှာ မြန်မာ ပြည်သားတို့ လိုလားသော လွတ်လပ်ရေးကို ပြန်မပေး လိုသဖြင့် ပရိယာယ် အမျိုးမျိုးနှင့်

သိမ်းပိုက် ထားသူများနှင့်၊ ၎င်းတို့ကို ကူပံ့ နေသူများ၊ ဖြစ်ပေသည်။ (၂) အတွင်းရန်မှာအခြားမဟုတ် မြန်မာပြည်သူပြည်သားများ မညီညွတ်မှု အချင်းချင်း ဂုဏ်ပြိုင်မှု၊ အချင်းချင်း ဖိနှိပ်မှု၊ အချင်းချင်း ဗိုလ်လုမှု၊ အာဏာရရှိမှုစိတ်တိုင်းကျ စီမံနိုင်သောဝါဒများကို စွဲလမ်း၍အချိန်ကုန် အငြင်းအခုံဖြစ်နေမှုစသောအချက်တို့ပင် ဖြစ်ပေသည်။

ပြည်သူပြည်သားတို့တာဝန်

ဤသို့ညီညွတ်စည်းလုံးခြင်းမရှိသဖြင့် အပြင်ရန်သူသည် အတွင်းသို့ဝင်နိုင်၏၊ ဝင်၍ အမျိုးမျိုး ချယ်လှယ် ဖန်တီးလျက်ရှိ၏။ မြန်မာပြည်သူပြည်သားများ၏ ခံတပ်မှာမြို့များနှင့် ကျေးရွာများ ဖြစ်ရာ မြို့များမှာ နေသူတို့ လက်သို့ လုံးဝ ရောက်သလောက်ရှိချေပြီ၊ ကျေးရွာများမှာ ပင်အတော်အတန် ဝင်လျက်ရှိ၏။ မြို့များမှာကျေးရွာကိုသာမှီ၍ ကြီးပွားနိုင်သဖြင့် ယခု လက်ရှိအခြေမှာ မြန်မာပြည်သူ ပြည်သားတို့၏ ခံတပ်သည် ကျေးရွာများသာလျှင် ဖြစ်ပေတော့သည်။

ကျန်ရှိသေးသော မြန်မာပြည်သူ ပြည်သားတို့၏ခံတပ်လုံခြုံရေး၊ ခိုင်ခံ့ရေး၊ တည်တံ့ရေးတို့မှာ အလွန်အလွန် အရေးကြီးပေသည်။ ဤကဲ့သို့ လုံခြုံခိုင်ခံ့ တည်တံ့ရန်မှာ တစ်တွင်း၊ မြန်မာပြည်သူ ပြည်သားတို့အပေါ်တွင် တည်ရှိ၏။

အရေးကြီးသော အချက် ၃-ချက်

လောကဋ္ဌ ဖြစ်ဖြစ်သမျှ [illegible] အသက်ရှိကြ

သော သတ္တဝါ များသည် နေ့ရောညဉ့်ပါ လုံးပမ်းနေကြသည်မှာ အရေးကြီးသော အချက် ၃-ချက် အတွက်ဖြစ်ပေသည်။ ၎င်းတို့မှာ (၁) အစားအစာ၊ (၂) နေရေထိုင်ခင်းနှင့်၊ (၃) အဝတ် အတွက်ဖြစ်ပေသည်။ ၎င်း ၃-ချက်မှာ မရှိမပြီးပေ။ ဤ ၃-ချက် ပြည့်စုံပါလျှင် အခြားကိစ္စ အဝဝ တို့သည် သာယာ ပြေပြစ်၍သာ ရှိလေသည်။ ရွာများသည် မြန်မာပြည်သူ ပြည်သားတို့၏ လက်ရှိ ခံတပ်များ ဖြစ်၍ ရွာသူ ရွာသားတို့အတွက် အချက် ၃-ချက် ပြည့်စုံရန်မှာ အလွန်အလွန် အရေးကြီးပေသည်။ ဤသို့ဖြစ်မြောက်အောင် မည်သို့စီမံမည်နည်း။

ကျေးရွာတိုင်းတွင်

ဤကိစ္စနှင့် ပတ်သက်၍၊ ၁၉၂၀ ပြည့်နှစ် ဘိလပ်တွင် မြန်မာပြည် နိုင်ငံအတွက် သွားနေရစဉ် ဘိလပ်မှနေ၍ သူရိယသတင်းစာတွင် အကြံဉာဏ်များရေးသားပေးပို့ခဲ့ဘူး၏။ ၎င်းအကြံဉာဏ်ပေးချက် များကိုပင် ယခုထပ်မံ၍ ပေးပို့၏။ ထိုစဉ်အခါက ပေးသောအကြံဉာဏ်တို့မှာ၊ အောက်ပါအတိုင်းပင်တည်း။

ရွာတိုင်း ရွာတိုင်း တွင် ဘုန်းတော်ကြီးကျောင်း ၁။ စာသင်ကျောင်း ၁။ စာဘတ် ရုံ ၁။ သမဝါယမ အသင်း ၁။ အိမ်တိုင်း ယက်ကန်း

စဉ် ၁။ အိမ်တိုင်း ဟင်းသီး ဟင်းရွက် စိုက်ပျိုးရမည်။

အထက်ပါ အစီ အစဉ်၏ ရည်ရွယ် ချက်မှာ ဘုန်းတော်ကြီး ကျောင်းဖြင့် ရွာသူ ရွာသားများ၏ အကျင့် စာရိတ္တ ကောင်းခြင်း ညီညွတ် သင့်မြတ်ခြင်း စသည်တို့ ဖြစ်ရန် ဖြစ်သည်။

စာသင်ကျောင်းဖြင့် တရွာလုံး စာဖတ်တတ် ရေးတတ် အနည်းဆုံး ဖြစ်ရန် ဖြစ်သည်။

ရွာတစ်လုံးရန်

စာဖတ်ရုံဖြင့် ရွာသူ ရွာသားများ၏ ဗဟုသုတ အသိဉာဏ် ခေတ်မှီတို့ ဖြစ်သည်။ အိမ်တိုင်း အိမ်တိုင်း တွင် အရပ် ဒေသကို လိုက်၍ အိမ်သုံး အတွက် စားသုံး နိုင်သည့် ဒန့်ဒလွန်၊ သရက်၊ ယပ်ပိုး၊ မာလကာ၊ ထြော၊ ငှက်ပျော စသော အသီး အပင်များ၊ ချဉ်ပေါင်၊ ကင်ပွန်းချဉ် ပဲအမျိုးမျိုးနှင့် အခြား ဟင်းရွက် ဟင်းသီး ပင်များ၊ ကြက်သွန်၊ ချင်း၊ နနွင်း စသော အပင်များ စသည်တို့ကို စိုက်ပျိုး ကြလျှင် ဟင်းလျာ အတွက် အတော်ပင် လုံလောက်ပေလိမ့်မည်။ ထိုသို့ စိုက်ပျိုးကြလျှင် အိမ်တိုင်းစားတော့ရန်၊ ပိုနေသော အသီး အရွက်တို့ ရှိလာလျှင် အပို အလျှံများကို ရွာ၌ သမ ဝါယမ အသင်းက ကြိုသို့ရင်း၊ သင့် တော်ရော၍ရင်း၊ ရောင်းချ ပေးရမည်။ ထို့မှတပါး

ရွာတွင် အသုံး ရှိသော ပစ္စည်း များကိုလည်း သမ ဝါယမအသင်း က ပင် ဝယ်၍ ပေးရ မည်။ ရွာတွင်း သို့ အပြင် ပက လာ၍ ရောင်း ခြင်း ဝယ်ခြင်း တို့ကို သမ ဝါယမ အသင်းနှင့် သာ ဆက်ဆံ စေလျှင် ရွာ ပိသည်--လို့၍ လာပေ လိမ့်မည်။

အထက်ပါနည်း အတိုင်း ရွာများမှ တဆင့် မြို့နယ်-မြို့နယ်မှ တဆင့် ခရိုင်-ခရိုင်မှ တဆင့် တပြည်လုံး အသ စီမံကိန်းများ ပြုရပေမည်။ ဤသို့ ဖြစ်မြောက် လာသော အခါ မြန်မာပြည် အတက်ကုန် ငင်တို့ တွင်ပင် နိုင်ငံ ခြားနှင့် ဆက်သွယ်နိုင်လေသည်။

သခင်အခြေနှင့် သခင်ဘဝသို့

ရွာများတွင် စည်းလုံး ညီညွတ် ကြ၍ အ ဖြင်လူ အဝင် မခံသည့် အတိုင်း ရွာများရွာ ပါ ဝင်သည့် မြို့နယ် လုံခြုံ လာလိမ့်မည်။ ၎င်းမှ တ ဆင့် ခရိုင်—ခရိုင်မှ တဆင့် တပြည်လုံး ဖြစ် မြောက်၍ အထက်ပါ အတိုင်း မြန်မာ ပြည်သူ ပြည်သား တို့၏ စီးပွါးရေး—ကုန်သွယ်ရေး-လုံခြုံ ရေးတို့သည် မြန်မာ ပြည်သူ ပြည်သား တို့ လက်တွင်းသို့ ပြန်၍ ရောက်ရှိသော အခါ၊ အ ခြား လူများအတွက် ခန္ဓာရှိတော့ချေ။

မြန်မာပြည်သည် အသိုးတန် တိုင်းပြည် ဖြစ်ရာ၊ မြန်မာ

များသည်လည်း အထက်က အသုံးကျခဲ့ သော်လည်း၊ အထက်ပါ အခြေသို့ ရောက်ရှိသော မြန်မာပြည်နှင့် မြန်မာ ပြည်သူ ပြည်သားတို့မှာ အပြင် အပက လူများအဘို့ အသုံးမကျသဖြင့် အဘိုး မတန်တော့ပေ။ ထိုအခါ ကျလျှင် မြန်မာ ပြည်သည် 'မြန်မာ ပြည်သူ ပြည်သားတို့ အဘို့' ဆိုသော စကားသည် အဓိပ္ပါယ် ပေါ်လာ၍၊ မြန်မာ ပြည်သည်၊ သခင်အခြေ—သခင် အဝသို့ လွယ်ကူစွာနှင့် ရှိလိမ့်မည် ဖြစ်သတည်း။

× × × ×

လွတ်လပ်ရေးနှင့်လက်လွတ်ရေး

(၆)

မြန်မာပြည်ကို ဂျပန်တို့ ၃ နှစ် ၇ လ ရှိအောင် လွှမ်းမိုးနေခိုက် ၁၉၄၃ ခုနှစ်တွင် မြန်မာပြည်သည် လွတ်လပ်သော တိုင်းပြည်ဟု ကြေညာလျက် ဒေါက်တာဘမော်ကို အဓိပတိခန့်၍ မြန်မာပြည် သားဝန်ကြီးများ၊ မြန်မာပြည်သား လွှတ်တော် အမတ်များ ခန့်ကာ တခမ်းတနား စီမံ၍ ဂျပန်တို့ က မျက်လှည့်ပြခဲ့ရာ မြန်မာ ပြည်သည် အဟုတ် တကယ် လွတ်လပ်ပြီဟု ထင်သူက ထင်၊ ဝမ်း သာသူက ဝမ်းသာကြ၏။

"လွတ်လပ်ပြီ" ဟူသော သီချင်း များလည်း ပေါ်၍လာ၏။ "လွတ်လပ်ပြီ""လွတ်လပ်ပြီ"ဟု သီဆိုကြတိုင်း,သီဆိုကြတိုင်း ရန်ကုန် မြို့စီပယ် အထူးအရာရှိကြီး ဦးဖိုးညွန့်က "လက်လွတ်ပြီ"

"လက်လွတ်ပြီ" ဟု လက်ကိုမြှောက်ခါ မြှောက် ခါ အော်သည်ဟု ပြောပြသည်ကို ကြားခဲ့ရ၏။

နွားဖါးကြီး တန်းလန်းနှင့် နိုင်ငံရေး

ဂျပန်ပေးသော လွတ်လပ်ရေးမှာ လွတ်လပ် ရေးအစစ်အမှန်မဟုတ်၊ အတုအယောင်ပြ နွားဖါး ကြီးတန်းလန်းနှင့်ဂျပန်ချယ်လှယ်ခြင်းကိုသာခံရ၍ ဂျပန်အကြိုက် ဂျပန့် အကျိုးကိုသာ လုပ်ရသော လွတ်လပ်ရေး ဖြစ်သဖြင့် အစစ အရာရာတွင် မြန် မာပြည်သားတို့မှာ လွတ်လပ်ခြင်းမရှိ လက်လွတ် ခြင်းသာဖြစ်သည်ကို တစတစ တွေ့ရှိ သွားကြ ရလေသည်။ လွတ်လပ်သော မြန်မာပြည်ဟု ကြေ ညာသော်လည်း နိုင်ငံရေးတွင် ဂျပန်ကို လွန်၍ မသွားနိုင်၊ ဂျပန်၏ ချုပ်ချယ်ခြင်းကိုသာ ခံစား ရ၏။

လက်ဝါးကြီးအုပ်ထားသည့် စီးပွါးရေး

စီးပွါးရေးတွင် ကြည့်ပြန်လျှင် အလုပ်ကြီးအ ကိုင်ကြီးဟူသမျှတွင် သစ်လုပ်ငန်းအဖွဲ့၊ ဝါလုပ် ငန်းအဖွဲ့၊ ဆန်လုပ်ငန်း အဖွဲ့ စ၍ အဖွဲ့မျိုးစုံ ဖွဲ့ပြီး နောက် ဂျပန်ကုမ္ပဏီများက ထားသော ဈေးဖြင့် မြန်မာပြည်ထွက်ပစ္စည်းများကိုဂျပန်တဦးတည်း လက်ဝါးကြီးအုပ်ခါ ယူလေသည်။

ဤကဲ့သို့ နိုင်ငံရေးစီးပွါးရေးတွင် ဂျပန်၏ လုံး

ချယ်လှယ်ခြင်းခံနေရရာ ရရှိသော လွတ်လပ်ရေး၏ အရသာမှာ၊ (၁) ဂျပန်က ခေါ်ချင်သွား၊ (၂) တောင်းချင်ပေး၊ (၃) ခိုင်းချင် လုပ်သာဖြစ်လေတော့သည်။

အခွင့်ကောင်းရလျှင်ရခြင်း

ယင်းအခြေသို့ ရောက်ရှိခဲ့ရာ မြန်မာပြည်သူ ပြည်သားတို့မှာ စိတ်အပျက်ကြီး ပျက်၍ အားမတန် မာန်ကို လျှော့ကာ အခွင့်ကောင်း အခါ ကောင်းကိုသာ စောင့်ဆိုင်း ခဲ့ကြရ ပေသည်။ စောင့်ဆိုင်း သည့်အတိုင်း အခွင့်ကောင်း အခါ ကောင်းပေါ်သည်နှင့် တပြိုင်နက် ဂျပန်ကို တွန်းလှန်လိုက်သည်မှာ လူသိ၊ နတ်သိ၊ ကမ္ဘာက အသိပင်ဖြစ်ပေ၏။

အထင်နှင့်အမြင် ကွာနေပြီ

ဂျပန်ရန်ငြိမ်း၍ အင်္ဂလိပ် အစိုးရ မြန်မာပြည်သို့ ပြန်၍ ရောက်လာပြန်ရာ မည်သို့ အခြေ အနေ ထူးပါ သနည်းဟု စစ်ဆေး ကြည့်လိုက်သော် မြော်လင့်ချက်နှင့် ဖြစ်ပျက် နေပုံမှာ အဝင်နှင့် အစီစီလောက် ကွာခြားလျက်ရှိပေသည်။

အာဏာရှင်စံနစ်(ဝါ)ဖက်ဆစ်စံနစ်

နိုင်ငံရေးတွင် မြန်မာပြည်သူ ပြည်သားတို့၏ ဆန္ဒမှာ အာဏာပိုင် ဒင်ပြည့်-ကျင်ပြည့် လုံးဝ ကိုယ်ပိုင် အုပ်ချုပ်ရေးဖြစ်၏။ အင်္ဂလိပ်အစိုးရက

စက္ကူဖြူ စာတမ်း အရ၊ အာဏာရှင် စံနစ် (ဝါ) ဖက်ဆစ် စံနစ်ဖြင့် ပါရအုပ်ချုပ်၏။

အင်္ဂလိပ်ကြိုက် လွတ်လပ်ရေး

နောင် လွတ်လပ်ရေး ပေးမည် ဆို၏။ ပေးမည်ဆိုသော လွတ်လပ် ရေးမှာ မြန်မာတို့ လိုလားသော လွတ်လပ်ရေးမျိုး မဟုတ်။ အင်္ဂလိပ်ကြိုက် အင်္ဂလိပ်တို့၏ စက်ကွင်းမှ မလွတ်ကင်းသော လွတ်လပ် ရေးမျိုးမျှ ဖြစ်၏။

တဦးထည်းပိုင်စီးပွါးရေး

စီးပွါးရေးတွင် ကြည့်ပြန်လျှင် ဂျပန် စံနစ်နှင့် မထူးခြားပေ။ ပရိုဂျက်ခေါ် စီမံကိန်း များဖြင့် မြန်မာပြည်ကို အင်္ဂလိပ်က တဦးထည်း ပိုင် ချုပ်ချယ်ရန်ပင် ဖြစ်လေသည်။ ဂျပန် ခေတ်မှာ ကဲ့သို့ ပါးရိုက်-နားရိုက်- နေပူလှမ်း-လက်သဲခွါ၊ မသက်သာနည်းဖြင့် သတ်၊ ခွေးတပ်ဆွဲ၊ ခေါင်းတပ် ဆွဲစသော ကိစ္စမျိုးကား ထင်ထင်ပေါ်ပေါ် မရှိ ဖြစ်ပေသည်။

ဂျပန်ငွေစက္ကူကိစ္စ

သို့ရာတွင် ဂျပန် ငွေစက္ကူကို တန်ဖိုး မရှိဟု အမိန့် ထုတ်ခြင်းဖြင့် ညည်းတွင်းခြင်း မြန်မာ ပြည်သူ ပြည်သား အများမှာ လူမွဲဘဝသို့ သက်ဆင်းကြရ၍ ကူလီ အလုပ်ကို မလုပ် မနေရ

သော အခြေသို့ ဆိုက်ရောက် ကြသဖြင့် ချွေး တပ်ဆွဲ သည့်နှင့် မခြား လှုတော့ပေ။ စီမံကိန်း အမျိုးမျိုးဖြင့် မြန်မာ ပြည်၏ စီးပွါး ရေးကို ချုတ်ချယ် ထားသဖြင့်၊ မြန်မာ ပြည်သား တို့မှာ ငွေဝင် ဘက်မှ အလွန်ပင် ခက်ခဲလျက် ရှိပေ သည်။

ရေလဲသုံးနေသော ကာကွယ်ရေးဥပဒေ

အုပ်ချုပ်ရေး တွင်လည်း စစ်အတွင်းက ဖြစ် ပျက် ခဲ့သော အမှု များနှင့် ပတ်သက်၍ အပြစ် ဒဏ်များကို အပြစ်မှ လွတ်ရန် မစီမံ၊ ကာကွယ် ရေး ဥပဒေကို ရေလဲ အမျိုးမျိုး ဖြင့် သုံး၍ အရေး ပါကြီး ဥပဒေ များဖြင့် အုပ်ချုပ်ရာ၊ တိုင်း သူ ပြည်သား တို့မှာ အလွန်ပင် စိတ် မချမ်းသာစရာ ဖြစ်၍ နေကြရလေသည်။

အင်္ဂလိပ်အစိုးရပြန်အရောက်တွင်

ဤသည်တို့ကို ထောက်၍ အင်္ဂလိပ်အစိုးရ ပြန်အရောက် တွင် လွတ်လပ်ရေး မဟုတ်၊ လက်လွတ်ရေး သာလျှင် ရှိကာ၊ ခံစား နေကြ ရသော အချက်တို့မှာ အစိုးရက (၁) ခေါ်လျှင် သွား (၂) တောင်းလျှင်ပေး (၃) နိုင်းလျှင်လုပ် (၄) လုပ် လျှင်ခံ ဖြစ်နေပေသည်။

ဟိုတုံးကဆိုလျှင် တော်သေးရဲ့

ဂျပန်ကြီးစိုးစဉ်က မြန်မာပြည်သို့ ပေးသော လွတ်လပ် ရေးသည်၊ အစစ် အမှန် မဟုတ်၊

အတု အပ အရောင်ပြ ဖြစ်၍၊ ဂျပန် ထားရာ ကြိုး ဆွဲရာ ကရသော အခြေ ဖြစ် သဖြင့် နွားဖါးကြိုး တန်းလန်းနှင့် အုပ်ချုပ်ရေး ဆိုသော် လည်း ကောင်းသော အချက်များ ပါရှိပေသေး၏၊ ၎င်း အချက်တို့ကို စဉ်းစားလျှင် အချို့မှာ အောက်ပါ အတိုင်း တွေ့ရှိရပေလိမ့်မည်။

(၁) တပြည်လုံးကို အုပ်စိုးရသူ (အဓိပတိ) သည် မြန်မာပြည်သား ဖြစ်ခြင်း။

(၂) အစိုးရ အဖွဲ့ဝင်များသည် မြန်မာပြည် သား များပင် ဖြစ်ခြင်း။

(၃) ဥပဒေပြု လွှတ်တော်ဝင်များမှာလည်း နိုင်ငံခြားသား မပါ၊ တိုင်းရင်း သားများ ဖြစ်ခြင်း။

(၄) အစိုးရ-ရာထူး ဌာနနှင့် ရုံး၌ ပြည်သူ ပြည်သား လက်ဝယ် ရှိခြင်း။

(၅) စီးပွါးရေးတွင် ဂျပန်တို့ လက်ဝါးကြီး အုပ်ထား သော်လည်း၊ မြန်မာ ပြည်သူ ပြည်သား တို့ ဝမ်းရေး မကျပ်တည်းခြင်း၊

(၆) မြန်မာ ပြည်က လွတ်လပ်သော တိုင်း ပြည် အနေနှင့် နိုင်ငံခြားသို့ သံတမန် စသည်တို့ ကို လွှတ်နိုင်ခြင်း။

(၇) ဂျာမနီ၊ အီတလီ၊ ရူမေးနီးယား၊ ယိုး ဒယား၊ ဂျပန် စသော လွတ်လပ်သော တိုင်းပြည် များက မြန်မာ ပြည်ကို လွတ်လပ်သော တိုင်း

ပြည်ဟု အသိပြုကြ၍ ကမ္ဘာ့ နိုင်ငံပေါင်း ဆိုင်ရာ အခြေ(International States)ရခြင်း။

(ဂ) မြန်မာ စာသည် အစိုးရ သုံးစာ သက်သက်ဖြစ်ခြင်း။

(ဃ) ရှမ်းပြည်၊ ကရင်နီနယ်၊ ချင်းတောင်၊ ကချင်တောင် စသည်တို့ကို မြန်မာ ပြည်မှ မခွဲဘဲ၊ မြန်မာပြည်တွင်းသို့ သွတ်သွင်း၍ တလုံးတစည်းတည်း ဖြစ်စေခြင်း။

ပြန်ကျရသောကျွန်ဘဝတွင်

အထက်ပါ ထူးခြား ချက်များ အပြင်၊ အခြား အချက် များလည်း ရှိပေ လိမ့်မည်။ ဂျပန် လက်အောက်ခံ မလွတ်လပ် သော မြန်မာ ပြည်တွင် အထက်ပါ ခံစား ခွင့်များ ရှိခဲ့၏။ ယခု အင်္ဂလိပ် လက်အောက်ခံ ကျွန်ဘဝသို့ တဖန် ပြန်ရသည် သက်ဆင်း လျက် ရှိသော မြန်မာ ပြည်တွင် အထက်ပါ ခံစား ခွင့်များ လုံးဝ ပပျောက် ကုန်ပေပြီ။ နောင် ပေးမည့် ဆိုသည့် လွတ်လပ် သော မြန်မာ ပြည်တွင် ဤကဲ့သို့ သော အခွင့်အရေး မျိုး ရ,မရ ကြိုတင်ပြော၍မလွယ်ကူပေ။

လွတ်လပ်ရေးအစစ်အမှန်

အမှန်မှာ လွတ်လပ်ရေး အစစ် အမှန်ဟူသည် သူများ ပေး မှုရသော အရာမျိုး မဟုတ်။ မိမိကိုယ်တိုင် မရ မနေ အသေ

ခံရန်လိုက အသေခံ၍ လုပ်မှရသော အရာမျိုး ဖြစ်ပေ သည်။ သူများ နှာခေါင်း ဖြင့် အသက်ရှူ၍ အသက် မရှင်နိုင်၊ မိမိကိုယ်ပိုင် နှာခေါင်းနှင့် အသက်ရှူမှသာ အသက် ရှင်နိုင်သည်။ ယင်းသို့ဖြစ်၍ လွတ်လပ်ရေး ရရန်အတွက် အရေးအကြီးဆုံး အချက် တချက်မှာ လွတ်လပ်ရေး ရရန် ပြင်းထန် တည်တံ့သော စိတ်ကောင်း စိတ်မြတ်ကို မွေးမြူ ရပေ လိမ့်မည်။ မည်သို့ မွေးမြူကြမည်နည်း။

× × × ×

လွတ်လပ်ရေးစိတ်

(၁)

“လွတ်လပ်ရေး” ဟူသော စကားသည် အလွန်ပင်ခေတ်စားလျက်ရှိ၏။ တကမ္ဘာလုံးအနှံ့ အပြားတွင် လွတ်လပ်ရေး လုပ်ငန်းသည် ပြန့်နှံ့လျက်ရှိ၏။ တိုးတက်နေသော ကမ္ဘာကြီးအတွင်း ရှိ မြန်မာပြည်သည်လည်း လွတ်လပ်ရေးဂယက် အဖက်ဖက်မှ ရိုက်လျက် ရှိရကား၊ လက်ရှိ အောက်ကျ-နောက်ကျအခြေတွင်တည်မြဲနေနိုင် မည် မဟုတ်သည့်အလျောက်၊ မြန်မာ ပြည်သားတို့လည်း လွတ်လပ်ရေး ရလိုကြ၏။ ရလိုသော စိတ်ဖြစ်ပေါ်လျက်ရှိကြ၏။ ဖြစ်ပေါ်သည့်အတိုင်း လည်း အားတက် သရော ရွက်ဆောင် ကြပေ သည်။

ပေါ်ပင်သဘောမဟုတ်

သို့ရာတွင် လွတ်လပ်ရေးစိတ် ဖြစ်ပေါ်၍လာသည်ဆိုရာ၌ ခဏ္ဍခဏ ပေါ်ပင်သဘော ဖြစ်ပေါ်၍ လာသလော၊ သို့မဟုတ် တကယ်ပင် လိုချင်သဖြင့် ဖြစ်ပေါ်၍ လာသလောဟု စစ်ကြောလျှင်၊ မြန်မာပြည်သားတို့မှာ ရှေးအဆက်ဆက်ကာလက ကိုယ်ပိုင်-ကိုယ်ချင်းအခြေ သခင် အခြေတွင် နေခဲ့ဘူးသူတို့ဖြစ်သဖြင့် လွတ်လပ်ရေးရ၍ သခင်အခြေသို့ပြန်လည်ရောက်ရှိရန်လိုလားခြင်းသည်ကား ခဏ္ဍခဏမဟုတ်၊ အစဉ်ထာဝရဖြစ်သဖြင့် ဓမ္မတာပင်ဖြစ်ပေမည်။

လွတ်လပ်ရေးပစ္စည်း

လွတ်လပ်ရေးမှာသည် တခြားသူထံမှ တောင်း၍ရသော၊ ငှါး၍ရသော၊ ဝယ်၍ရသော ပစ္စည်းမျိုး မဟုတ်။ ရအောင်လုပ်ယူရသောပစ္စည်းမျိုးဖြစ်သဖြင့် လိုချင်ရုံမျှဖြင့် မရနိုင်ချေ။ မရ—ရအောင်လုပ်မှသာလျှင်ရမည်ဖြစ်၏။

မရ—ရအောင်

သို့ရာတွင် မရ—ရအောင် လုပ်ရန်မှာ ပဌမ ဆန္ဒအလိုရှိရ၏။ ဒုတိယ စိတ္တ—လိုချင်သောစိတ်ရှိရ၏။ တတိယ ဝီရိယ—လိုချင်သောစိတ်ကိုဇွဲ—နပဲဖြင့်အားထုတ်ရ၏။ စတုတ္ထ ဝီမံသ—လိုချင်သောစိတ်ကို အားထုတ်ရာ၌ ဆင်ခြင်တုံတရားကို သုံးသပ်ရပေသည်။ ဤကဲ့သို့ တကယ် လိုချင်သောစိတ်ဆန္ဒနှင့် ပြည့်စုံ၍ မရမနေ သေသည်အထိ နောက်မဆုတ်လုပ်ကြရမည်။

တဦးကောင်းလုပ်၍မရ

ထိုသို့ လုပ်ကြရာ၌လည်း တဦးကောင်း တယောက်ကောင်း လုပ်၍ လျှင်မြန်စွာ ထမြောက် အောင်မြင်မည်မဟုတ်။ လွတ်လပ်ရေးကို အမှန် တကယ်လိုလားသူတို့ ရပေါင်း၍ ညီညွတ်စည်းလုံးစွာ ရွက်ဆောင်ရပေမည်။ ကျွန်ဘဝမှ နေရသည်ထက် သေရသည်က မြတ်သည် ဟူ၍၎င်း နတ်ပြည်တွင်ကျွန်ခံနေရခြင်းထက် ငရဲပြည်တွင် မင်းမူရသည်က ကောင်းသည် ဟူ၍၎င်း၊ ပြောဆို နေကြသူတို့သည် အပြော လောက်နှင့်သာ တင်းတိမ်၍မနေကြဘဲ၊ အလုပ်လောကသို့ကူးပြောင်း ရွက်ဆောင်ရပေလိမ့်မည်။

လွတ်လပ်ရေးလုပ်ငန်း

လွတ်လပ်ရေးလုပ်ငန်းကိုစဉ်းစားလျှင် အမြင်အားဖြင့်အတော်ပင် ကျယ်ဝန်းပေသည်။ အချုပ်အားဖြင့် အကြမ်းနည်း၊ အနုနည်းဟူ၍ နှစ်မျိုးသာလျှင် ခွဲခြားထားသင့်သည်။ အကြမ်းလမ်းကိုမူ၊ ယခုအခါ လိုလားရန် မသင့်သေးပေ။ မြန်မာပြည်အဖို့မှာလည်း ၎င်းနည်းကို လိုက်ရန် မလိုသေးဖြစ်ပေသည်။ အနုနည်း ကိုသာလျှင် အထူး

တသည် စဉ်းစားကြဘို့ ရှက်ဆောင်ကြဘို့တိုက်တွန်းအပ်ပေ၏။

အနုနည်း

အနုနည်းကိုစဉ်းစားလျှင် မြန်မာပြည်၏လက်ရှိအခြေအနေတို့ကို ပဌမ ဦးစွာစဉ်းစားရာ၏။ ယခုအခါ မြန်မာပြည်သားတို့၌ နိုင်ငံရေး၊ စီးပွါးရေး၊ ကြီးပွါးရေးတို့တွင် အခြေမလှ ဖြစ်ရခြင်းသည် မလွတ်လပ်၍ ဖြစ်နေသည်မှာ ထင်ရှား၏။ လွတ်လပ်မှုသာလျှင် အဖက်ဖက်တွင် တိုးတက်နိုင်မည်။

လွတ်လပ်ရေး ဆုံးရှုံးခြင်းရောဂါ

လွတ်လပ်ရေးဆုံးရှုံးခြင်း၏အကြောင်းရင်းတို့ကိုသိရန်လို၏။ လူတယောက်တွင် ရောဂါတမျိုးဖြင့် စွဲကပ်နေရာ ထိုရောဂါ ပျောက်ကင်းရန်အတွက် ဆေးသမားသည် ဆေးမပေးမီ ရောဂါ၏ ဇာစ်မြစ်ကို စုံစမ်းပြီးနောက်၊ ရောဂါကိုသေချာစွာသိမှသာလျှင် သင့်တော်ရာ ဆိုင်ရာ ဆေးဝါးဓာတ်စာတို့ကို ပေးနိုင်ပေသည်။ ဤသို့ ပြုမှသာလျှင် ရောဂါသည် လျင်မြန်စွာ ပျောက်ကင်း ပေလိမ့်မည်။ ထို့နည်းတူစွာ မြန်မာပြည်သူပြည်သားတို့၌ စွဲကပ်လျက်ရှိသော လွတ်လပ်ရေးဆုံးရှုံးခြင်းရောဂါကို ကုသရာတွင်ရောဂါ၏အရင်းမူလကိုသိရန်လိုပေသည်။

ရှေးရှေးတုန်းက စိတ်ထား

မြန်မာပြည်တွင် နော်ရထာမင်း လက်ထက် ဘုရင့်နောင်လက်ထက်၊ အလောင်းမင်းတရားကြီးလက်ထက်တို့တွင် မြန်မာပြည်သားများ၏ စိတ်နေ စိတ်ထား၊ သတ္တိဗျတ္တိ၊ စည်းရုံးညီညွတ်ခြင်း၊ အနစ်နာခံခြင်း၊ အမှတ်တကယ် ပရိတ်တကဲ့သို့ လေးလိုက်နာခြင်း၊ မိမိအမျိုးကို အထင်မသေး၊ မိမိအမျိုးထဲက မချီးအောင်နာခြင်း၊ အမျိုးသား၏ ဂုဏ်ကို မထိခိုက်အောင် ရှက်ဆောင်ကြခြင်း စသော အချက်များသည် အထွန်းပင် ပေါ်လွင်ပေမည်။

ရှေးရှေးတုန်းက မျိုးချစ်ပုဂ္ဂိုလ်များ

မင်းကြီးရန်နိုင်၊ ဗန္ဓုလဝန်ကြီး စသော မျိုးချစ်ပုဂ္ဂိုလ်ကြီးများ၏ပြုကျင့်ကြပုံ စိတ်ထားပုံများသည် ဖြစ်ပေါ်ခဲ့၏။

အင်္ဂလိပ်ဝင်ချိန်တွင်

မြန်မာပြည်ကို အင်္ဂလိပ်တို့ သိမ်းပိုက်သော အချိန်တွင်မူ၊ မြန်မာပြည်တွင်အဆိုပါစိတ်နေစိတ်ထားပြုမူကျင့်ကြံပုံတို့မှာ အထွန်းပင်ကွယ်ပျောက်လျက်ရှိသဖြင့်သာ မြန်မာပြည်ကို အင်္ဂလိပ်တို့က သိမ်းပိုက်နိုင်၏။ အင်္ဂလိပ် သက်အောက် ကျရောက်ပြီးနောက်၊ မြန်မာပြည်၏နိုင်ငံရေး၊ စီးပွါးရေးများမှာ မြန်မာပြည်သားတို့အား တနေ့ထက်

တနေ့ ယုတ်လျော့ခဲ့ရာ ယခုအခါ ထင်းခွေ-ရေခပ် အခြေသို့ဆိုက်ရောက်လျက်ရှိ၏။

လိုလားသော လွတ်လပ်ရေး

လက်ရှိ ဆိုးဝါးသော အခြေမှ လိုလားသော လွတ်လပ်ရေး အခြေသို့ ပြန်လည် ရောက်ရှိရန် ချက်ဆောင်ရာတွင် အကြီးအကျယ် စံနစ်များကို သာ ရှာကြံစဉ်းစားမနေဘဲ မိမိတို့ ငွေမကုန်-ပျ မပန်း ဥပဒေနှင့်ညီညွတ်လျက်၊ နေ့စဉ်နေ့တိုင်းလိုလား ၍ စိတ်သန်ကလွယ်ကူစွာဖြစ်နိုင်သော နည်းများ ကိုသာ အထူးစဉ်းစားကြပါဦး။

× × × ×

လွတ်လပ်ရေးခိုင်မြဲရေး

(၈)

လွတ်လပ်ရေး ရရန် အတွက် အနုနည်းဖြင့် ကြိုးစား ကြရာတွင် အစည်း အဝေးဖြင့် ဆုံး ဖြတ် ချက်များ ချမှတ်၍ တောင်းဆိုခြင်း၊ လူထု အင်အားပြ၍ တောင်းဆိုခြင်း၊ ကျွန်သက် ရှည် မည့် အလုပ် အကိုင် ရာထူး ဌာနဆိုင်ရာတို့တွင် မပါဝင်ခြင်း၊ နိုင်ငံခြားများဖြင့် ဆက်သွယ်ခြင်း၊ ကမ္ဘာ့ အောင် ကြွေးကြော် ခြင်း စည်းလုံး ညီညွတ်စွာ အစစ အရာရာတွင် ချက်ဆောင် ခြင်း၊ မိမိအကျိုး၊ မိမိဝါဒ၊ မိမိပါတီ အကျိုး

တို့ထက် လွတ်လပ်ရေး လုပ်ငန်း တို့တွင် ချက် ဆောင်ခြင်း စသော အချက် တို့မှာ နည်း ကောင်းများပင်ဖြစ်ပေသည်။

လွတ်လပ်ရေးတည်တံ့မှု

လွတ်လပ်ရေး ရရုံနှင့် မပြီးသေး။ ရရှိပြီး သော လွတ်လပ်ရေး တည်တံ့ခိုင်မြဲမှု မှာလည်း အလွန် အရေးကြီးပေ၏။ လွတ်လပ်ရေး ရပြီးမှ ရရှိပြီး လွတ်လပ် ရေးကို ခိုင်မြဲ တည်တံ့ရန် စီမံမည်၊ စီမံနိုင်သည်ဟု ဆိုလိုက ဆိုနိုင် ပေ သည်။ သို့ရာတွင် တရုပ်ပြည်၌ မန်ချူးဘုရင်ကို နှင်းချကာ ဒေါက်တာ ဆွန်ယက်ဆင်တို့ လူထု သမ္မတ နိုင်ငံ တည်ထောင်၍၊ ပြည်တွင်း စစ်ပွဲ အချင်းချင်း ဖြစ်ခဲ့ရာ ယခု တိုင်ပင် အေးချမ်းခြင်း မ သတ် ဖြစ်နေ ပေသည်။ ယင်းသို့ ဖြစ်၍ လွတ် လပ်ရေး ရမှုကို လုံးပမ်း ရာတွင် ရပြီး နောက် လည်း တည်တံ့ ခိုင်မြဲရန်ကို တပါတည်းစီမံနိုင် ပါက သာ၍ပင် သင့်တော်မည် ဖြစ်၏။

ချွတ်ယွင်းချက်အချို့

မြန်မာပြည် မလွတ်လပ်ရ သေးသော အကြောင်းများတွင် အင်္ဂလိပ်က ဖက်မလွှတ်ချင်သောအချက်ကြီးအပြင်မြန်မာပြည် သားတို့၏ ချွတ်ယွင်းချက် များသည် အများပင် ရှိပေ၏။ ထို ချွတ်ယွင်း ချက်များတွင် မလွတ်လပ်သဖြင့် ဖြစ်ရသော ချွတ် ယွင်း ချက်များ၊ မလွတ်လပ် သေးလည်း ကာကွယ်၍ ရသော ချွတ်ယွင်းချက်များ ဟူ၍ ခွဲခြားနိုင်၏။ ဤချွတ်ယွင်းချက်

များ အကြောင်း ပြကာ အင်္ဂလိပ် အစိုးရက မြန်မာပြည် လွတ်လပ်ရေးကို အမြန်ပေးရန် မရည်ရွယ် ဆေးဆေး လေးလေး လုပ်နေလေသည်။

သူတို့ပေးသော ဆင်ခြေ

ဥပမာ မြန်မာ ပြည်တွင် ရာဇဝတ် မှုများ အလွန် များပြားသည်။ တိုင်းပြည် မငြိမ် မသက် ရှိသည်။ ဤသို့ ဖြစ်နေ ခြင်းမှာ ရွေးကောက်ပွဲ ကျင်းပရန် ခဲယဉ်းသည်ဟု ဆို၏၊ ရာဇဝတ်မှု များ၍ တိုင်းပြည် မငြိမ် မသက် ရှိနေခြင်း ကား မှန်ပေ၏။ သို့ရာတွင် ၎င်းအချက်ကို အထောက် အထားပြု၍ ရွေးကောက်ပွဲ ကျင်းပရန် ခဲယဉ်း သော အချက် တရားဟု ဆိုခြင်း ကား မလိုလောက်၊ မဟုတ် မမှန်ပေ၊ သို့ရာတွင် ရာဇဝတ် မှု များလွန်း၍ တိုင်းပြည် မငြိမ် မသက် ရှိနေ ခြင်းကား၊ လွတ်လပ် ရေး၏ ရန်သူ ရန်ပြောင် တို့မှန်ပေသည်။

အပြင်ရန်နှင့် အတွင်းရန်

တိုင်းပြည် တပြည်တွင် လေဘက်,ရေဘက် ကုန်းဘက် အတွက် လေတပ်, ရေတပ်, ကုန်းတပ် များ ငွေ အမြောက် အမြား အကုန်ခံ၍ ထားကြရ သည်မှာ အပြင် ရန်ကို ချေ မှုန်းရန် ဖြစ်သော်လည်း အတွင်းရန် အတွက်လည်း အသုံးပြုရ လေသည်။ အကျဉ်း ထောင်များ၊ ရုံးများ၊

ပုလိပ်များ၊ အမျိုးမျိုးသော ရာဇဝတ် ဥပဒေများ ထားရှိရခြင်းမှာမူ၊ အပြင်ရန် အတွက်မဟုတ်။ ပြည်တွင်း ရာဇဝတ်မှုများအတွက်ဖြစ်၏။

ဥပဒေ သုံးပုံ သုံးနည်း

လွတ်လပ်သော နိုင်ငံများတွင် ၎င်းဌာနများ နှင့် ရာဇဝတ် ဥပဒေ များကို သုံးပုံ သုံးနည်း နှင့် မလွတ်လပ် သေးသော မြန်မာပြည် ကဲ့သို့သော တိုင်းပြည် များတွင် ထိုဌာန များနှင့် ရာဇဝတ် ဥပဒေများကို သုံးပုံ သုံးနည်းမှာ ကွာခြားလျက် ရှိ၏။

ပြည်သူ့ အကျိုးနှင့် ဆန့်ကျင်ချက်

နိုင်ငံရေးနှင့် ပတ်သက်၍ အနည်းငယ် ဖေါ်ပြ ရပါမူ၊ မြန်မာပြည်နှင့် မြန်မာပြည်သူ ပြည်သားများ လွတ်လပ်ရေး၊ စီးပွါးရေး၊ ကြီးပွါးရေး တို့တွင် ရွက်ဆောင်ရာ၌ အုပ်ချုပ်သူ အကျိုးနှင့် မြန်မာ ပြည်သူ ပြည်သား တို့၏ အကျိုး တိုက်ရိုက် ဆန့်ကျင် နေသော အချက်ပေါင်း များစွာ ရှိ၏။

အကြည့်နှစ်မျိုး

မြန်မာပြည်သား မျက်စေ့နှင့် ကြည့်မူ ထိုရွက်ဆောင်ချက် တို့မှာ မှန်မြတ်သော မျိုးချစ် အလုပ် ဟူ၍ ဆိုပေမည်။ အုပ်ချုပ် သူတို့ ဘက်ကမူ ဥပဒေကို တော်လှန် သူဟု ဆိုပေ လိမ့်မည်။ ဤစဉ်းစားချက်များကို ထောက်လျှင် မလွတ်လပ်သေး

သော မြန်မာပြည်တွင်ရှိနေသော ကုန်းတ ၊ ရေ ဘဝ်၊ လေတပ်၊ ရုံး၊ ထောင်၊ ပုလိပ်၊ ရာဇဝတ် ဥပဒေတို့သည် လွတ်လပ်ရေးလုပ်ငန်းတွင်အစဉ် သဖြင့် ကူညီမည် မဟုတ်၊ တားဆီး ဖျက်ဆီး ဘက်က များပေလိမ့်မည်။

စည်းမစောင့်မှု

ရာဇဝတ် ဥပဒေအမျိုးမျိုး၊ ရုံးများ၊ ထောင် များ၊ ပုလိပ်များဖြင့် ချယ်လှယ်နိုင်ခြင်းမှာ ရာဇ ဝတ်မှုများဖြစ်၍သာလျှင် ဖြစ်ပေသည် ရာဇဝတ် မှုများကို ကျူးလွန်သူတို့မှာ မြန်မာပြည်တွင် နေ ထိုင်သူတို့ပင်ဖြစ်၏။ ယင်းသို့ဖြစ်၍ ရာဇဝတ်ဥပ ဒေ အမျိုးမျိုးဖြင့် ချယ်လှယ် နိုင်ခြင်း၊ ရုံးများ၊ ထောင်များ၊ ပုလိပ်များဖြင့် ဖိနှိပ် နိုင်ခြင်းတို့မှာ မြန်မာပြည်သူ ပြည်သားတို့၏ စည်းမစောင့်မှု၊ ကိုယ်ကျင့်တရား ပျက်ကွက်မှုတို့ ကြောင့်သာ လျှင်ဖြစ်ပေ၏။

တရားတော်နှင့် ကြည့်လျှင်

မြန်မာပြည်သည် ဗုဒ္ဓဘာသာဝင်အများ နေ ထိုင်သော တိုင်းပြည်တပြည်ဖြစ်၍ ဗုဒ္ဓမြတ်စွာ ဘုရား၏ ဩဝါဒသည် ပြန့်နှံ့လျက် ရှိလေသည်။ ထိုပြန့်နှံ့ လျက်ရှိသော လောကီ လောကုတ္တရာ တရားရပ်တို့တွင် လူတို့ ကျင့်ဝတ်တရားများသည်

အလွန့်အလွန် ကောင်းမွန်၏။ ထိုတရားရတ်ကို ဗုဒ္ဓဘာသာဝင် မြန်မာပြည်သားများ လေးစား လိုက်နာမည်ဆိုပါလျှင် ယခု လက်ရှိ အခြေမျိုး ရှိနေမည်မဟုတ်ပေ။

ယုတ်စွာ့အဆုံး

ယုတ်စွာ့အဆုံး ပဉ္စသီလကို ခါးဝတ်ပုဆိုး ကဲ့သို့ မြဲနိုင်ပါလျှင် ယခုဖိနှိပ်နေသော ရာဇဝတ် မှု ဥပဒေအမျိုးမျိုး၊ နိုင်ငံရေးနှင့် ပတ်သက်သော ဥပဒေအမျိုးမျိုး၊ ရုံးများ၊ ထောင်များ၊ ပုလိပ်များ သည် ထားရှိရန် လိုတော့မည်မဟုတ်၊ ထားရှိရ ပါသော်လည်း အသုံးဝင်တော့မည် မဟုတ်ပေ။

ကိုယ်ကျင့်တရား

ယင်းသို့ဖြစ်၍ လွတ်လပ်ရေးလုပ်ငန်းကြီးပမ်း ကြရာတွင် ကိုယ်ကျင့်တရား ကောင်းရေးသည် လွတ်လပ်ရေး ရရန်အတွက်၎င်း၊ ရရှိပြီးနောက် ရရှိသော လွတ်လပ်ရေးတည်တံ့ရန်အတွက်၎င်း၊ အလွန့်အလွန်အရေးကြီးပေသည်။

မရှိတာထက်—မသိတာခက်

ပဉ္စသီမြဲကြလျှင် ရာဇဝတ် ဥပဒေ အမျိုးမျိုး၊ ရုံး၊ ထောင်၊ ပုလိပ်တို့မလို ဆိုသည်မှာ လူတိုင်း သိဖြစ်၍ အရေးတကြီးရေးနေရသလော၊ "ဘုန်း ကြီးစာချ-မိချောင်းမင်း ရေကင်း ဖြုရသလော"

ဟု အချို့က အပြစ်ဆိုကြောင်း ဆိုပေလိမ့်မည်။ လောကတွင်မရှိသည့်ထက်–မသိခြင်းသည်ခက်၏။ သတိမူသည့် ပိုသည်မရှိ၊ အစဉ်လိုလျက်ပင်ရှိပေသည်။ အသိခေါက်လျက် အဝင်နက်ကသာ၍ ပင်မသင့်လျော်ဖြစ်သည်။

လာမည့်ဘေးကို အဝေးကရှောင်

ယင်းသို့ဖြစ်၍ ဤအချက်ကို ဖော်ထုတ် ရေးသားရခြင်း ဆရာလုပ်လို၍ မဟုတ်၊ အမှိုက်ကစ ပြဿနာမီးမလောင်ရန် လာမည့်ဘေး အဝေးကရှောင်ရန်အတွက် သတိပေးခြင်းမျှသာဖြစ်သည်။ ပဉ္စသီလက်နက်သည် အတိအကျ မြန်မာပြည်သူပြည်သားတို့ လိုက်နာရွက်ဆောင်ကြပါက အနုမြူဗုံးထက် အဆပေါင်း များစွာ ခရီးရောက်ပေသတည်း။

× × × ×

အစိုးရစီမံကိန်းများပြဿနာ

(၉)

မြန်မာပြည်အစိုးရသည် ၁၉၄၂-ခုနှစ် မြန်မာပြည်သို့ ဂျပန်များဝင်ရောက် လာစဉ်က အိန္ဒိယသို့ဆုတ်ခွာပြီးလျှင်၃–နှစ် ၃–မိုဃ်း ဆင်းမလားမြို့တွင် နေခဲ့ရသော အချိန်၌ မြန်မာပြည်ကိုအင်္ဂလိပ်

တို့ပြန်လည်သိမ်းပိုက်ပြီးနောက် မည်သို့ မည်ပုံ စီမံအုပ်ချုပ်ရန်သင့်သည်ဟူသော ကိစ္စအဝဝကို စဉ်းစား၍ စီမံကိန်းအမျိုးမျိုးရေးဆွဲခဲ့ကြောင်း၊

မြန်မာပြည်သို့ရောက်သောအခါ

ထိုသို့ရေးဆွဲခဲ့သော စီမံကိန်းတို့မှာ ယခုအခါ မြန်မာပြည်တွင် ဘုတ်အဖွဲ့များ ဖွဲ့စည်း၍ ရွက်ဆောင်လျက် ရှိပေ၏။ သို့ရာတွင် စီမံကိန်းများသည် မည်သို့ဖြစ်သည်ကိုမူ တိုင်းပြည်သို့ ယနေ့ထိ ပွင့်ပွင့်လင်းလင်းထုတ်ဖော်၍ မပြောသေးပေ။

စီမံကိန်းအဓိပ္ပါယ်

စီမံကိန်းဟူသည်ကိစ္စတခုအတွက် ရည်သည့် ရည်ရွယ်ချက် ဖြစ်မြောက်ရန် မည်သည့်နည်းနှင့် မည်သူက-မည်ကဲ့သို့ရွက်ဆောင်ရမည်ကို ရေးဆွဲထားခြင်းဖြစ်သည်။ ထိုစီမံကိန်းများ အတွက် ယခုခန့်ထားသော ဘုတ်အဖွဲ့တို့မှာ စီမံကိန်း မဟုတ်ပေ။ စီမံကိန်းများ ဖြစ်မြောက်အောင် ရွက်ဆောင်ရမည့်အဖွဲ့များဖြစ်ပေသည်။

ရေးဆွဲပုံ

စီမံကိန်းတခု ရေးဆွဲရာ၌ သတိပြုအပ်သော အချက်ကြီး ၄-ချက်ရှိ၏။ ဥပမာ မြန်မာပြည်ကို ပြန်လည် ပြုပြင် ထူထောင်ရန် စီမံကိန်းရေးဆွဲလျှင်……

(၁) မြန်မာပြည်ကို မည်သည့် အခြေသို့ ရောက်အောင် ရည်ရွယ်သည်။

(၂) ၎င်းရည်ရွယ်ချက် ဖြစ်မြောက်အောင် မည်သူက ရွက်ဆောင်မည်။

(၃) မည်သည့် နည်းစံနစ်ဖြင့် ရွက်ဆောင်မည်။

(၄) မည်သူ့ အကျိုးအတွက် ရွက်ဆောင်မည်တို့ဖြစ်လေသည်။

လက်ရှိစီမံကိန်း

ယခုအစိုးရကရေးဆွဲထားသော သစ်စီမံကိန်း၊ ဆန်စီမံကိန်း၊ ဝါဂွမ်း၊ ရော်ဘာ၊ နှမ်း၊ မြေပဲ စသော ပစ္စည်းများ စီမံကိန်း၊ သယ်ယူပို့ဆောင်ရေးစီမံကိန်း၊ ရေကြောင်းခရီးစီမံကိန်း၊ လျှပ်စစ်ဓာတ်အား စီမံကိန်း၊ ထွက်ကုန် ဝင်ကုန်စီမံကိန်း၊ ကုန်စည်ဖြန့်ဖြူးရေးစီမံကိန်း အားဖြင့် ရှိသည်ဟု သိရ၏။ ၎င်းစီမံကိန်းများ၏ ရည်ရွယ်ချက်၊ ရွက်ဆောင်မည့်သူ၊ နည်းစံနစ်၊ မည်သူ့အကျိုးဆိုသောအချက်တို့ကို စစ်ဆေးကြည့်ရန်လို၏။ သို့ရာတွင် ရည်ရွယ်ချက်ကို အတိအလင်း အစိုးရအဖက်မှထုတ်ဖော်၍မပြောပေ။ ဘုတ်အဖွဲ့များ ဖွဲ့စည်းပုံကိုကြည့်လျှင်မူ အထူးစိတ်ချမ်းသာစရာပင်ဖြစ်ပေသည်။

ကြားနေကျ စကား ၃–ခု

မြန်မာပြည်သို့ ဂျပန်တို့လက်နက်ချပြီးနောက် အင်္ဂလိပ်အစိုးရ ပြန်လည် ရောက်ရှိသောအချိန်မှ စ၍ အများကြားနေရသော စကား ၃ ခုမှာ—

၁။ ရီလီ (ဖ) (Relief)၊ လောလော ဆယ် ထောက်ပံ့ရေး။

၂။ ရီဟဲဘီလီတေးရှင်း (Rehabilitation) မူလ အခြေရောက် ပြန်လည် ထူထောင်ပေးခြင်း။

၃။ ရီကွန်စတြက်ရှင်း (Reconstruction) ပြန်လည် ပြုပြင်ထူထောင်ခြင်း

တို့ဖြစ်ရာ အဆိုပါ စကားများသည် အလွန်ပင်မတူကြပေ။ လောလောဆယ် ထောက်ပံ့ရေးမှာ၊ အဝတ်အစားတို့ကို ပေးကမ်းခြင်းမျိုး ဖြစ်၍၊ မူလ အခြေရောက် ပြန်လည်ထူထောင်ပေးခြင်းမှာ၊ ယခုအစိုးရကပရိုဂျက် (Project) ခေါ် စီမံကိန်းအမျိုးမျိုးဖြင့် လုပ်နေခြင်းပင်ဖြစ်သည်။ ပြန်လည်ပြုပြင်ထူထောင်ရေးမှာ၊ မြန်မာပြည်သူ ပြည်သားတို့၏ လိုလားချက်ဖြစ်လေသည်။

သူတို့စီမံကိန်း

ပြန်လည်ပြုပြင်ထူထောင်ရေးနှင့် မူလ အခြေရောက် ပြန်လည်ထူထောင်ရေးတို့မှာ အလွန်ပင်ကွာခြား၏။ ယခုအစိုးရ လုပ်နေသော မူလအခြေရောက် ပြန်လည် ထူထောင်ခြင်းမှာ အခြားမဟုတ်။ စစ်ကြီးမဖြစ်မီက မြန်မာပြည်တွင်ရှိသော စီးပွါးရေး နိုင်ငံရေးအရ၊ မြန်မာပြည်တွင် နေရာကျနေကြသော ကုမ္ပဏီကြီးများ၊ အရင်းရှင်ကြီးများမှာ စစ်အတွင်းတွင် ဆုံးပါးပျက်စီးကြသဖြင့် ၎င်းတို့အားစစ်မဖြစ်မီက ရှိသော အခြေသို့ပြန်လည်ရရှိရန် စီမံခြင်းတို့သာဖြစ်၍ မြန်မာပြည်သားတို့

အဘို့ဆိုလျှင်၊ မြန်မာပြည်သားတို့မှာ စစ်မဖြစ်မီက ထင်းခွေ ရေခပ်အခြေတွင် ရှိသဖြင့် ယခုအစိုးရ လုပ်ပုံမှာ မြန်မာပြည်သားတို့ကို ထင်းခွေရေခပ်အခြေသို့ ပြန်၍ပို့ခြင်းပင် ဖြစ်လျက် ရှိပေသည်။

မြန်မာ့ဆန္ဒ

မြန်မာပြည်သားတို့ လိုလားသော ပြန်လည် ပြုပြင်ထူထောင်ရေးမှာ၊ စစ်မဖြစ်မီက မြန်မာပြည်သူပြည်သားတို့၏ နိုင်ငံရေး၊ စီးပွါးရေး၊ ကြီးပွါးရေးတို့၌ အောက်ကျ နောက်ကျ အခြေတွင်ရှိရေ မှာ၊ ယခုစစ်ကြီးပြီးသည့်နောက် ကမ္ဘာသစ်ကြီးတွင် မြန်မာပြည်သစ် ထူထောင်၍ မြန်မာပြည်သားတို့သည် နိုင်ငံရေး၌ လုံးဝကိုယ်ပိုင်အုပ်ချုပ် ရေး၊ စီးပွါးရေးတွင် မြန်မာပြည်သားတို့ လက် သို့ရောက်ရှိရေး၊ ကြီးပွါးရေးတွင် ကမ္ဘာနှင့်ရင် ဘောင်တန်းရောက်ရှိရေးတို့ဖြစ်သည်။

အချုပ်မှာ မြန်မာပြည်သားတို့၏ မြန်မာပြည်ကို သခင် နိုင်ငံ၊ မြန်မာပြည်သားတို့ကို သခင်အခြေသို့ ရောက်ရှိရန်ဖြစ် ပေသည်။

သို့ရာတွင်

မြန်မာပြည်သားများ၏ အလိုနှင့် အစိုးရစီမံ ကိန်းတို့မှာ အလွန်ဆန့်ကျင်ဘက်လ ဖြစ်လျက် ရှိ ကား မည်သို့ ရှက်ခေါင်ကြမည်နည်း။ ခန့်ထား သော အတိုင်ပင်ခံ အဖွဲ့ မှာလည်း အာဏာမဲ့ အ ကြီးမရှိ ဉာဏ်ရှေ့ရှိသကဲ့သို့ပင် တွေ့ရှိရ၏။ မြန်မာ

ပြည်သားများသည် ငြိမ်းချမ်းရေးကို လိုလားသည့်အလျောက် ဆူပူခြင်းတို့ကိုမပြု၊ စည်းကမ်းတကျ အင်အားပြခြင်းတို့ကိုသာလျှင် ပြုနေသဖြင့် အာဏာပိုင်တို့က မြန်မာပြည်အစိုးရစီမံချက်များကို ကျေနပ်နေသည်ဟု အထင်မှားလျက် ရှိပေသည်။ အစိုးရကတကယ်ကောင်းမည်သို့ပင် ကြံစည်သော်လည်း အင်္ဂလိပ်စကားပုံတခုက ‘‘လူကြီးအများကဆုံးဖြတ်’’သည် ဆိုသည့် အတိုင်း ကြံစည်တိုင်းဖြစ်မြောက်မည်မဟုတ်ပေ၊

အလုပ်သမားလူထု

ယခုအခါ မြန်မာပြည်တွင် အလုပ်သမား များသည် လွန်စွာ နိုးကြားစည်းလုံးညီညွတ်လျက် ရှိနေကြ၏။ မည်သည့် စီမံကိန်းမဆို နောက်ဆုံး၌ အလုပ်သမား မပါက မဖြစ်နိုင်။ အလုပ်သမားတို့ ပါဝင် လုပ်ကိုင် ကြမှ သာလျှင် ဖြစ်မြောက် အောင်မြင်နိုင် ရကား အဆိုပါ မြန်မာပြည်ကို လက်ဝါးကြီး အုပ်၍ မြန်မာများကို ထင်းခွေ ရေခပ် အခြေတွင် ထားရန် စီမံချက် ဟူသမျှသည် အလုပ်သမားတို့ မလိုလားမနှစ်မြို့သော အချိန်တွင် အလွယ်တကူနှင့် ပျက်စီးမည်မှာ မလွဲဖြစ်ပေသည်။

× × × ×

ဝေဘန်ပိုင်းခြားရေး

(၁၀)

ဝေဘန်ပိုင်းခြား ပြောဆို ရေးသားခြင်းသည် ယခုအခါ အလွန်ပင် အရေးကြီး၍ လာပေပြီ။

ဝေဘန် ရာ၌ ၂-မျိုး ရှိ၏။ ၎င်းတို့မှာ အပြစ်ကိုပြ၍ပယ်ရုံမဟုတ်၊ အပြစ်ရှာရုံမဟုတ်၊ အကျိုးဖြစ်အောင် အကြံဉာဏ်ပေး၍ ဝေဘန်ခြင်း၊အင်္ဂလိပ်စကားမှာ Constructive Criticism (ကွန်စထရပ်ထစ်-ကရိတိစစ်ဇင်း)။ အပြစ်ကိုသာရှာ၍ အကျိုးပျက်အောင် ဝေဘန်ခြင်း၊ အင်္ဂလိပ်စကားမှာ Destructive Criticism (ဒိစထရပ်တစ်-ကရိတိစစ်ဇင်း)ဖြစ်လေသည်။ တနည်းအားဖြင့် ပုဂ္ဂလာဓိဋ္ဌာန်(Personal)နှင့်ဓမ္မာဓိဋ္ဌာန်(Impersonal)အားဖြင့် ဝေဘန်ခြင်းတို့ ဖြစ်လေသည်။

လိုက်နာနေကြသောနည်းများ

ကမ္ဘာတခု ဝေဘန်ရာ၌ လိုက်နာကြသော နည်းများတွင် အကြမ်းအားဖြင့် ၄-နည်းရှိ၏။ ၎င်းတို့ကား—

(၁) သူတော်ကောင်းနည်း။
(၂) လူလိမ်နည်း။
(၃) ငါးစိမ်းသည်နည်း။
(၄) လူ့ဗာလနည်း။

သူတော်ကောင်းနည်း

ပဌမနည်းမှာ ကဗျာတခုကို ဝေဘန်ရာတွင် ၎င်းကဗျာနှင့်ပတ်သက်၍ မိမိကြိုက်နှစ်သက်ရာကို အကျိုးသင့် အကြောင်းခံ သက်သေသာဓကပြ၍ ပြောဟော ရေးသားသော နည်းဖြစ်၍ ပညာရှိသူတော်ကောင်းတို့ လိုက်နာသောနည်းပင် ဖြစ်ပေသည်။

လူလိမ်နည်း

ဒုတိယ နည်းမှာ မိမိ ကြိုက်နှစ်သက်ရာကို ထင်ပေါ်အောင် အကျိုးသင့်အကြောင်းခံ သက်သေသာဓကဖြင့် မပြနိုင်သည့် ဝေဘန်သောကဗျာကို ဓမ္မာဓိဋ္ဌာန်မှ ပုဂ္ဂလာဓိဋ္ဌာန်သို့ လွှဲပြောင်းသော လှည့်စားလိမ်လည်သောနည်းဖြစ်၏။

ငါးစိမ်းသည်နည်း

တတိယ နည်းမှာ မိမိ ကြိုက်နှစ်သက်ရာသို့ ရောက်အောင် အကျိုးသင့်အကြောင်းခံဖြင့် ပြောခြင်းငှါလည်းမစွမ်း၊ အရှုံးလည်း မပေးချင်သဖြင့် ဝေဘန်သော ကဗျာမှ လွတ်၍ ဗလာ ဆဲခြင်း ဖြစ်သော ငါးစိမ်းသည်နည်းဖြစ်ပေသည်။

လူ့ဗာလနည်း

စတုတ္ထ နည်းမှာ မိမိ ကြိုက်နှစ်သက်ရာသို့ ရောက်အောင် အကျိုးသင့် အကြောင်းခံနှင့် မပြနိုင်၊ ဓမ္မမှ ပုဂ္ဂလသို့လည်း လှည့်၍မပြနိုင်၊ ဗလာ ဆဲရေးရန်လည်း မတတ်၊အရှုံးလည်း မပေးလို၊ ဒေါသဖြစ်၍ လက်ရုံးအားကိုး လုပ်သော လူ့ဗာလနည်းဖြစ်ပေသည်။

ဥပမာပြရလျှင်

ဤ ၄-မျိုး ထင်ပေါ်စေရန် ဝတ္ထုပုံစံတခုကို စဉ်းစားကြည့်ရာ၏။ ဥပမာ မီးခြစ်တလုံးကို

ဝေဘန်၍ ကြည့်နိုင်၏။ မီးခြစ်ကို ဝေဘန်ရာ၌ ဘဘက်က မီးခြစ်သည် ကောင်းသည်၊ တဘက်က မီးခြစ်သည် မကောင်းဟု ၂-ဘက် အငြင်းဖြစ်အံ့။ ကောင်းသည်ဟုသော ဘက်က မီးခြစ်သည် မီးအတွက် အသုံးဝင်သည်၊ တန်ဘိုးလည်း မများ၊ လွယ်လွယ်ကူကူ ဝယ်ယူ၍ ရသည် စသဖြင့် အကြောင်းပြနိုင်၏။ မီးခြစ် မကောင်း ဆိုသောဘက်က မီးခြစ်သည် နိုင်ငံခြားပစ္စည်း ဖြစ်သည်၊ နိုင်ငံခြားသို့ မြန်မာငွေ ထွက်သည်၊ တိုင်းရင်းဖြစ်မီးကပ်နှင့်ပင် လိုရာကိစ္စပြီးနိုင်သည် စသဖြင့် အကြောင်းပြနိုင်၏။ ဤသို့ ၂-ဘက် အကြောင်းပြချက်တို့တွင် အချို့ သဘောကျ သောဘက်က အသာစီးရပေသည်။ ဤကား ပဌမ သူတော်ကောင်းနည်းပင်တည်း။

ဒုတိယနည်းအတွက်

မီးခြစ် ကောင်းသည်ဟု ဘဘက်ကပြသော အချက်တို့ကို ချေပရာတွင် သိရောက်စွာ မီးခြစ် မကောင်းဟု မချေပနိုင်ရာ၊ ဓမ္မာဓိဋ္ဌာန် သန့်သန့် ဝေဘန်ရာမှာ ပုဂ္ဂလာဓိဋ္ဌာန်သို့ ပြောင်း၍ မီးခြစ် ကောင်းသည်ဟု ပြောသူသည် သူ၏ မိတ်ဆွေ ဆိုင်တွင် မီးခြစ်ရောင်း၍၊ သို့မဟုတ် သူ မီးခြစ် ရောင်းရလျှင် ကော်မီရှင် ပွဲခရမည်ဖြစ်၍၊ သို့ မဟုတ် မီးကပ်လုပ်သူရောင်းသူတို့နှင့် မသင့်မှု၍

စသဖြင့် ပုဂ္ဂလဲဖြင့် ဖျည့်စား ဝေဘန်သော ဒုတိယဖျည့်စားသောနည်းပေတည်း။

တတိယနှင့် စတုတ္ထနည်းမှာ

မီးခြစ်သည် မကောင်းဟု အကြောင်း မပြတတ်၊ မဖျည်ပတ်တတ်၊ အချုံးမပေး၊ မီးခြစ် ကောင်းသည်ဟု အကြောင်းပြသူကိုသာ ပုဂ္ဂလ ဖြင့်ရင်း၊ စောင်းမြောင်း၍ရင်း၊ ဆဲရေးသော တတိယ ဗာလာဆဲနည်းတည်း။ ရင်းမှတဆင့်တက်လျှင် ဒေါသအလျောက် ကြမ်းတန်းမှုတို့ကို ပြုသော လူ့ဗာလတို့နည်းပေတည်း။

ကိုယ်ရေးကိစ္စနှင့် အများကိစ္စ

မည်သူမဆို နေ့စဉ်နေ့တိုင်း ဆောင်ရွက်ရာ ကိစ္စ ၂-မျိုးရှိ၏။ ပဌမကိစ္စမှာ ဆောင်ရွက်သူနှင့်သာ သက်ဆိုင်သော ကိုယ်ရေး ကိုယ်တာ ကိစ္စ (Private)နှင့် ဒုတိယကိစ္စမှာ ဆောင်ရွက်သူနှင့်သာမသက်ဆိုင်၊ အများနှင့်ဆိုင်သော ကိုယ်ရေး ကိုယ်တာမဟုတ်၊ အများကိစ္စ(Public)ဖြစ်လေသည်။ လူတယောက်သည် သူ့အိမ်တွင် ဂွမ်းထိုး၍နေ မည်သူနှင့်မျှမသက်ဆိုင်။ သို့ရာတွင် ထိုသူသည် သူ့အိမ်ကို မီးရှို့က သူ့အိမ်သာ မီး လောင်မည်မဟုတ်၊ ပတ်ဝန်းကျင်ရှိ အိမ်များပါ လောင်မည်ဖြစ်၍ ထိုသူပြုမှုခြင်းသည် အများကို

ထိခိုက်သဖြင့် အများနှင့် သက်ဆိုင်လေသည်။ ယင်းသို့ဖြစ်၍ ထိုသူသည် သူ့အိမ်တွင် ထွမ်းထုံး နေခြင်းကို သူ၏ ကိုယ်ရေးကိုယ်တာ ကိစ္စဖြစ်သဖြင့် ကောင်း-မကောင်း အများကဝေဖန်ရန် မလိုမသင့်ပေ။ အိမ်ကို မီးရှို့သော ကိစ္စ၌ကား အများကိုထိခိုက်သဖြင့် ကောင်း-မကောင်းကို အများက ဝေဖန်ရန်ဖြစ်ပေသည်။

စွပ်စွဲသောအလေ့

နောက်တချက်မှာလည်း ကိစ္စတခုကိုဝေဖန်ရာတွင် အကြောင်းမပြဘဲ စွပ်စွဲလေ့ရှိ၏။ ဤသို့ စွပ်စွဲခြင်းဖြင့် ကိစ္စမှန်ကို ဝေဖန်ရာတွင် ယထာဘူတ ကျအောင် ဝေဖန်ခြင်းငှါ ခဲယဉ်းလေသည်။ ကောဋ္ဌာဟလသတင်းကိုမှီ၍၎င်း၊ မလိုသူတို့ ဝါဒဖြန့်ခြင်းကို အခြေခံပြု၍၎င်း၊ ပုဂ္ဂလာဓိဋ္ဌာန်ဖြစ်သော စွပ်စွဲခြင်းတို့သည် အလွန်ဆိုးဝါးသော အလေ့အကျင့် ဖြစ်သဖြင့် အထူးပင် ရှောင်ရှား အပ်ပေသည်။ မြန်မာပြည်သားများ တဦးအပေါ်၌တဦး အထင်လွဲမှု၊ အမြင်လွဲမှု၊ မယုံကြည်မှု၊ မလိုရန်းထားမှုတို့ဖြစ်၍ ညီညွတ် စည်းလုံးခြင်း၊ ပျက်ပြားနေခြင်းကို သေချာစွာစစ်ဆေး ဝေဖန်လျှင် မဟုတ်မတရားစွပ်စွဲခြင်း၊ မိမိလိုရာသို့ ရောက်အောင် သူတော်ကောင်း နည်းဖြင့် မရှုက်ဆောင်နိုင်ခြင်းတို့ တွေ့ရှိရပေလိမ့်မည်၊

သို့ဖြစ်၍

ယင်း၊သို့ဖြစ်၍ ယခုအခါ မြန်မာပြည်နှင့် မြန်မာပြည်သားတို့၏ နိုင်ငံရေး၊ စီးပွါးရေး၊ ကြီးပွါးရေး တို့သည် အလွန် အလွန် အရေး ကြီးသော အချိန် သမယ ဖြစ်နေသဖြင့် အရပ်ရပ် ကိစ္စများကို ဝေဖန်ကြရာတွင် အထက်တွင် အမြွက်မျှ ပြထားသော နည်းများ အနက် ဓမ္မာဓိဋ္ဌာန် သက်သက်ဖြင့် မဟုတ်မတရား စွပ်စွဲသော ပယောဂလည်း မပွက်ဘဲ သူတော်ကောင်း စံနစ်ဖြင့် အရပ်ရပ် ကိစ္စတို့ကို ဝေဖန် ကြပါလျှင် မြန်မာပြည်၏ လွတ်လပ်ရေး လုပ်ငန်း ကြီးသည် နေ့ချင်း ညချင်း ဆိုသလို စည်ပင် ကြီးပွါး၍ များစွာ ခရီး ရောက်မည်ဖြစ်ပေသတည်း။

× × × ×

လူကြီး–ပညာဖြန့်ပွါးရေး

(၁၁)

တိုင်းပြည် တပြည် လူမျိုးတမျိုး၏ ကြီးပွါး ထွန်းကားရေးသည် နောက်ဆုံး၌ ပညာဖြန့်ပွါး သလောက်တွင် အခြေတည်၍ နေ ပေ သည်။ အစိုးရ၏ အသုံးစာရင်းတွင် ပညာရေး၌ မည်မျှ သုံးသည်စသည်ကို ကြည့်ခြင်းအားဖြင့်၊ ထိုတိုင်း ပြည်၌ ပညာကိုမည်မျှ လိုလားသည် မလိုလား သည်ဆိုသောအချက်ကိုသိနိုင်ပေသည်။ ကျွန်ုပ် တို့ မြန်မာပြည်တွင် ပညာရေးကို အစိုးရက မည်မျှအရေးပေးသည်၊ မည်သည့်ပညာရပ်များ ကိုသာလိုလားသည်မှာ အများအသိပင်ဖြစ်၏။

ပညာနှင့် သညာ

ပညာဟူသည် ငယ်စဉ်က ကျောင်းတွင်သင်ကြား ခဲ့သည် ဖြင့် မပြီးပေ။ ကျောင်းတွင် သင်ကြား ရခဲ့သည်မှာ အခြေခံရ ရန်သာရှိသည်။ အမှန်မှာ ပညာဟူသည် မွေးသည်နေ့မှ သေ သည်နေ့အထိ ဆည်းပူး၍ မကုန်။ ကျောင်းတွင် သညာနှင့် ပညာ ရောရှက်၍ ရပေသည်။ ကျောင်းထွက်ပြီး နောက် ကိုယ် ထိလက်ရောက် ဆက်လက် ရှာဖွေလေလေ ပညာစစ်ပညာမှန် ရလေလေပင် ဖြစ်သည်။

အခြားနိုင်ငံများတွင်

မြန်မာပြည်တွင် ပညာ တိုးပွါးရေး အတွက် စာသင်ကျောင်းများမှအပ အခြား နေရာများစွာ မရှိပေ။ တိုးတက်ကြီးပွါး၍ နေသော တိုင်းကြီး ပြည်ကြီး များတွင် စာသင်ကျောင်း အမျိုးမျိုး၊ တက္ကသိုလ်အမျိုးမျိုး၊ ပညာရှာဖွေသော အသင်း အမျိုးမျိုး၊ စာကြည့်ပိဋကတ်တိုက်အမျိုးမျိုးစသ ဖြင့် ရှိလေသည်။ စာသင် ကျောင်းသား–သိပ္ပံ ကျောင်းသားများသာမဟုတ်၊ ကျောင်းတွင်ပညာ ထိထိရောက်ရောက် မသင်ခဲ့ရ သူများ ကျောင်း ကထွက်ပြီးနောက် ဆက်လက်ပညာဆည်းပူးလို သူများအတွက် ပညာ ရှာဖွေရန် အခွင့် အရေး တို့မှာ လွန်စွာပေါများပေသည်။

ဘိလပ်၌

၁၉၂၀–ပြည့်နှစ် ဘိလပ်သို့ မြန်မာနိုင်ငံရေး

ကိစ္စနှင့်ရောက်ရှိစဉ်က ပညာပြန့်ပွါးရန် စီမံဖန် တီးနေသောအသင်းတသင်းနှင့် တွေ့ခဲ့ရပုံကို အ နည်းငယ် ထုတ်ဖေါ်၍ ပြပါအံ့၊ လန်ဒန်မြို့တွင် စာအုပ် ဆိုင်များသို့ လှည့်လည်ရာ တနေ့တွင် အာ–ပီ–အေဘုတ်စတော် R.P.A Book Stall သို့ရောက်၍ လိုချင်သော စာအုပ်များကို ရွေးနေ ရာ ဂျာမန်ပညာရှိကြီး အာနက်ဟေကယ်လ်ရေး သော 'အီဗိုလျူးရှင်း အော့ မင်း' Evolution of Manခေါ် စာအုပ်ကို တွေ့ရ၏။ ၎င်းစာအုပ်မှာ ဘီ–အေ အတန်းတွင် စာသင် စဉ်က ဖတ်ရန် ကောင်းသည်ဟု အကြိမ်ကြိမ် ညွှန်ကြားသဖြင့် ဝယ်ရန် စုစမ်းသော အခါ ငွေ ၆ဝ–ကျော်ကျမှ ရနိုင်သဖြင့်၊ ကျောင်းသားဖြစ်၍ မဝယ်နိုင်ခဲ့ပေ။ သို့ရာတွင် ထိုနေ့က အထက်ပါ စာအုပ်ဆိုင်တွင် ၎င်းဂျာမန်ဆရာကြီးရေးသော စာအုပ်ကို ၂တွဲခွဲ ပြီးနောက် တတွဲလျှင် ၆ပဲမျှနှင့် ရောင်းနေသည် ကိုတွေ့ရာ၊ အလွန်အံ့အားသင့်သည့်ပြင်ဝမ်းသာ ၍ ဝယ်ယူ၏။

ပညာပြန့်ပွါးရေးကို အားပေးပုံ

ဝယ်ယူပြီးနောက် စာအုပ်ဆိုင်တွင် ရောင်းနေ သူအား ဤစာအုပ်ကို ဤကဲ့သို့ အဘိုး ချိုသာစွာ နှင့် ရောင်းနိုင်အောင် မည်သို့ စီမံပါသနည်းဟု မေးသောအခါ ဤစာအုပ်မှာ အာ–ပီ–အေအသင်း

က အသင်းသားများအတွက် ပညာ တိုးပွါးရန် အဘိုးထိုက်တန်၍ လူတိုင်း ဘတ်သင့်သော စာအုပ်များကို အဘိုးချိုချိုနှင့် ရိုက်နှိပ်ဝေငှသည်ဟု ပြန်ပြော၏။ ကျွန်တော်က ထိုအသင်း အကြောင်းကိုသိသိပါသည်ဟု ပြောရာ၊ အသင်း၏အတွင်းရေးမှူးထံသို့ ခေါ်သွား၏။ အတွင်းရေးမှူးနှင့်တွေ့၍ အကျိုးအကြောင်းမေးမြန်းရာ၊ စိတ်ရှည်,လက်ရှည်ဖြင့်ပြောပြ၏။ ကျွန်တော်လည်းအသင်းသားဖြစ်ခဲ့၏။

ရည်ရွယ်ချက်နှင့် အလုပ်

အသင်း၏ ရည်ရွယ်ချက်မှာလူကြီးပညာပြန့်ပွါးရေးပင်ဖြစ်သည်။ အသင်းသား၅ သန်းကျော်ရှိ၍ အသင်းသားတယောက်လျှင် တနှစ် ဒွေဒင်္ဂါးပြား ထည့်ရ၏။ ဤကဲ့သို့ ကောက်ခံ ရသောငွေဖြင့် အသင်းပိုင် စာပုံနှိပ်တိုက် ရှိ၏။ တနှစ်ကိုစာအုပ် အမျိုးပေါင်း ၁၀ အုပ်၊ ၁၂ အုပ်ထက်မနည်းရိုက်နှိပ်၏။ အသင်းသား များကို ရိုက်နှိပ်သောစာအုပ်တိုင်း တယောက်တအုပ် အခမဲ့ဝေ၏။ အသင်းသတင်းစာတစောင်လည်း ထုတ်ဝေ၍ အသင်းသားတိုင်း အခမဲ့ရ၏။ အသင်းက စာအုပ်များရိုက်ရာ၌ အသင်းသား ဦးရေထက် ပိုမိုရိုက်ပြီးနောက် အသင်းသား မဟုတ်သူ များကိုဈေးပေါပေါနှင့် ရောင်း၍ အသင်းသားများကိုအ

လာဘ်ား ပေးသည့်အပြင် ထပ်မံ အမြတ်ရှိလျှင်ငွေ ၁၀ဝိ-လျှင် ၂ဂို-ဈေးလျှော့နှုန်းနှင့်ရောင်း၏။

မြန်မာတို့ အဘို့

ဤ အာ-ဗီ-အေ အသင်းသည် အလွန်ပင်ကြီးပွါးလျက် ရှိပေသည်။ မြန်မာပြည်တွင် အဆိုပါအသင်းမျိုးရှိရန် အလွန်ပင် လိုလားအင်၏။ လိုလားအပ်သည့်အတိုင်း လွန်ခဲ့သောဂနှစ်လောက်က ဖိုက်ဝွန်း နှိုးဆော်ခဲ့သော်လည်း အထမမြောက်သေးပေ။ ဤအသင်းမျိုး ဖြစ်မြောက်လျှင်မြန်မာစာပေဟောင်း ပေပေဟောင်းများကို ရိုက်ခြင်း၊ နိုင်ငံခြားမှ စာဟောင်း ပေဟောင်းများကို ဘာသာပြန်၍ ရိုက်ခြင်း၊လောကဓာတ်လည်း လက်မှုစက်မှု ပညာတို့နှင့် ပတ်သက်သော စာအုပ်များကို ဘာသာပြန်၍၎င်း၊အသစ်ရေး၍၎င်း၊ရိုက်ခြင်းစသဖြင့် စီမံနိုင်၏။ စီးပွါးရေးသန့်သန့် ဖြစ်သောစာပုံနှိပ်တိုက်တို့တွင် အဆိုပါစာအုပ်မျိုးကိုရိုက်နှိပ်၍ ကြာရှည်စွာငွေမြုပ်မထားနိုင်သဖြင့် ရိုက်ကြမည်မဟုတ်ပေ။ အာ-ဗီ-အေ အသင်းမျိုးရှိမှသာလျှင် ပျော်မြန်စွာ ဖြစ်မြောက်နိုင်ပေသည်။

လူကြီးများပါမကျန်

ကျောင်းတွင် ၎င်း၊ တက္ကသိုလ်တွင် ၎င်း၊ ရှိနေ သေးသောသူငယ်များ ကြီးပွါးမှ မြန်မာပြည် ပညာရေး တွန်းကား

မည်ဆိုလျှင် ကာလအတော်ကြာမှသာ မြန်မာပြည်တွင် လိုအပ်သော ပညာရပ်များ ထွန်းကား ပေလိမ့်မည်။ ကျောင်းမှ ထွက်ပြီး လူရွယ် လူကြီးတို့လည်း တချိန်တည်း ပညာ များကို ဆည်းပူး နိုင်ကြ ပါလျှင် မြန်မာပြည်၏ အတက်သည် မြန်ပေ လိမ့်မည်။ ယင်းသို့ ဖြစ်၍ မြန်မာပြည်၏ ပညာထွန်းကားရေးကို လိုလားကြသူတိုင်းသည် အာ-ဗီ-အေ အသင်းမျိုး ဖြစ်မြောက် ရန်စီမံကြရန်သင့်ပေသတည်း။

× × × ×

နိုင်ငံရေး-ခြေလှမ်းများ

(၁၂)

ဂန့်ဂေါ်မြိုင် စခန်းတွင် မေလ ၅ ရက်နေ့က ကျင်းပသော မျိုးချစ်အဖွဲ့၏ ဆုံးဖြတ်ချက် များကို သတင်းစာ များတွင် တွေ့မြင်ကြရ ပေပြီ။ များမကြာမီကလည်း သခင်ဗစိန် ပြောဆို ရေးသား ချက်တို့ဖြင့် ဒို့ဗမာ အစည်းအရုံး သခင်များ၏ နိုင်ငံရေးအလုပ် သဘောထားကို ရိပ်မိကြရပေ သည်။ ယခုအခါ မြန်မာပြည်တွင် နိုင်ငံရေးပါတီ အဖွဲ့စုံသဖြင့် ရှိနေလေရာ၊ မည်သည့်အဖွဲ့၏ နိုင်ငံရေး ခြေလှမ်းသည် မည်သို့ဖြစ်သည်ကို စစ်ဆေး ရန် အချိန်သို့ကျရောက်လျက်ရှိ၏။ လက်ရှိ နိုင်ငံရေးပါတီအဖွဲ့တို့မှာ အောက်ပါအတိုင်း တွေ့ရှိရ၏။

နိုင်ငံရေးပါတီပေါင်းစုံ

၁။ ဖ-ဆ-ပ-လ။
၂။ ညီညွတ်ရေး(ငါးပွင့်ဆိုင်)အဖွဲ့။
၃။ ဒို့ဘုရင်အဖွဲ့(မဟာလေး၊)
၄။ မျိုးချစ်အဖွဲ့။
၅။ ဆင်းရဲသား (ဝါမ) အဖွဲ့။
၆။ လှိုင်-မြတ်-ပေါ်အဖွဲ့။
၇။ ဦးဖိုးသိမ်း ဂျီ-စီ-ဘီ-အေ။
၈။ ဆိုရှယ်လစ်ပါတီ။
၉။ ကွန်မြူနစ်ပါတီ။
၁၀။ ဒို့ဗမာ အစည်းအရုံး၊

ထိုပါတီများနှင့် ဘုရင်ခံ

အထက်ပါစာရင်းတွင် ဘုရင်ခံပါတီကိုသီးခြား၍ မပြထားပေ။ ဘုရင်ခံမှာ မြန်မာပြည်ရှိ ပါတီများကို ကစားပြီးလျှင် တိုင်းပြည်ကို အုပ်ချုပ်ရပေသည်။ ဘုရင်ခံ အကစားကောင်း သလောက် မြန်မာပြည် နိုင်ငံရေးသည် အင်္ဂလိပ်အကြိုက် ဖြစ် လေသည်။ ဘုရင်ခံမှာ ယခုအခါ ၁၉၃၅-ခုနှစ် မြန်မာနိုင်ငံ တော် အုပ်ချုပ်ရေး ဥပဒေ ပုဒ်မ ၁၃၉ အရ အာဏာရှင် အ ဖြစ်နှင့် အုပ်ချုပ်၍ စက္ကူဖြူ စာတမ်းအရ ဖြစ်မြောက်အောင် ရွက်ဆောင်လျက်ရှိပေသည်။

ထို့ကြောင့် ဘုရင်ခံ၏ ခြေလှမ်းနှင့်နိုင်ငံရေး ပါတီများ၏ ခြေလှမ်းကို နှိုင်းယှဉ်၍ ကြည့်က မြန်မာပြည်၏ လက်ရှိနိုင်ငံရေး အခြေကို ချိန်ဆ ၍ ရနိုင်မည်ဖြစ်ကြောင်း။

၁။ စက္ကူဖြူခြေလှမ်း

အထက်တွင် ပြဆိုခဲ့သည့်အတိုင်းဘုရင်ခံမှာ စက္ကူဖြူ စာတမ်းအရ ဖြစ်မြောက်အောင် ရွက်ဆောင်ရမည်ဖြစ်၍ မြန်မာပြည် လွတ်လပ်ရေး တိုက်ပွဲတွင် မြန်မာပြည်သားတို့ အောင်ပြီဟု ဘုရင်ခံက ဆိုသော်လည်း မြန်မာပြည်သားတို့ လိုလားသော လုံးဝလွတ်လပ်ရေးကိုမူ ခရသေး။ ဘုရင်ခံအတို့မှာ မိုဒီနီယာန် ဘန်းပြ၍ စက္ကူဖြူစီမံကိန်း အောင်မြင်ရန် ဖြစ်သဖြင့်၊ ဘုရင်ခံ၏ ခြေလှမ်းမှာ အိမ်တော်စခန်းစက္ကူဖြူခြေလှမ်းဖြစ်၏။

၂။ အလိုတော်ရိခြေလှမ်း

ဖိုင်-မြတ်-ပေါ်-ပါတီမှာ ထွေထွေရာရာမရှိသူ၊ ဘုရင်ခံကို ဖက်ပြီး ရာထူးရတို့၊ ရပြီးနောက် ရာထူးတွင် မြဲဘို့ဖြစ်သဖြင့် ထမင်းလုံးတန္တော စခန်း အလိုတော်ရိခြေလှမ်း ဖြစ်၏။

၃။ ရာထူးခြေလှမ်း

တို့ဗမာ အစည်း အရုံး သခင်တို့မှာ အထက်ကရာထူးလက်ခံသူတို့ကို အပြင်းအထန် ဆဲရေး ပြစ်တင်ခဲ့သော်လည်း ဂျပန်ခေတ်မှစ၍ ရာထူးများ သူထက်ငါလက်ခံခဲ့ကြ၍ ရာထူး၏ အရသာကို လွန်စွာ နှစ်သက်လာဟန် တူ၏။ ယခုအခါ ရာထူးလက်မခံသူတို့ကိုပင် အပြစ်ဆိုကာ၊ ရရာ

ရာထူးကို လက်ခံရန် ရရန်အတွက် ဖြစ်သဖြင့် တို့ဗမာအစည်းအရုံး သခင်များ၏ ခြေလှမ်းမှာ ဝမ်းစာလုစခန်း ရာထူးခြေလှမ်းဖြစ်၏။

၄။ မြှော်တော်စိုက်ခြေလှမ်း

ဆင်းရဲသားပါတီ၊ ဝါးမ အဖွဲ့တွင် တချို့ က ရာထူးရရန် လုံးပမ်း၏၊ တချို့ကလည်း အဓိပတိ ပေါက်တာပြန်အလာကို စောင့်ဆိုင်းလျက် ရှိ၏။ အခြား နိုင်ငံရေးလုပ်ငန်းတို့၌ ဝိတ်မပါသေးပေ။ ယင်းသို့ ဖြစ်၍ ဆင်းရဲသား ပါတီမှာ ဝါးမစခန်း မြှော်တော်စိုက်ခြေလှမ်းဖြစ်၏။

၅။ မှောက်ပြီးမှောက်ခြေလှမ်း

ဦးစိုးသိမ်း ဂျီ-စီ-ဘီ-အေမှာ စ၍ ပေါ်သည့်နေ့မှ ယနေ့တိုင် ရွေးကောက်ပွဲများကို သပိတ်မှောက်သည်မှလွဲ၍ အခြားလုပ်ငန်းမတွေ့ရ၊ ရွေ့အခါမှာလည်း သပိတ်မှောက် ရန်ပင်ဖြစ်သဖြင့် ၎င်းအဖွဲ့၏ ခြေလှမ်းမှာ သပိတ်စခန်း မှောက်ပြီး မှောက်ခြေလှမ်းဖြစ်၏။

၆။ ဇဝ-ဌာနခြေလှမ်း

မျိုးချစ်အဖွဲ့၏ ဝါဒမှာ မြန်မာပြည် ပြန်ရရေး ဖြစ်၏။ ရရန် မည်သို့ လုပ်မည်နည်းဟု စဉ်းစားသော် လက်ရှိလိုလားသော အချက်ဖြင့်သိနိုင်၏။ ၎င်းမှာ အခြား မဟုတ် မျိုးချစ်အဖွဲ့က ဘိလပ်

အစိုးရသို့ လွှမ်း၍ "လွတ်လပ်ရေး အခြေခံ နိုင်မည့် တိုင်းပြည် ပြန်လည် ထူထောင်ရေး ဆောင်ရွက်ရန် ဘိလပ်အစိုးရထံမှ မူလ အစိုးရ အဖွဲ့များရှေ့ပြေးဖြစ်သော ၁၉၃၅-ခုနှစ် အက်ဥပဒေအရ အာဏာနှင့် အခွင့်အရေးများ" ကို တောင်းဆိုထားခြင်းဖြစ်၏။ ၎င်းတောင်းဆိုချက်ကို ဘိလပ်အစိုးရက သဘောတူ၍ ပေးပါလျှင် ၉၁-ဌာန အုပ်ချုပ်ရေးကို ပြန်၍ ကောက်ခြင်းပင်ဖြစ်သဖြင့် ဘုရင်ခံအား အာဏာရှင် နေရာမှ တဝက်တပျက် လျှော့ချသည်မှ တပါး၊ စက္ကူဖြူစာတမ်း ခြေလှမ်းနှင့် မခြားတော့ပေ။ ၉၁-ဌာန အုပ်ချုပ်ရေးတွင် ဝန်ကြီးချုပ်အဖွဲ့သည်အတော်ပင် ပြည့်စွာအာဏာရှိသည်ဆိုသော်လည်း ချုပ်ချယ်ချက် အမျိုးမျိုး ရှိနေသည်မှာ ၁၉၃၅-ခုနှစ် မြန်မာနိုင်ငံတော် အုပ်ချုပ်ရေး ဥပဒေကို ဘတ်ကြည့်က ထင်ထင် ရှားရှား သိနိုင် ပေသည်။ ယင်းသို့ဖြစ်၍ မျိုးချစ်အဖွဲ့၏ ခြေလှမ်းမှာ ဂန့်ဂေါ်မြိုင်စခန်း ၉၁ ဌာနခြေလှမ်းဖြစ်၏။

၇။ လွတ်လပ်ရေးခြေလှမ်း

ဖ-ဆ-ပ-လ အဖွဲ့ကြီးသည် နေသူရိန်ရုံကြီးတွင် ဓိုလသားချက်ကို အတိအလင်း ဆုံးဖြတ်ခဲ့၏။ ၎င်း ဆုံးဖြတ်ချက် အရမှာ စစ်အုပ်ချုပ် ရေးကို မလို။ ဘုရင်ခံ၏ အာဏာရှင် အုပ်ချုပ် ရေးကို

မလို။ ၉၁ ဌာန အုပ်ချုပ်ရေး ပြန်၍ အသက်သွင်းသည်ကို မလို။ အမျိုးသားယာယီအစိုးရဖွဲ့၍ ၎င်းယာယီ အစိုးရက ၁၈ နှစ်ကို အခြေခံထားပြီးနောက် တိုင်းပြု ပြည်ပြု လွှတ်တော် ဖွဲ့စည်းရန် ရွေးကောက်ပွဲ လုပ်ရမည်။ ထို ရွေးကောက်ပွဲ အရ ဖွဲ့စည်းသော တိုင်းပြု ပြည်ပြု လွှတ်တော်က မြန်မာပြည်၏ အနာဂတ် အုပ်ချုပ်ရေးကို မိမိ ကံကြမ္မာ မိမိဘာသာ ဖန်တီးသော ဝံနှစ်အရ ရေးဆွဲ ရမည်။ ဤသို့ ရေးဆွဲ သော အုပ်ချုပ် ရေးကို အင်္ဂလိပ် အစိုးရက လက်ခံ ရမည်ဖြစ်သည်။ လူထု၏ အကျိုး ကိုလည်း ထိထိရောက်ရောက် ရွက်ဆောင်လျက် ရှိသည်။ ယင်းသို့ဖြစ်၍ ဖ-ဆ-ပ-လ ၏ ခြေလှမ်းမှာ နေသူရိန်စခန်း လုံးဝလွတ်လပ်ရေး ခြေလှမ်းဖြစ်၏။

၈။ ကျန်ပါတီများ ခြေလှမ်း

အထက်ပါပါတီစာရင်းအရ ကျန်အဖွဲ့တို့မှာ ညီညွတ်ရေး (ငါးပွင့်ဆိုင်)အဖွဲ့၊ ဒို့ဘုရင်အဖွဲ့၊ ဆိုရှယ်လစ်ပါတီနှင့် ကွန်မြူနစ် ပါတီတို့ ဖြစ်၏။ ၎င်းအဖွဲ့ လေးဖွဲ့မှာ ဖ-ဆ-ပ-လ အဖွဲ့ကြီးနှင့် အတူ လွတ်လပ်ရေးကို ကြိုးပမ်း နေကြ သဖြင့် ၎င်းအဖွဲ့များ၏ ခြေလှမ်း မှာလည်း နေသူရိန် စခန်း လုံးဝ လွတ်လပ်ရေး ခြေလှမ်းပင်ဖြစ်၏။

အထက်ပါ စီစစ်ချက်တို့ကို အကွက်ကျကျ

စဉ်းစားဝေဘန် ကြပါလျှင် မြန်မာပြည်၏ လက်ရှိ နိုင်ငံရေး ဂျားကွက်ကို မြင်ကြမည် ဖြစ်ကြောင်း။

× × × ×

ဘော်လှန်ရေးနှင့် တွန်းလှန်ရေး (၁၃)

"တော်လှန်ရေး" ဟူသော စကားသည် ကမ္ဘာနှင့်အနှံ့ အပြား ခေတ်စား နေသော စကားပင်ဖြစ်သည်။ တော်လှန်သည် ဆိုသည်မှာ အထက်အမိန့်ကို အောက်က မနာခံခြင်း၊ အုပ်စိုးသူကို အုပ်စိုးခြင်း ခံရသူတို့က ခုခံခြင်းတို့ပင် ဖြစ်ပေသည်။ တော်လှန်သည်နှင့် တပြိုင်နက် တွန်းလှန်ရန် ကိစ္စသည် ထက်ချပ်ပါ၍ လာပေသည်။ ထိရောက်စွာ တွန်းလှန် နိုင်လျှင် တော်လှန်ရေးသည် အောင်မြင်ခြင်းပင် ဖြစ်သတည်း။

တော်လှန်ရေးများ

၁၉၄၁ ခုနှစ်၌ဂျပန်ကမဟာမိတ်များ အပေါ်တွင် စစ် ကြေညာပြီးလျှင် မြန်မာ ပြည်ကို ဝင်ရောက် တိုက်ခိုက် သောအခါ၊ မြန်မာပြည်တွင် လွတ်လပ်ရေးကို လိုလား သူတို့သည် ဂျပန်နှင့် ပူးပေါင်းကာ အင်္ဂလိပ်အစိုးရကို တော်လှန်ခဲ့၏။ ထိရောက်စွာ တွန်းလှန်ပါက်သဖြင့် အင်္ဂလိပ် မြန်မာပြည်မှဆုတ်ခွါ၍သွားခဲ့ရပေသည်။

တကယ့်လွတ်လပ်ရေး ရပြီလား

၁၉၄၁ ခုမှ ၁၉၄၅ ခုနှစ်အထိ လွတ်လပ်ရေးကိုလိုလားသော မြန်မာပြည်သူ ပြည်သားတို့မှာ အင်္ဂလိပ် လက်အောက်မှ လွတ်မြောက် သော်လည်း ဂျပန် လက်အောက်သို့ ကျရောက်၍၊ လွတ်လပ်ရေးစစ်ကို မရရှိခဲ့ပြန်ရာ ၁၉၄၅ ခုနှစ်တွင် မဟာမိတ်တို့နှင့်ပေါင်းကာ ဂျပန်ကို တော်လှန်ကြရပြန်လေသည်။ ထိရောက်စွာတွန်းလှန်နိုင်သဖြင့် ဂျပန် လက်မှ လွတ်မြောက် ပြန်၏။ သို့သော် လွတ်လပ်ရေးကား မရသေး။ အင်္ဂလိပ်အောက်သို့သာ တဖန်ပြန်လည် ရောက်ရှိလျက်ရှိနေပြန်ပေသည်။

မည်သို့ကြိုးစားကြမည်နည်း

တော်လှန်ရေးပြုကာ ထိရောက်စွာ ၂ ကြိမ်တိုင် တွန်းလှန် ခဲ့သော်လည်း လွတ်လပ်ရေးကား မရသေး။ ဒိုမီနီယန် အဆင့်အတန်း ပေးမည်ဟုကားပြော၏။ ဘယ်တော့ပေးမည်၊ ဘယ်လိုဒိုမီနီယန် အဆင့်အတန်းရမည်တို့ကာ မသေချာပေ။ မြန်မာပြည်က လုံးဝကိုယ်ပိုင် ဒင်ပြည့်ကျင်ပြည့် လွတ်လပ်ရေးကိုလို၏။ ပေးမည် ဆိုသော ဒိုမီနီယန် အဆင့်အတန်း လွတ်လပ်ရေးမှာ ဒင်ပြည့်ကျင်ပြည့်လွတ်လပ်ရေးဟုမဆိုနိုင်၊ လိုရာလွတ်

လပ်ရေးမျိုး ရရန်အတွက် ကြိုးစား ကြရ ပေဦး မည်၊ မည်သို့ကြိုးစားကြမည်နည်း။

ချို့ယွင်းချက်များ

တော်လှန်ရုံဖြင့် လွတ်လပ်ရေးကားမရ။ ထိရောက်စွာ တွန်းလှန် စေကာမူ၊ လွတ်လပ်ရေးသည် မတည်မြဲပေ၊ မည်သည့်အတွက် ဤသို့ဖြစ်ရပါသနည်း၊ အရင်း စစ်လျှင် အမြဲမြဲက ဆိုသည့်အတိုင်း တော်လှန်ရာတွင် ထိရောက်စွာ တွန်းလှန်ခဲ့သော်လည်း ရရှိသော လွတ်လပ်ရေးကို တည်တံ့ခိုင်မြဲစွာ လက်ဝယ် သိမ်းပိုက်မထားနိုင်ခြင်းမှာ အခြားကြောင့်မဟုတ်၊ မြန်မာတို့တွင် ချို့တဲ့သော အချက်များရှိ၍သာလျှင် ဖြစ်ပေမည်။ အဆိုပါချို့ယွင်းချက်တို့ကား မည်သည်တို့နည်း။

လွတ်လပ်ရေး ရရန်

၁၈၄၅ ခုနှစ်တွင် မြန်မာပြည်သည် အင်္ဂလိပ် လက်သို့ ပြန်လည်ရောက်ရှိ၏။ မြန်မာပြည့်လွတ်လပ်ရေးသမားတို့ လက်ဝယ် မယ်မယ်ရရ အခွင့်အာဏာလက်ရှိဟူ၍မရှိ၊ မြန်မာ့တပ်မတော် ပြောက်ကျားတပ်နှင့် တော်လှန်ရေး အဖွဲ့များကားရှိ၏၊ သို့ရာတွင် ပူရိုဆလေးဗီးယားပြည် အင်ဒိုနီးရှားပြည်တို့မှာကဲ့သို့ အမျိုးသား အစိုးရ ထူထောင်နိုင်ရန်အခွင့်အရေးအချိန်တို့မှာမရှိပေ။

ယင်းသို့ဖြစ်၍ ရှိသမျှသော ဘားကျိုကို စုဆောင်း၍ ဖ-ဆ-ပ-လ အဖွဲ့ကြီးကို ဖန်တီးခဲ့၏။ ၎င်းအဖွဲ့ကြီး၏ စီမံကိန်းကို တပြည်လုံးက လိုက်နာကြပါမူ လွတ်လပ်ရေးသည်ရ,ရမည်။ ချက်ခြင်း မရရှိစေဦး၊ ရရန်ဝေးမည် မဟုတ်ပေ။

အတ္တဟိတသမားများ

သို့ရာတွင် ဖ-ဆ-ပ-လ အဖွဲ့ကြီးကို လွတ်လပ်ရေး လိုသူများနှင့်တကွ မြန်မာပြည်၏လူထုကြီးက ထောက်ခံ ခဲ့သော်လည်း ရာထူးသမား၊ ရာထူးသမား၊ စီးပွါးရေးသမား၊ ပါတီကောင်းစားရေးသမား၊ ဝါဒ ဖြန့်ပွါးရေးသမား တို့၏ ဝယောဂကြောင့် ဖ-ဆ-ပ-လအဖွဲ့ကြီး၏ အကြံအစည်သည် မအောင်မမြင် ဖြစ်လျက် ရှိပေ၏၊ မြန်မာပြည်နှင့် မြန်မာပြည်သားများ၏ အကျိုးကို လိုလား ပါသည်၊ လွတ်လပ်ရေးကို လိုချင်ပါသည်ဟု ပြောကာ ရှက်ဆောင်ကြသော အခါ ပရဟိတမဖက်-အတ္တဟိတ သက်သက်နှင့် တိုင်းပျက် ပြည်ပျက်လက်လွတ်ရေးဘက်တွင်သာဖြစ်လျက်နေသည်ကိုတွေ့ရခြင်းမှာ များစွာဝမ်းနည်းစရာပင် ဖြစ်ပေသည်။

ရိုးရိုးသားသားနှင့်လုပ်ကြပါ

"ပြည်ညွှဉ်းက—မင်းခံနိုင်" "သံစာ့အားဆုရားမဆန်နိုင်" ဟူသော စကား များသည်

သွေးထွက်အောင် မှန်သော စကားများပင်ဖြစ်သည်။ တိုင်းပြည်က စစ်အုပ်ချုပ်ရေးကို မလို။ ဘုရင်ခံ၏အာဏာရှင်အုပ်ချုပ်ရေးကိုမနှစ်သက်၊ ၉၁–ဌာန အုပ်ချုပ်ရေး ပြန်လည် အသက်သွင်းသည်ကိုမနှစ်မြို့၊ လွတ်လပ်ရေးစစ် ရမှသာလျှင် ကျေနပ်မည်ဟု တကယ်ရိုးရိုးသားသားနှင့် ယုံကြည်ကြပါလျှင် စက္ကူဖြူ စာတမ်းအရ စီမံဖန်တီးနေသော အလုပ် ဟုသမျှတွင် ပါဝင်ရွက်ဆောင် အားပေးကူညီနေခြင်းကို မပြုသင့်ပေ။ ပါဝင်ရွက်ဆောင် အားပေးကူညီခြင်းသည်စက္ကူဖြူစာတမ်းစီမံကိန်းကို ထမြောက် အောင်မြင်ရန်ပင်ဖြစ်ပေသည်။

ပြည်သူပြည်သားတို့တာဝန်

အထက်ပါ စဉ်းစားချက်များကို သေချာစွာ ဝေဘန်ပါမူ၊ မြန်မာပြည်၏ လုံးဝလွတ်လပ်ရေးသည်၊ မြန်မာပြည်သားများ လက်တွင်ပင် ရှိနေသေးကြောင်း ထင်ရှား၏။ မြန်မာပြည်သား တို့၏ လွတ်လပ်ရေးကို ဖျက်ဆီးသော အချက်များ မတည်တံ့ရန် ဖန်တီးသောအချက်များကို တွန်းလှန်ချိုးဖျက်ရန်မှာ မြန်မာပြည် သားတို့၏ တာဝန်၊ မြန်မာပြည်သားများလက်ငင်းအရေးတကြီး ရွက်ဆောင်ရန် လုပ်ငန်းကြီးပင်ဖြစ်ပေသည်။ အဆိုပါ လုပ်ငန်းကား မည်သည်တို့ဖြစ်သနည်း။

လက်ငင်းပြဿနာ

လွတ်လပ်ရေး ရရန် တော်လှန်ရေးကား ယခုအခါမလိုဖြစ်သည်။ တွန်းလှန်ရေးများကို ထိရောက်စွာ ရွက်ဆောင်ပါလျှင် တော်လှန်ရေးမပါဘဲ လွတ်လပ်ရေး ရနိုင်၏။ နိုင်ငံရေးဘက်တွင်၎င်း၊ စီးပွါးရေး ကြီးပွါးရေး ဘက်တွင်၎င်း၊ တွန်းလှန်ရန် အချက်အများရှိရာ ယနေ့အဘို့တွင် နိုင်ငံရေးဘက်မှ ယခုလက်ငင်း အရေးတကြီး တွန်းလှန်ရန် အချက်စုကိုသာ စဉ်းစားရန်ဖြစ်သည်။ နိုင်ငံရေးဘက်တွင် အောက်ပါ အချက်တို့ မပျောက်အောင် တွန်းလှန်ဖြိုဖျက်ရပေလိမ့်မည်။

မလိုအပ်သည့်အချက်များ

(က) ပါတီစွဲ ပါတီကျိုးသန်ခြင်း။
(ခ) ပုဂ္ဂိုလ်စွဲ ပုဂ္ဂိုလ်ကျိုးလိုလားခြင်း။
(ဂ) ဝါဒစွဲ ဝါဒဖြန့်ဝါးမှု ရှေ့ရှုခြင်း။
(ဃ) ရာထူးမွဲ ရာထူးရမှုလုံးပန်းခြင်း။
(င) အဖွဲ့ပေါ်တဖွဲ့ချဲ့၍ပဟေဠိတကျိုပသယ်ခြင်း။
(စ) ဗိုလ်လုရေးခေါင်းဆောင်လုပ်ချင်ရေး မွန်နေခြင်း။
(ဆ) စည်းမစောင့် သစ္စာမရှိ မရိုးသားမှုများခြင်း။
(ဇ) အချင်းချင်း မယုံကြည် စိတ်မချခြင်း။
(ဈ) အချင်းချင်း မနာလိုဝန်တို အကျိုးမဲ့ပြုခြင်း။
(ည) ကိုယ့်အမျိုး ကိုယ့်အချင်းချင်း အထင်အမြင်သေးတတ်ခြင်း။

(၃) လူတကိုယ် ထင်တလုံးနှင့် အညီ ကိုယ့်ကိုယ်ကို အထင်ကြီး သွေးကြီးနေခြင်း။

(၄) အချင်းချင်း အပေးအယူ သဘောမထား အနစ်နာမခံ အသားယူလိုတတ်ခြင်း။

(၅) အချင်းချင်းနိုင်ချင်မှု ဂုဏ်ပြိုင်မှု တိုးရှိပြီးလုပ်မှု အဆင်းတွန်းမှု ခြေထိုးမှု မီးစာတဘက် ရေမှုတ်တဘက် လုပ်မှုတို့တွင် လိုက်စားကြခြင်း။

တကယ့်လွတ်လပ်ရေးသို့

အထက်ပါ အချက်စုတို့ကို ပပျောက်အောင် တွန်းလှန်ဖြိုဖျက်ပါလျှင် တပြည်လုံးတစည်းတလုံးတညီတညွတ်တည်း ဖြစ်၍ အပြင်က ရေပက်၍မဝင်ဖြစ်ပြီးလျှင် လွတ်လပ်ရေးကိုတောင်းနေရန်မဟုတ် "တို့လွတ်လပ်ပြီ"ဟု ဆိုချဲ့ဖြင့်ပင် လက်တွင်းသို့ ရောက်နိုင်ပေသတည်း။

× × × ×

အင်္ဂလိပ်ဖက်ဆစ်ခံနှစ်

(၁၄)

လန်ဒန်မြို့မှ မေလ ၈-ရက်နေ့ညနှင့် ရိုက်ပို့လိုက်သောကြေးနန်းသတင်းအရမှာ လွှတ်တော်ပေါ်ဘာက်(စ)အော့(ဖ)လော့(ဒ) တွင် ထိုနေ့က

မြန်မာနိုင်ငံ ဥပဒေပြုလွှတ်တော် ဥပဒေကြမ်းတရပ်တင်သွင်းကြောင်းကို သိရပေသည်။ ၎င်းဥပဒေကြမ်း၏ရည်ရွယ်ချက်မှာ မြန်မာပြည် ဥပဒေပြု လွှတ်တော် အမတ်များ ရွေးကောက်ရာတွင် ဆန္ဒမဲပေးနိုင်သူတို့၏ အရည်အချင်းကို သတ်မှတ်ရန်ဖြစ်သည်။ ကြေးနန်းသတင်း အရမှာ ဆန္ဒမဲပေးနိုင်ရန် အသက်ကို ကျား,မ မရွေး ၂၁-နှစ်တွင် သတ်မှတ်ထား၏။ ဤအတိုင်းဆိုလျှင် မြန်မာပြည်ဘုရင်ခံ၏ အတိုင်ပင်ခံ မင်းတိုင်ပင်အစည်းအဝေး၏ဆုံးဖြတ်ချက်နှင့်အညီပင်ဖြစ်လေသည်။

ဖက်ဆစ်ဆန်သောစံနှုန်း

ဤကိစ္စနှင့်ပတ်သက်၍ စဉ်းစား ကြည့်လျှင် အင်္ဂလိပ် စံနှုန်းသည် ဖက်ဆစ် စံနှုန်း ဖြစ်ရုံသာမက ဒီမိုကရေစီ စံနှုန်းကိုလည်း အလွဲ သုံးစားရာ ရောက်လျက် ရှိ၏။ ဆန္ဒမဲ ပေးပိုင်ခွင့်အတွက် အရည် အချင်း သတ်မှတ်ရန် အင်္ဂလိပ်အစိုးရတို့ ဗီမံ ပြုလုပ်ပုံတို့ကို ပြန်၍ကြည့်က ဤအချက်သည် ကွင်းကွင်း ကွက်ကွက် ပေါ်ထွက်လာပေမည်။

ဦးပုကော်မီတီ အစီရင်ခံစာအတိုင်း

အင်္ဂလိပ် အစိုးရ၏အကိုမှာ မြန်မာပြည်တွင် ဆန္ဒမဲပေးနိုင်သူ၏ အရည်အချင်းကို သတ်မှတ်ရန်အတွက် မြန်မာပြည်၏ သဘောထားကို သိလိုသည်။ မှန်ကန်စွာ သိရှိရန် စုံစမ်းရမည်ဖြစ်သည်။ ဤသဘောအရ ဘုရင်ခံသည် ဆန္ဒမဲပေး

နိုင်သူ၏ အရည်အချင်းကို သတ်မှတ်ရန် ဦးပု အမှူးရှိသော ကော်မီတီကိုခန့်၏။ ၎င်းကော်မီတီက စုံစမ်း၍ အစီရင်ခံ၏။ ထို့နောက် ကော်မီတီ၏ အစီရင်ခံစာကို မင်းတိုင်ပင်အဖွဲ့က ဆွေးနွေးပြီးနောက် ဆုံးဖြတ်ချက်ချ၏။ ထို့နောက် ဘုရင်ခံက ဂိုလင်အစိုးရထံသို့ အစီရင်ခံရလေသည်။ ၎င်း အစီရင်ခံစာ အပေါ်တွင် အခြေပြု၍ ယခုပါလီမန် အထက်လွှတ်တော်တွင် ဥပဒေကြမ်းတရပ် တင်သွင်းထားခြင်းဖြစ်ပေသည်။

မည်သူ့အကြိုက်ဖြစ်သနည်း

တိုင်းပြည်၏ သဘောကို စုံစမ်းသည်ဆိုရာ၌ ဒီမိုကရေစီ စံနစ်အရ တိုင်းပြည်တွင် အများ၏ သဘောကို သိရှိရန်ဖြစ်၍ အများသဘော လိုက်လျော ရွက်ဆောင်မည်ဟု ဆိုသကဲ့သို့ပင် ဖြစ်သည်။ တနည်းမှာ အင်္ဂလိပ်အကြိုက် မဟုတ်၊ မြန်မာပြည်သားတို့အကြိုက် လိုက်နာမည် ဆိုရပင် ဖြစ်သည်။ စစ်ဆေးသောအခါ အောက်ပါ အတိုင်း တွေ့ရှိရ၏။

ဖြစ်ပျက်နေပုံမှာ

(၁) ၁၉၃၅-ခုနှစ်မြန်မာနိုင်ငံ တော်အုပ်ချုပ်ရေး ဥပဒေအရ ကျား,မ မရွေး အသက် ၁၈ နှစ်ရှိ၍ အခွန်တခုခုဆောင်လျှင် ဆန္ဒမဲပေးနိုင်၏။

(၂) ဖ-ဆ-ပ-လ အဖွဲ့ကြီးနှင့်တကွ မြန်မာပြည်အရပ်ရပ်တွင် အစည်းအဝေးများကျင်းပ၍ ကျား,မ မရွေး အသက် ၁၈-နှစ်ရှိက အခွန်ဆောင်သည်ဖြစ်စေ၊ မဆောင်သည်ဖြစ်စေ၊ စာတတ်သည်ဖြစ်စေ၊ မတတ်သည်ဖြစ်စေ ဆန္ဒမဲ ပေးနိုင်ခွင့် ပြုရန် တောင်းဆိုကြ၏။

(၃) ဦးပု အမှူးရှိသော ဆန္ဒမဲ အရည်အချင်း သတ်မှတ်ရေး ကော်မီတီက ၁၈-နှစ် ရှိသော ယောက်ျားများကို အခြားအရည်အချင်း မပါဘဲ ဆန္ဒမဲပေးခွင့်ပြုရန် ၁၈-နှစ်ရှိသော မိန်းမတို့မှာ စာဖတ်တတ် ရေးတတ်လျှင် သို့မဟုတ် မိမိဝင်ငွေအတွက် အလုပ်ရှိလျှင် ဆန္ဒမဲ ပေးခွင့်ပြုရန် အကြံပေးထား၏။

(၄) ၎င်းကော်မီတီကို ဘုရင်ခံ၏ မင်းတိုင်ပင်အဖွဲ့က စဉ်းစားသောအခါ၊ ကျား,မ မရွေး အသက် ၂၁-နှစ်ရှိက ဆန္ဒမဲပေးခွင့်ပြုရန် ဆုံးဖြတ်၏။

(၅) ဘုရင်ခံက မည်သို့ အစီရင်ခံသည်ကိုကား မသိရပေ။ သို့ရာတွင် မင်းတိုင်ပင် အဖွဲ့နှင့် သဘောထပ်တူထပ်မျှရှိဟန်တူပေသည်။

ဒီမိုကရေစီစံနစ်လား—ဖက်ဆစ်စံနစ်လား

မင်းတိုင်ပင်အဖွဲ့သည် တိုင်းပြည်ကတင်မြှောက်သော တိုင်းပြည်ကိုယ်စားလှယ်များဖြစ်သော အမတ်များပါဝင်သည့် အဖွဲ့အစည်းမဟုတ်ပေ။ ဘုရင်ခံကလက်သင့်ရာဆွဲ၍ အတိုင်ပင်

အတွက် ခန့်ထားသောတိုင်းပြည်၏ ကိုယ်စားလှယ်မဟုတ်သော သူများ ပါသည့် အဖွဲ့မျှသာ ဖြစ်သဖြင့် ၎င်းအဖွဲ့၏ ဆုံးဖြတ်ချက်မှာ ဘုရင်ခံ၏ လိုလားချက်နှင့်မခြား၊ အင်္ဂလိပ်အကြိုက်ဖြစ်သော်လည်း၊ တိုင်းပြည်၏ဆုံးဖြတ်ချက် တိုင်းပြည်၏ ဆန္ဒ မဟုတ်ပေ။ အင်္ဂလိပ်အစိုးရက တိုင်းပြည်၏ လိုအင်ဆန္ဒနှင့်ဖီလာ ပြု၍ ယခု ၂၁-နှစ်ကို သတ်မှတ်ရန်ဒိမ်နေခြင်းသည် ဒီမိုကရေ စီစနစ်မဟုတ်၊ဖက်ဆစ်စနစ် အစစ်အမှန်ပင်ဖြစ်တော့သည်။

အခြားနိုင်ငံများတွင်

ထိုမျှမကသေး၊ ကမ္ဘာပေါ်ရှိ တိုင်းပြည် အများ၌ ဆန္ဒမဲကိစ္စနှင့်ပတ်သက်၍ ဒီမိုကရေစီစနစ် ဖြစ်သည်ထက်ဖြစ်အောင် ရှက်ဆောင်နေသည် ကိုလည်း အင်္ဂလိပ်အစိုးရ သတိမူဟန် မရှိပေ၊ ဒုတိယကမ္ဘာစစ်ကြီးမဖြစ်မီက ယူရောပ၊မက်ဆီ ကို၊ရုရှ စသော တိုင်းပြည်များတွင်၎င်း၊ စစ်ကြီး ဖြစ်ပြီးသည့်နောက်၊ ယူဂိုဆလားဗီးယားနှင့် အ ခြားပြည်များတွင်၎င်း၊ အသက်၁၈-နှစ်ကို သတ် မှတ်သဖြင့်ပတ်သက်ရာဆိုင်ရာလူများ၏ သဘော အရ စီမံရမည် ဟူသော ဒီမိုကရေစီစနစ်နှင့် ထို ပြည်များတွင် နီးသည်ထက် နီး၍လာပေသည်။

အရင်းထဲမှ ပါနေခြင်း

မြန်မာပြည်တွင် ဖြစ်ပျက်နေပုံကို ခွဲ၍ကြည့် လျှင် ဒီမိုကရေစီစနစ်သည် အမည်မျှရှိ၍ အမှန် သုံးနေသောစနစ်သည်ကား ဖက်ဆစ်ပင်ဖြစ်လေ သည်။ စစ်မဖြစ်မီက ၁၈-နှစ်ရှိ၍ အခွန်တခု

ဆောင်သူတို့အနက် ၂၁-နှစ်ရှိမှ မဲပေးရမည်ဟု ယခု သတ်မှတ်လိုက်လျှင် ၁၈,၁၉,၂၀ အသက် ရှိသူတို့မှာ တိုးတက်လျက်ရှိသော ကမ္ဘာကြီး တွင် ပါရှိသော မြန်မာပြည်၌ နေရင်း ထိုင်ရင်း အမြတ်မရ အရင်းထဲက ပါလျက်ရှိပေ၏။

နာရီအိမ်မြှောင်က ပြောင်းပြန်

မြန်မာပြည်၌ နာရီ အိမ်မြှောင် ပြောင်းပြန် လည်လျက်ရှိပေ၏။ အင်္ဂလိပ် အစိုးရနှင့် တကွ မြန်မာပြည် ဘုရင်ခံက တိုင်းပြည် သဘောထား သိလိုသည် ဆိုသော်လည်း သိပြီးသောအခါ လိုက်နာရန်မဟုတ်၊မိမိတို့ကြိုက်ရာကိုကြံရန်သာ ဖြစ်သဖြင့် တိုင်းပြည်ကိုစော်ကားရာ၊ဒီမိုကရေစီ စနစ်ကို သရော်ရာ၊ဖက်ဆစ်စနစ်ကို ရေလဲအမျိုး မျိုးနှင့် သုံးစွဲရာမျှသာဖြစ်ပေသည်။

အပြောတမျိုး အလုပ်တခြား

ဤအချက်ကို အခြေခံပြု၍ စဉ်းစားလျှင် အ ပြောတမျိုး အလုပ်တခြားသာ တွေ့နေရ သဖြင့် ဗြိတိသျှအစိုးရ၏ ပြောဆိုချက် ဂတိပေးချက်တို့ သည် စိတ်ချဘွယ်ရာ မဟုတ်တော့ပေ။ မြန်မာ ပြည် မျက်နှာရညီအစည်းအဝေးတွင် အများသ ဘောယူဆချက်တို့နှင့် ၁၉၃၅-ခုနှစ် မြန်မာနိုင် ငံတော်အုပ်ချုပ်ရေးဥပဒေသည် တခြားစီဖြစ်၏။

မျက်နှာရုံညီ အစည်းအဝေးတွင် မြန်မာပြည်၏ သဘောထားကို သိရ၏။ မြန်မာပြည်အုပ်ချုပ်ရေး ဥပဒေတွင် အင်္ဂလိပ်အကြိုက် စီမံထားသည်ကို တွေ့ရ၏။ ယခု ဆန္ဒမဲပေးရန်အရည်အချင်း သတ်မှတ်ရေးတွင်လည်း ဤအတိုင်းပင်ဖြစ်လျက်ရှိ၏။

သိုလောသိုလော တွေးတောစရာပင်

ယင်းသို့ဖြစ်၍ မြန်မာပြည်ကို ဒိုမီနီယံ အဆင့်အတန်းပေးမည်ဟု ဆိုထားရာ၌ မြန်မာပြည်၏ လိုအင်ဆန္ဒနှင့်အညီ အုပ်ချုပ်ရေးလော သို့မဟုတ် ရှေးအစဉ်အလာအတိုင်း အင်္ဂလိပ်ကြိုက်-အင်္ဂလိပ် စက်ကွင်းမှ မလွတ်ကင်းသော အုပ်ချုပ်ရေးလောဟု သိုလော-သိုလော တွေးတောစရာပင် ဖြစ်တော့သတည်း။

× × × ×

ရဟန်းတော်များနှင့်နိုင်ငံရေး (၁၅)

မြန်မာပြည်သည် ဗုဒ္ဓသာသနာ ထွန်းကားသောတိုင်းပြည်ဟု ကမ္ဘာကပင် အသိအမှတ်ပြုရပေသည်။ ဗုဒ္ဓဘာသာ ရဟန်းတော်များသည် မြန်မာပြည်တွင် အလွန်ပင်ဩဇာတိက္ကမနှင့်ပြည့်စုံကြ၏။ မြန်မာပြည်၏နိုင်ငံရေး စီးပွါးရေး၊ကြီးပွါးရေး၊ သာသနာရေးတို့မှာလည်း တနေ့ထက်တနေ့ များပြားလျက်ရှိရာ၊ ဗုဒ္ဓဘာသာ ရဟန်းတော်များမှာ ဤကိစ္စအဝဝတွင် မည်သို့ ပါဝင်

ဆောင်ရွက် ထိုက်သည်ကို လေးလေး စားစား စဉ်းစားကြရန် လိုအပ်ပေသည်။

ဂိုဏ်းပေါင်းစုံအဖွဲ့ချုပ်၏ ဆုံးဖြတ်ချက်

များမကြာမီက ဂိုဏ်းပေါင်းစုံ မဟာသံဃာ အဖွဲ့ချုပ်ကြီးက ဗုဒ္ဓဘာသာ ရဟန်းတော်များသည် နိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်ခြင်းကို မပြုရဟု ဆုံးဖြတ်ချက်ချမှတ်လေသည်။ ဤဆုံးဖြတ်ချက်မှာ အလွန်ပင်အရေးကြီး၏။ နိုင်ငံရေးစီးပွါးရေး၊ ကြီးပွါးရေးတို့နှင့် သာသနာ အရေးသည် မည်သည့်အချက်အထိ ထပ်တူ ထပ်မျှဖြစ်၍ မည်သည့်အချက်ကျမှ ကွဲပြားသည်ကိုစစ်ဆေးရန်လို၏။ နိုင်ငံရေးဆိုသော စကားသည် အလွန်ကျယ်ဝန်းသဖြင့် မည်သည့် ကိစ္စတို့တွင် ရဟန်းတော်များ မပါရဟုဆိုရန်မှာပို၍ပင်ခဲယဉ်းလေသည်။

နိုင်ငံရေးတွင်ပါဝင်နိုင်သလော

ရဟန်းတော်များမှာ ၂၂၇ သွယ်သောသိက္ခာပုဒ်ကို ထိန်းသိမ်းတော် မူကြရ၏။ ရဟန်းတော်များနှင့် ပတ်သက်သော အလုပ်မှာ ဂန္ထဓုရနှင့် ဝိပဿနာဓုရဖြစ်၏။ ယင်းသို့ဖြစ်၍ ၂၂၇ သွယ်သောသိက္ခာပုဒ်တို့နှင့် မညီသောကိစ္စများ၊ဂန္ထဓုရ ဝိပဿနာဓုရတို့မှ အလွတ်ဖြစ်သော ကိစ္စများတွင် ရဟန်းတော်များပါဝင်ရွက်ဆောင်ခြင်းမပြု

ထိုက်ဟု ဆိုရပေမည်။ ဤစဉ်းစားချက်တို့ကို အခြေခံပြု၍ ရဟန်းတော်များ နိုင်ငံရေးတွင် ပါဝင်ဆက်ဆောင်သင့် မဆက်ဆောင်သင့်ကို စဉ်းစားလျှင် ၂၂၇ သွယ်သော သိက္ခာပုဒ်တို့ဖြင့် မငြိစွန်းသောကိစ္စတို့တွင် ပါနိုင်၏ဟုဆိုရာရောက်ပြန်၏။ သို့ရာတွင် ရဟန်းများ၌ဂန္ထဓုရနှင့် ဝိပဿနာဓုရ အလုပ်နှစ်လုပ်သာရှိရာ ၂၂၇ သွယ်သော သိက္ခာပုဒ်တို့ဖြင့် မငြိစွန်းသော နိုင်ငံရေး ကိစ္စတို့တွင် ပါနိုင်ပါမည်လောဟု စဉ်းစားစရာ ဖြစ်ပြန်လေသည်။

အချို့တို့ကမူ

မည်သို့ပင် ဖြစ်စေ ယခုအခါ ရဟန်းတော်များတွင် အချို့ နိုင်ငံရေးတွင် ပါဝင် ဆက်ဆောင် ကြ၏။ အချို့လည်း ရပ်မှုရွာမှု တို့တွင် ပါဝင်ကြ၏၊ ဤသို့ဖြစ်လျက်ရှိရာ ဗုဒ္ဓသာသနာတော်ကို ထိခိုက်သော လူမျိုးခြား ဘာသာခြားတို့ ကဲ့ရဲ့ဘွယ် ဖြစ်သော ဗုဒ္ဓဘာသာဝင်တို့ များစွာ စိတ်မချမ်းသာ စရာဖြစ်သော ကိစ္စအများ ကိုပင် တွေ့ရမြင်ရပေသည်။ မြန်မာပြည်တွင် ဂျပန်များ ကြီးစိုးသော အချိန် သမယ၌ အောက်ပါ မနှစ်မြို့ဘွယ်ရာ အချက်များကို အချို့သော ရဟန်းတော်များ ပြုလုပ်ခဲ့သည်ကို တွေ့ခဲ့ရ၏။

မနှစ်မြို့ဘွယ်ရာ ကိစ္စများ

(၁) ဂျပန်စစ်အောင်ရန်ဆုတောင်းခြင်း။

(၂) ဗိုလ်တထောင် စေတီတော် ဌာပနာ တိုက် ဖောက်ခွင့်ပြုခြင်း။ ဗိုလ်တထောင် စေတီတော်ပတ်ဝန်းကျင်ရှိ ထန်းဆောင်း, ကျောင်း-စ သည်တို့ကို လေလံတင်၍ ရောင်းရန် ခွင့်ပြုခြင်း။ (ဗိုလ်တထောင်စေတီတော် ကိစ္စကို ဓာတ်တော်များနှင့် နာယက ရာထူး ဖလှယ်ခန်းဟု အချို့က ခေါ်ကြ၏။)

(၃) ဂျပန်ဝါဒဖြန့်ပွါးရေးတွင် ပါဝင်ခြင်း။

(၄) မြန်မာကို ဂျပန်ဖြစ်အောင်လုံးပန်းခြင်း။

(၅) ဂျပန်ဗုဒ္ဓဘာသာကို မြန်မာဗုဒ္ဓဘာသာ ဖြစ်ရန် ကြိုးစားခြင်း။ (ဂျပန် ဗုဒ္ဓဘာသာ အချို့ ဂိုဏ်းများတွင် ဘုန်းကြီးများ မယားယူနိုင်သည်၊ နေ့လွဲညစာစားနိုင်သည်။ အရက်သောက်နိုင်သည်။)

(၆) ဂျပန့်ဝါဒကို မြန်မာပြည် ရဟန်းတော်များဝါဒအနေဖြင့် အချို့က ရေဒီယိုမှ ဝါဒဖြန့်ချီသဖြင့် ကမ္ဘာက မြန်မာဘုန်းတော်ကြီးများ အပေါ်တွင် အထင်လွဲ-အမြင်သေးခြင်း။

(၇) ရဟန်းတော်များဆေးထိုးဆရာလုပ်ကြ၍ တကာမများလက်ကိုခွဲကာ- ကိုင်ကာ ဆေးထိုးပေးခြင်း။

(၈) ရဟန်းတော်များဂျပန်စာသင်ကြားကာ ဂျပန်များ၏ စကားပြန် အခိုင်းအစေလုပ်ကြခြင်း။

(၉) ဂျပန်များက ဖွဲ့စည်းသော သံဃာအဖွဲ့ များတွင် မပါနေသော ရဟန်းတော် များကို

အင်္ဂလိပ်သူလျှိုဟု စွပ်စွဲကာ အသက်ကိုပင်ရန်ရှာခြင်း။

ခေတ်သစ်ဖန်တီးရာတွင်

အထက်တွင်ပြထားသော အချက်များအပြင်၊ အခြားအချက် အများပင်ရှိပေလိမ့်ဦးမည်၊ ဤအချက်များမှာဘယ်ဘက်ကပင် ကြည့်သည်ဖြစ်စေ၊ ရဟန်းတော်တို့ ပါဝင် ရှုပ်ထွေး ထိုက်သော အချက်များ မဟုတ်ပေ။ လွန်ခဲ့သောခေတ်တွင် မှားခဲ့သော ကိစ္စတို့ကိုသတိမူ၍၊ ယခုခေတ်သစ်ဖန်တီးရာတွင် ထပ်မံမမှားကြရန် သတိချပ်ဘို့ လိုပေသည်။ သို့ရာတွင် ယခုအခါ အချို့ရဟန်းတော်များသည်။

(က) ပါတီစွဲဖြင့် မိမိလိုလားရာ ပါတီအတွက်၎င်း။

(ခ) ပုဂ္ဂိုလ်စွဲဖြင့် မိမိကြည်ညိုရာပုဂ္ဂိုလ် အတွက်၎င်း။

(ဂ) ဂုဏ်ပကာသနနှင့် လာဘ်လာဘ အတွက် အစိုးရအရာရှိ၊ အမိုးရ လက်ကိုင် များနှင့်၎င်း။

နိုင်ငံရေး ကိစ္စတို့တွင် ပါဝင်၍ လက်ကြိတ်ထိုး စော်ပုန်းစုတ် နေသည်ကို တွေ့ရပေသည်။ ဤပြုမူချက် တို့သည် များစွာ စက်ဆုပ် ရွံရှာဘွယ် တို့ပင် ဖြစ်၏။

မရှုရ။ ဒီစတြိတ်တွင် ရဟန်းတော် တပါးသည် မိမိကြည်ညိုသော နိုင်ငံရေးပုဂ္ဂိုလ် တဦးအတွက် လာမည့် ရွေးကောက်ပွဲ၌ မြန်လည် အရွေးခံနိုင်ရန် ယခုက အလုပ်စလို ရကား လုပ်ရာတွင် ကာကွယ်ရန် အတွက် အရေးပိုင် ထံမှ စတင်းဂန်း၊ ဘရင်းဂန်း၊ စက်သေနတ်၊ ရိုက်ဖယ်၊ ၂ လုံးပြူး၊ ခြောက်လုံးပြူး များပေးရန် တောင်းဆိုသည်ဟု ကောလာဟလ သတင်းဖြစ်ပွါးလျက်ပင် ရှိပေသည်။

ဆောင်ရွက်သင့်သည့် ကိစ္စများ

ဤကဲ့သို့သော ၂၂၇ သွယ် သိက္ခာပုဒ် တို့နှင့်မညီ၊ ဂန္ထဓုရ ဝိပဿနာဓုရလည်း မဟုတ်သော အလုပ် များတွင် အာရုံစူးစိုက်၍ ကိုယ်ထိ လက်ရောက် ရှုက်ဆောင်မည့် အစား သာသနာတော် ပွန်းကားရေး၊ မြန်မာပြည် လွတ်လပ်ရေး၊ မြန်မာပြည်သား တို့၏ စီးပွါးရေး၊ ကြီးပွါးရေးများ ဖွံ့ဖြိုးရေးတို့ကို အမှန်စင်စစ်လိုလားပါမူ ၂၂၇ သွယ်သောသိက္ခာပုဒ်နှင့် မငြိစွန်းသော ကိစ္စများ တွင်ပါဝင်ရှုက်ဆောင်သင့်လှ၏။ ထိုကိစ္စများကား မည်သည်တို့နည်း။ ထိုကိစ္စများတွင်ရဟန်းတော် များ သဘောပေါက်သလောက် သဘောပေါက် သည့်အလျောက် စိတ်ရော ကိုယ်ပါ ရှုက်ဆောင် သလောက် သာသနာတော်ရေး၊ လွတ်လပ်ရေး၊

စီးပွါးရေး၊ ကြီးပွါးရေးတို့တွင် မြန်မာပြည်သားတို့ တိုးတက်ထွန်းကားမည်ဖြစ်သဖြင့် အခွင့်အားလျော်စွာ နောက်မှ ဆက်လက် ဖေါ်ပြမည်ဖြစ်ကြောင်း။

× × × ×

ရဟန်းတော်များနှင့် နိုင်ငံ ကောင်းစားရေး

(၁၆)

လွန်ခဲ့သော အပတ်တွင် ရဟန်းတော်များနှင့် နိုင်ငံရေးအကြောင်းကို ရေးသားခဲ့၏။ ဤကိစ္စကို ဆက်လက်ရေးရန် အချက်တခုမှာ ရဟန်းတော်များကို ကြိုက်လုံး ပေးကာ မစားရသော်လည်း ဝသချင်ဘွယ် လေလုံးထွားထွားနှင့် ခံ့ခံ့ညားညား လှိမ့်ကာ အချို့ နိုင်ငံရေးသမားများ လုပ်နေသည်ကို မကြာခဏ ကြားရသောအချက်ပင်ဖြစ်သည်။

လှိမ့်နည်းလက်သစ်

များမကြာမီက ဘုရင်ခံနှင့် အလွန်နီးကပ်သော နိုင်ငံရေးသမား အမည်ခံသူ တဦးသည် တနေ့သောအခါ ရဟန်းတော်အချို့ကို ဘုရင်ခံ

နန်းတော်သို့ အကြောင်း ပြခါ ပင့်၍ သွား၏။ ဘုရင်ခံနှင့်တွေ့သောအခါ ထိုနိုင်ငံရေးသမား အခေါ်ခံသူက ဘုရင်ခံအား အင်္ဂလိပ် ဘာသာဖြင့် ဤဆရာတော်ကြီးမှနှင့် ပြည့်စုံသော ဒေနန်းတော်ကြီးများမှာ ကျွန်တော်နှင့် သဘောတူညီကြ၍၊ ကျွန်တော်တို့၏ နိုင်ငံရေး အလုပ်တွင် အလွန်တွင်ကျယ်စွာ ပါဝင်ရွက်ဆောင်မည် ဖြစ်ကြောင်းနှင့် ပြောရာ ရဟန်းတော်များမှာ အင်္ဂလိပ်စကား မတတ်ကြ၍ ဘာပြောမှန်း မသိပေ၊ ဘုရင်ခံမှာ သည်း[illegible] တကယ် စွန့်ပါကလေးဟု အောက်မေ့ကာ လွန်စွာနှစ်သက်အားရပေသည်။

တတ်လဲတတ်နိုင်ပါပေ့

ထို့နောက် ရဟန်းတော်များဘက်သို့ လှည့်၍ ဘုရင်ခံကြီးသည် အရှင်ဘုရားတို့အား အလွန်ကြည်ညိုအားထားသဖြင့် ယခုကဲ့သို့ပင့်၍ ကိုယ်တိုင်ဖူးမျှော်ပါသည်ဟု မြန်မာစကားဖြင့် ပြောရာ ဘုရင်ခံမှာ မြန်မာစကား မတတ်သဖြင့် ဘာကို ပြောမှန်းမသိပေ။ ရဟန်းတော်များမှာမူ ဘုရင်ခံက ကိုယ်တိုင်ဖူးမျှော် အားထားခြင်းခံရသည်ဟု များစွာ ကျေနပ်နှစ်သိမ့် ဝမ်းမြောက်ခြင်း ဖြစ်ကြ၏။ ဤသို့လျှင် နိုင်ငံရေးသမား အမည်ခံသူသည် ဘုရင်ခံနှင့် ရဟန်းတော်များကို အမြောက်တိုက်

ကြောင်းတောင် ရောင်းစားသည်ဟု ကောဋ္ဌာပဟာ လ သတင်းထွက်လျက်ရှိ၏။

နောက်နောင်တွင်

ဤသတင်းမှန်သည်ဟု တထစ်ချ မပြောနိုင်သေးလည်း မဟုတ်ဟုလည်း ပြောရန်ခဲယဉ်း၏၊ ဤကဲ့သို့သောအဖြစ်အပျက်များဖြစ်ပေါ်နေသည်မှာလည်း အရိပ်နိမိတ်အများပင်ထွက်ပေါ်လျက်ရှိပေသည်။ ရဟန်းတော်များ သတိ ချပ်ရန်မှာကား ဘုရင်ခံအိမ်တော်သို့ဖြစ်စေ၊ အခြားအင်္ဂလိပ်အရာရှိကြီးများထံသို့ ဖြစ်စေ၊ မိမိတို့နှင့် အတူ အင်္ဂလိပ်စကားနားလည်သောရဟန်း၊ သို့မဟုတ် လိုကြည်ရသော တကာကို အပါခေါ်၍သွားရန်ပင်ဖြစ်သည်။

ဝိနယဓရ-ဥပဒေသစ်

အချို့ နိုင်ငံရေး သမားများနှင့် အချို့ရဟန်းတော်များသည်၊ ဝိနယဓရဥပဒေသစ်တရပ် တိတ်တဆိတ် စီမံနေသည်ဟု သတင်းထွက်လျက်ရှိ၏။ ဤစီမံနေသော ဝိနယဓရ ဥပဒေမှာ သာသနာတော် စင်ကြယ်ရေးထက် ရဟန်းတော်များကို နိုင်ငံရေးအတွက် စီမံသူတို့ အသုံးပြုနိုင်ရန် ရည်ရွယ်ချက်ရှိဟန်တူပေသည်။ ဤကိစ္စမျိုး ပေါ်ပေါက်လာပါလျှင် ရဟန်းတော် များက ကန့်ကွက်ကြမည်။ ထိုအခါနိုင်ငံရေးဝင်လာပြန်၏။ သာသနာကိုထိခိုက်သော နိုင်ငံရေးဖြစ်၍ ရဟန်းတော်များ မပါမနေနိုင်ဖြစ်ပေလိမ့်မည်။

စဉ်းစားရန်အချက်များ

လွန်ခဲ့သော အပတ်တွင် ၂၂၇-သွယ်သော သိက္ခာပုဒ်တို့နှင့် မငြိစွန်းသော နိုင်ငံရေး၊ စီးပွါးရေး၊ ကြီးပွါးရေးတို့သည် မည်သည်တို့ဖြစ်သည်ကို စဉ်းစားရန်ရေးသား ခဲ့၏။ ယနေ့ ဆက်လက် စဉ်းစားကြဦး။ ဤသို့ စဉ်းစားလျှင် ရဟန်းတော်များ ပါဝင်ရွက်ဆောင်နိုင်၍ ရွက်ဆောင်ရန်သင့်သော အချက်ပေါင်းများစွာကို တွေ့ရှိရပေလိမ့်မည်။ သို့ရာတွင် အသေးစိပ် ထိုအချက်တို့ကို မစဉ်းစားဘဲ သဘောမျှစဉ်းစားက လုံလောက်ပေမည်ဖြစ်ကြောင်း။

အရှုမ တောင့်မှ

မြန်မာ စကားတွင် “အရှုမ, တောင့်မှ—သီလစောင့်သည်”ဟု ရှိ၏။ ၎င်းစကားမှာ အလွန်ပင်မှန်၏၊ “အရှုမ” မတောင့်သူမှာ ဆွမ်းတော်ဘို့ ဆေးရွှ၊ ဝမ်းတော်အတွက်မှ အနိုင်နိုင်ဖြစ်မည်ဖြစ်၍၊ ရဟန်းတော် များကိုလည်း မထောက်ပံ့နိုင်၊ သာသနာတော်ကိစ္စတွင်လည်း မကူညီနိုင်၊ နိုင်ငံရေး-ကြီးပွါးရေးတို့တွင်လည်း မတွင်ကျယ်နိုင်ဖြစ်ပေသည်။

အရှုမ မတောင့်ရခြင်းကား

မည်သည့် အတွက် အရှုမ, မတောင့်ကြပါသနည်းဟုစဉ်းစားပြန်လျှင် လွတ်လပ်ရေး မရရှိသ

ဖြင့် ပညာချို့တဲ့ခြင်း၊ ကိုယ်ကျင့်တရားပျက်ပြားကြသဖြင့် ပွေလွှမ်းမပြောင်ကြခြင်း၊ အပျော်အပါးများသဖြင့် စီးပွါးပျက်စီးကြခြင်း၊ သင်္ဂဟတရားကင်းသဖြင့် မညီမညွတ်ကြခြင်း၊ လိုက်နာအပ်သော ကျင့်ဝတ်များကို မထိန်းသိမ်း ကြသဖြင့် မြန်မာများ ယဉ်ကျေးမှုတို့ဆုတ်ယုတ်ခြင်း၊ ပဋ္ဌာသိမခြ မဂ်လာ တရားတော် တို့ကို မလေးစားကြသဖြင့် တပြည်သုံးရာဇဝတ်မှုများခြင်း၊ ထောင်, ဂါတ်,ရာဇဝတ်ရုံး,ရာဇဝတ်ဥပဒေတို့ပြည်လျှံနေခြင်း စသောအချက်ပေါင်းများစွာပင် တွေ့ရှိကြရပေလိမ့်မည်။ ယင်းသို့သော မကောင်း သည့်အချက်များ ဖြစ်ပေါ်နေခြင်းကို ပပျောက်ရန် အတွက် ရဟန်းတော် များက ထိရောက်စွာ စွမ်းဆောင်နိုင်ပေသည်။

ရဟန်းတော်တို့ ဆောင်ရွက်နိုင်သည်မှာ

ရဟန်းတော်များက တကာတကာမများအားငယ်သူတို့ကို အောက်ထစ် စာဘတ်တတ်၊ စာရေးတတ်၊ တွက်ချက် တတ်အောင်နှင့် မင်္ဂလာတရား သမ္ဗုဒ္ဓါတရား၊ သိင်္ဂါလောဝါဒ ဘုတ်ပါဝတ္တရားများကိုသင်ကြားပြသပေးနိုင်၏။ လူကြီးများကို ပဋ္ဌာသိမြဲကြရန်နှင့် ဟောကိုးဟောစဉ်ဒါနမျိုးလောက်နှင့် မတင်းတိမ်ဘဲ စာသင်ကျောင်း၊ ဆေးရုံ၊ စာဘတ်ရုံတို့ကို ဆောက်လုပ်လှူဒါန်းရန်

မြန်မာပြည်သား ဆင်းရဲသူ၊ဆင်းရဲသား၊ထမ်း-ဘမ်းတို့အား နိုင်ငံခြား သာသနာပြုလက်သို့ မရောက်ရန်အတွက် စရိတ်ငွေများလှူဒါန်းရန် ပြောဟောညွှန်ကြားပါလျှင် သီဟိုဠ်ပုဒ်တို့နှင့် လည်း ငြိစွန်းမည်မဟုတ်၊ ရဟန်းတော်များကို ထောက်ပံ့နိုင်သူ၊ သာသနာတော်ကြီးကို ချီးမြှင့်နိုင်သူ၊ လွတ်လပ်ရေးလှုပ်ငန်း တွင် တွင်ကျယ်စွာရွက်ဆောင်နိုင်သူတို့သည်၊ တနေ့တခြား ပေါ်များ၍ လာပေမည်။ မြန်မာပြည်သားတို့၏အားသည်လည်း တိုးတက် ကြီးမားခိုင်ခံ့၍ လာပေမည်။ လွတ်လပ်ရေး လှုပ်ငန်း တွင်လည်း တွင်ကျယ် ပေမည်။ လွတ်လပ်ရေး ရပြီးနောက်လည်း တည်တံ့ခိုင်မြဲပေမည်ဖြစ်ကြောင်း။

× × × ×

သာတူညီမျှနှင့် သားတူညီမယား ကောင်းစားရေး

(၁၇)

လောကဝ္မ် မစားရ ဝစချင်ဘွယ် စကား၊ လိုသား တောင့်တချက်ကို ရည်မှန်း၍ ပြောသော စကား၊ အားပေး အားမြှောက်ပြု၍ မြှောက်ပင့်ပေးသောစကား၊ ချီးကျူးသော စကား စသည်

တို့ဖြင့် လူ့ဗိုလ်ကို ဆွဲငင်လေ့ရှိ၏။ နက်နက်နဲနဲ မစဉ်းစားသူတို့မှာ ထိုသို့သော စကားတို့ဖြင့် ပါ တတ်ကြပေသည်။

သာတူညီမျှကောင်းစားရေး

ဂျပန်များ မြန်မာပြည်သို့ ဝင်ရောက် တိုက် ခိုက်ခြင်းမပြုမီကပင် အရှေ့အာရှတိုက် သာတူ ညီမျှ ကောင်းစားရေးဟူသောစကားကိုသတင်း စာမှ၎င်း၊ ရေဒီယိုဖြင့်၎င်း ရေလဲအမျိုးမျိုးသုံးပြီး နောက် ဂျပန်တို့က ဝါဒ ဖြန့်ခဲ့၏။ အလွန်နားဝင် ချို၍ နိုင်ငံရေး၊ စီးပွါးရေးတို့တွင် သာတူညီမျှခံ စားရမည်ဟု ယုံကြည်သူအများပင် ရှိခဲ့ပေသည်။

ဝါဒနှင့် ဆန့်ကျင်ပုံ

သို့ရာတွင် ဂျပန် တို့၏ ရည်ရွယ် ချက်မှာ အင်္ဂလိပ်,ပြင်သစ်,ဒပ်(ချ)စသော ဥရောပတိုက် သားတို့၏ လက်အောက်သို့ ကျရောက်နေသော တိုင်းပြည်များတွင် သာတူညီမျှ ခံစား ခံစားရ သောအခြေရှိကြသဖြင့် ထိုတိုင်းပြည်သူ တိုင်း ပြည်သားတို့ကို ဂျပန်ဘက်သို့ညွှတ်ကြရန်၊ ဂျပန် တို့အားကိုးအားထား ရှေ့သွား ခေါင်းဆောင် ပြု ရန်ဖြစ်၏။ ဤသို့ဖြစ်က ဂျပန်မှာ အင်္ဂလိပ်,ပြင် သစ်,ဒပ်(ချ)တို့၏ နေရာတွင် ဝင်၍ ထိုင်ပြီးလျှင် ဂျပန်တို့၏ ကောင်းစားရေး အတွက်သာလျှင်ဖြစ် လေသည်။

လွတ်လပ်ရေးမှာလည်း နဇ္ဇီ

ဤအချက်မှာ ဂျပန်တို့ မြန်မာပြည်ကို သိမ်း ပိုက်၍ ၃ နှစ် ၃ မိုးသည်း ကြီးစိုးသောအခါ၊ တနေ့ ထက်တနေ့ ပေါ်လွင် ထင်ရှား၍ လာပေသည်။ နိုင်ငံရေးတွင်လွတ်လပ်ရေးအစစ်အမှန်ကိုမပေး၊ စီးပွါးရေးတွင်စီမံကိန်း အမျိုးမျိုးတို့ဖြင့် မြန်မာ ပြည်ကိုသွေးစုတ်၏။ မြန်မာပြည်သူပြည်သားတို့ မှာ လွတ်လပ်ရေးနဇ္ဇီ၊ ချွေးတပ်ဆွဲ၊ သွေးတပ်ဆွဲ၊ ကျွဲဆွဲ၊ နွားဆွဲ၊ စပါး-ဝါနှင့် အခြားပစ္စည်းများကို လည်း သူတို့ နှစ်သက်ရာ စျေးသတ်မှတ်၍ယူ၊ အစား အသောက် တို့မှာလည်း တိုင်းသူ ပြည် သားတို့မှာ မဝ,မင၊ ဂျပန်တို့မှာ 'အရှုပယ်'၊ ပြောခွင့်-ဆိုခွင့်-ရေးခွင့်- စည်းလုံးခွင့် တို့မရှိ၊ တသွေး-တသံ-တမိန့်၏လက်အောက်တွင် ဖြစ်ခဲ့ ကြရသည်မှာ လူတိုင်းအသိပင်ဖြစ်လေသည်။

သား-တူ-ညီ-မယား ကောင်းစားရေး

ဤကဲ့သို့ တပြည်လုံး ဒုက္ခအမျိုးမျိုး တွေ့ကြုံ နေရာ ဂျပန်လက်အောက် ဝင်ရောက် အမှုထမ်း ကြသူတို့ အနက် အချို့ ပုဂ္ဂိုလ်များသည် သာတူ ညီမျှဆိုသောစကားကို "သား-တူ-ညီ-မယား" ကောင်းစားရေးဖြစ်အောင် ရွက်ဆောင် ကြလေ သည်။ ရာရှင် အစားအသောက်ဝယ်ရန် လက် မှတ်ထုတ်ပေးရာတွင်၎င်း၊ ထိုပစ္စည်းများရောင်း

ရန် ကိုယ်စားလှယ် ခန့်ရာတွင်၎င်း၊ ရာထူးများ ခန့်ထားရာတွင်၎င်း၊ ဘက်တော်သားတို့သာလျှင် ရကြ၍ဘုန်တုံးသူပြည်သား လူအများမှာ ဂျပန် လက်ကိုင်ထားသူတို့၏ ချယ်လှယ်ရာကိုသာ ခံ ကြရလေသည်။

ဂျပန်စော်နံလာပြီ

ဗြိတိသျှ အစိုးရ၏ ပြုမူပုံတို့ကို၎င်း၊ ယခုအခါ ဗြိတိသျှအစိုးရ၏ လက်ပါးစေတို့၏ ပြုမူပုံတို့ကို ၎င်း၊ စစ်ဆေးကြည့်ပါလျှင် ဂျပန် ခေတ်လောက် မဆိုးပါ ဆိုရသော်လည်း တနေ့ တခြား ဂျပန် စော်နံ၍လာလေသည်။ နိုင်ငံရေးတွင် လွတ်လပ်ရေးတိုက်ပွဲ၌ မြန်မာတို့အောင်ပြီး မြန်မာပြည်သို့ အင်္ဂလိပ် ပြန်ရောက်လျှင် ၁၈၈၅ ခုနှစ်ကကဲ့သို့ စစ်နိုင်သူသဘောနှင့်မဟုတ် မြန်မာပြည်မှ ဂျပန် တို့ကို နှင်ထုတ်၍ မြန်မာပြည်သားတို့ကို ကူညီ ရန်ဖြစ်သည်။ အင်္ဂလိပ် စီးပွါးရေး နယ်အတွင်း မြန်မာပြည်ကို မကြာမီ ဒိုမီနီယန် အုပ်ချုပ်ရေး ပေးမည် စသော အသံကောင်းများကို ဟစ်၍ ကြွေးကြော်၏။

အာဏာရှင်စံနစ် အုပ်ချုပ်ရေး

ယခုရာတွင် အင်္ဂလိပ်မြန်မာပြည်သို့ပြန်ရောက် သည်မှာ တနှစ် ကျော်သော်လည်း ဘုရင်ခံ၏

အာဏာရှင် စံနစ် အုပ်ချုပ်ရေးတွင် တည်လျက် ပင်ရှိသေး၏။ စီးပွါးရေး ဘက်၌ ကြည့်ပြန်လျှင် စီမံကိန်း အမျိုးမျိုးတို့ကို ဖန်တီးကာ မြန်မာပြည် တွင်စစ်မဖြစ်မီက အရင်းရှင်ကြီးတို့ကို ပြန်လည် ထူထောင် ပေးနေသဖြင့် မြန်မာ ပြည်သားတို့မှာ ပြေးစရာလည်းမြေမရှိ၊ ပေးစရာလည်း ငွေမရှိ အခြေတွင်တည်ပြန်၏။ ကြီးပွါးရေးများ စီမံခြင်း မရှိ၊ အုပ်ချုပ်ရေးတွင်မူ "အရေးကြီးက သွေးနီး ရာ" ဆိုသည့်နှင့်အညီ ဗ ဘက်တန်း ရာထူးများကို မျက်နှာဖြူများလက်တွင်ရှိရန်စီမံ၏။ အလယ်တန်း အောက်တန်း ရာထူးများကိုမူ၊ မျက်နှာဖြူ များက မယူ။ ကျွန်ဘဝတွင် ရှိနေသော ရာထူးကို အ ဟုတ်ကြီးထင်နေသူအစုတို့အား သား-တူ-ညီ-မယား ကောင်းစားရေးစံနစ်ဖြင့် လုပ်ခွင့် ပြုပေ သည်။

ကာကွယ်ရေးဥပဒေနှင့်

မြန်မာပြည်သို့ အင်္ဂလိပ်တပ်များ ပြန်လည် ဝင်ရောက်စက ပင် စ၍၊ နိုင်ငံရေး သမားများကို ကာကွယ်ရေး ဥပဒေဖြင့် အဖမ်းအဆီးများ၏။ ထိုနောက် စစ်အတွင်းကအမှုများကို ပြန် လည်၍ဖေါ်၏။ ယခုလည်း ၎င်းအလုပ်များ အရှိန်မသတ်သေး သည်ဖြင့်၊ အစိုးရက ချုတ်ချယ်မိန့်သော ဥပဒေများကို ပိုမို အသုံးပြုမည့် အရိပ် နိမိတ်များ ပေါ်လျက် ရှိ၏။ စားရေး သောက်ရေး နေရေး ထိုင်ရေးတို့မှာလည်း တနေ့ထက်တနေ့ ကြပ်တည်း၍လာလေသည်။

သေဘူးခဲ့လှပြီ-သို့သော်

တခါသေဘူးက ပျဉ်ကြိုးနားလည်ရသည်ဟု စကားပုံရှိ၏။ မြန်မာပြည်သားတို့မှာ သေဘူးခဲ့သည်မှာ အကြိမ်ပေါင်းများလှပေပြီ၊ သို့ပါသော်လည်း ပျဉ်ကြိုးကို ယခုတိုင် နားလည်ပုံ မပေါ်ပေ။ ဘယ်သူသေသေ-တမာချောင်းဖြိုးရော ဟူသော သဘောထားဖြင့် ရာဇူးအရသာ ခံစားခဲ့ဘူးသူတို့ကလည်း ကျွန်ဘဝတွင် ရောက်ရှိနေသည်ကို သတိမရတော့၊ ရာဇူးဖြန့်ချေး၊ ရရှိခဲ့သော "သဘာရ သားသတ်ခက်း" အာဏာတို့ကို စားမြုံ့ပြန်ရေး၊ မြန်မာပြည်သားချင်း လူပေါ်လူဖော် လုပ်ချင်ရေး၊ မိမိ လုပ်ပြောကိုမှ မရှက်မျက်နှာပြောင်တိုက်ခါ ဖြန်းသန်း၍ ဖြိုး၍ ရပေါက်ရလမ်း ကိုသာ အစဉ် အာရုံစိုက်ရေး တို့တွင် အချိန်ကုန်နေကြသည်မှာ လွတ်လပ်ရေးနှင့် ဝေးသည်ထက်ဝေး၏။ ကျွန်ဝင်း နက်သည်ထက် နက်၏။

လက်ရှိအခြေအနေ

မြန်မာပြည်၏ လက်ရှိဖြစ်ပျက်နေပုံကို ကြည့်လျှင် ငိုအားထက် ရယ်အားသန် ဆိုသလို ဖြစ်ပျက်ရှိ၏။ စိန်ဗေဒါကြီးသည်—

"အရှေ့ကိုရှောက်ပါလို့၊ အနောက်ကိုတဲ့ မြှောင်လိုက်ရင်၊ တံခွန်တိုင် ရှောကျသွားရယ်နဲ့၊ ဘုရားလေးကိုမြင်"

စသဖြင့် ဆိုခါ ဗျောသံ တီးသည်ကို ကြားဘူးကြပေလိမ့်မည်။ ယခု စိန်ဗေဒါကြီး အသက်ရှင်နေသေးပါမူ.....

"အင်္ဂလိပ်ပြန်ရောက်ပြီမို့၊ နောက်ကြောင်းရှယ်နဲ့၊ ဟက်ဖြန်လျှင်၊ မြန်မာတွေရေလိုက်မှားလို့၊ နင်းပြားလော ဖြစ်မည်မြင်"

စသဖြင့်ဆိုခါ ဗျောသံတီးဦးမည်ပင်။

ဖါး-နူ-နင်းပြား

ယင်းသို့ဖြစ်၍ မြန်မာပြည်သားတို့သည် စိတ်ထားပြောင်းကြရန် အချိန်ကျရောက်ပေပြီ။ မိုးစင်လွန်မှထွန်ခချေး။ လာသာဝဘုန်းမိုင်းမင်းတို့ ဆက်လက်၍ သာတူညီမျှ ကောင်းစားရေး ဆိုသော အသံကောင်းဟစ်သော စကားမျိုးဖြင့် နှစ်သက်ရောင်းတိမ်သူက တင်းတိမ်၊ 'မြေပုရာ-ကောင်းထပ်' 'ကမ္ဘာမီးလောင်ရာ- ဆီမီးခွက်ကထောက်' ဆိုသကဲ့သို့ 'သာတူညီမျှ'ကို သား-တူ-ညီ-မယား ကောင်းစားရေး လုပ်သူက လုပ်နေကြပါလျှင် မြန်မာပြည်သားတို့သည် နူရော ဝဲပဲ၊ လဲရော သူနိုးထောင်းခံရသဖြင့် ဖါး-နူ-နင်းပြား အခြေတွင် တည်နေမည်ကို သတိချပ်ကြစေသတည်း။

× × × ×

လွတ်လပ်ရေးတိုက်ပွဲလော
ဗိုလ်လုပွဲလော
(၁၈)

ကမ္ဘာပေါ်တွင် ရှိကြသော တိုင်းပြည်တိုင်းတို့၌ပင် နိုင်ငံရေးပါတီများလည်း ရှိကြ၏၊ ခေါင်းဆောင်များလည်း ရှိကြ၏၊ သို့ရာတွင် လွတ်လပ်ပြီးသောတိုင်းပြည်ရှိနိုင်ငံရေးလုပ်ငန်းနှင့် မလွတ်လပ်သေးသော တိုင်းပြည်ရှိ နိုင်ငံရေး လုပ်ငန်းမှာ ကွာခြား၏။ ထို့နည်းတူစွာ လွတ်လပ်ပြီးသော တိုင်းပြည်ရှိ ခေါင်းဆောင်၏ တာဝန်နှင့် ဝတ္တရားသည် မလွတ်လပ်သေးသော တိုင်းပြည်ရှိခေါင်းဆောင်၏ တာဝန်ဝတ္တရားတို့နှင့် လွန်စွာခြားနားပေသည်။ ဤအချက်များကို ရှေးဦးစွာ ခြားနားသိထားပါက မြန်မာပြည်ရှိ နိုင်ငံရေး ပါတီများနှင့် ခေါင်းဆောင် များကို ဝေဖန်သော အခါ ယထာဘူတ ကျနိုင်မည်ဖြစ်သည်။

ဝါဒသည် အခြေခံ

လွတ်လပ်သော တိုင်းပြည်များ၌ နိုင်ငံရေး ပါတီများ ဖွဲ့စည်းကြရာတွင် ဝါဒသည် အခြေခံ ဖြစ်၏။ ၎င်းဝါဒမတူမှုကို အခြေပြု၍ ပါတီတို့ ကွဲပြားကြ၏။ ဝါဒဟူသည်မှာလည်း အခြား မဟုတ် မိမိတို့၏တိုင်းပြည် မိမိတို့၏လူမျိုးကိုထိပ်

တန်းသို့ရောက်ရန်အတွက် မိမိတို့ နှစ်သက်သော ဝါဒအရ စီမံမှသာလျှင် ဖြစ်မြောက်နိုင်မည်ဟု ရိုးသားစွာ ယုံကြည်၍ ယုံကြည်သည့်အတိုင်း ရွက်ဆောင်ကြ၏၊ ဝါဒချင်း တူပါလျှင် သူက ပါတီတခု ထောင်သည်။ ငါလည်း ပါတီတခု ထောင်မည်ဟူသော သဘောထားမျိုးနှင့်မဟုတ်ပေ။ လွတ်လပ်ပြီးသော တိုင်းပြည်များဖြစ်သဖြင့် လွတ်လပ်ရန်အတွက် ပါတီဝါဒ မထားရတော့ပေ။ လွတ်လပ်ရေး ခိုင်မြဲရန် တိုးတက်ရန်သာလျှင် ရှိပေသည်။

ပါတီများခြင်းကားလွတ်လပ်ရေး၏ ရန်ဆူးရန်ငြောင့်

မလွတ်လပ် သေးသော တိုင်းပြည် များတွင် နိုင်ငံရေး ပါတီ ဖွဲ့ကြရာ၌ မိမိ တိုင်းပြည်နှင့် မိမိတို့ လူမျိုး လွတ်လပ် ဖို့သည် အရင်းခံ ဖြစ်၏။ လွတ်လပ်ရေး လုပ်ငန်းတွင် အကူအပံ့ဖြစ်သော စီးပွားရေး၊ ပညာရေးစသည်တို့မှာ ပါတီများ၏ ရည်ရွယ်ချက်တို့တွင် ပါမြဲပင် ဖြစ်လေသည်။ သို့ရာတွင် လွတ်လပ်ရေး လုပ်ငန်းကို ထိထိ ရောက်ရောက် မရွက်ဆောင်ဘဲ အခြား ကိစ္စတို့တွင်အချိန်ကုန်စေလျက် မူလရည်ရွယ်ချက်သည် ထမြောက်အောင်မြင်ရန် ကြန့်ကြာ ပေလိမ့်မည်။ လွတ်လပ်ရေး ရရန်သည် ပင်ရင်းမူလ အခြေခံ

ဖြစ်သဖြင့် မလွတ်လပ်သေးသောတိုင်းပြည်များ၌ လွတ်လပ်ရေးရရန် ဝါဒသာလျှင် နိုင်ငံရေးပါတီတိုင်း၏ အလုပ်ရင်းဖြစ်ရကား မလွတ်လပ်သေးဒီ ပါတီများနေခြင်းသည် လွတ်လပ်ရေးကို နှောင့်နှေးရန်ဖြစ်၏။

ခေါင်းဆောင်အမျိုးမျိုး

ပါတီတခု ဖွဲ့စည်းသည် ဆိုသည်မှာ ဝါဒတူသူများပေါင်းစည်း၍ ဖွဲ့စည်းကြ၏၊ ဝါဒမတူကြသူများပေါင်းစည်းရန် မဖြစ်ပေ။ ပါတီဖွဲ့စည်းပြီးပြန်လျှင် ထိုပါတီ၏ ဝါဒအရ ရွက်ဆောင်ရန် အတွက် တာဝန်ကိုရွှေဆောင်၍ ထမ်းဆောင်ရန် လူလိုပေသည်၊ ထို့အတွက် ဦးစီး ခေါင်းဆောင်ကို ရွေးရပြန်၏။ တဦး တယောက်က ခေါင်းဆောင်လုပ်လိုသည် ဆိုရုံမျှနှင့် ခေါင်းဆောင် မဖြစ်ထိုက်၊ ခေါင်းဆောင်၏အရည်အချင်းနှင့်ပြည့်စုံမှသာလျှင် ခေါင်းဆောင်ရွေးရ၏။ အချို့ပုဂ္ဂိုလ်များသည် ခေါင်းဆောင်လုပ်လိုသဖြင့် အမျိုးမျိုးခြေထိုးခြင်း၊ ကျွေးမွေး ပေးကမ်းခြင်း တို့ကိုပြုလုပ်၍ ခေါင်းဆောင် ဖြစ်သည်လည်းရှိ၏။ ၎င်းခေါင်းဆောင် မျိုးမှာ လာဘ် တခုခုကို မြင်၍ "သည်သုန်မြင်လို့-သည်ချုံတွင်သည်"ဟူသော အလုပ်မျိုး လုပ်သူဖြစ်၍ စိတ်မချရသော ခေါင်းဆောင်မျိုး ဖြစ်ပေသည်၊

ခေါင်းဆောင်ရွေးရာတွင်

ခေါင်းဆောင် ရွေးရာ၌ ရှေးခေတ်က မူ၊ ဇယဝုဍ္ဍိ–ဂုဏဝုဍ္ဍိတို့ကို သတိမူကြ၏။ ပါတီ၏ဝါဒ လုပ်ငန်းနှင့် ချိန်၍ ရွှမ်းဆောင် နိုင်သော သတ္တိ-ဗျတ္တိရှိခြင်း၊ မြဲသား ဖြောင့်မှန် တည်ကြည်ခြင်း၊ သစ္စာစောင့်ခြင်း၊ အကျင့် စာရိတ္တ ကောင်းခြင်း၊ ကျေးဇူး တရား သိတတ်ခြင်း၊ ဒီမိုကရေစီ ခေတ်ဖြစ်၍ အာဏာရှင် မဆန် အများနှင့်မျှတခြင်း စသော အချက်များကို ယခုခေတ်တွင် သတိမူကြပေသည်။

နိုင်ငံခြားတွင်

ခေါင်းဆောင်ရွေးရာတွင် အထူး သတိပြုကြသည့်အပြင် နိုင်ငံခြားများတွင် ပါတီ ဝင်များလိုက်နာရသောအချက် အများပင်ရှိ၏။ ပါတီ အပေါ်တွင် သစ္စာရှိခြင်း၊ ပါတီအကျိုး- ပါတီလုပ်ငန်းတို့ကို ထိခိုက်သော အလုပ်များကို ရှောင်ရှားခြင်းစသည်တို့ ဖြစ်၏၊ ရွေးကောက်ပွဲ များတွင် ပါတီအမိန့်အရ အရွေးခံခြင်း၊ ပါတီကို ဝလန်ဂဆန်လုပ်၍ မိမိနှစ်သက်ရာကို အရွေး မခံစေခြင်း၊ အရွေးခံပြီးနောက် ပါတီနှင့် သဘောတူခဲ့သော် ပါတီမှထွက်နိုင်၏။ ထို့ရာတွင်ပါတီနာမည်နှင့် အရွေးခံခဲ့သဖြင့် အမတ်အဖြစ်မှလည်း နုတ်ထွက်ရ၏။ နုတ်ထွက်ပြီးနောက် တဖန် ပြန်၍ အသစ်တခြားပါတီ တခြားနာမည်နှင့် အရွေးခံနိုင်ပေသည်။ ပါတီဝါဒမကွဲ မိမိခေါင်းဆောင် လုပ်ပါ စားကိန်းအတွက် ပါတီခွဲခြင်းတို့မှာ နိုင်ငံရေး

မဟုတ်ပေ။ ကိုယ်ကောင်းစားရေးဖြစ်၏။ ရိုးသား၍ သစ္စာ-သမာဓိရှိကြသူတို့ ဤကဲ့သို့ မလုပ်ကြပေ။ အနောက်နိုင်ငံများတွင် လိုက်ရိုး လိုက်စဉ်စည်းကမ်းများနှင့်လည်း ဆန့်ကျင်၏။

မြန်မာပြည်၌မူကား

နေရာရရန် ထင်ပေါ်ရန် စားကျက်နှင့် အထွက်အထမြောက်ရန် ဟူသော ရည်ရွယ် ချက်ဖြင့် ပါတီထောင်၍ ခေါင်းဆောင် လုပ်သူ များမှာ မြန်မာပြည်တွင်တွေ့ရှိရ၏။ သို့ရာတွင် ၎င်းပါတီမျိုးမှာ တိုင်းပြည်၏ထောက်ခံခြင်းမရှိ။ လူထုက စာရင်းမသွင်း။ အာဏာသက်တိုင် ရှိသည့်အခါ ထင်ပေါ်၍ အာဏာမဲ့ဖြစ်သောအခါ နေရာ မရ ဖြစ်တတ်သည်ကိုလည်း တွေ့ကြ ပေလိမ့်မည်။ ထိုအခါ၎င်းပါတီအဖွဲ့မျိုးနှင့် ခေါင်းဆောင် တို့သည် တိုင်းပြည်၏ လွတ်လပ်ရေးလုပ်ငန်းတွင် ရှေ့ကလည်း နေရန်နေရာမရ၊ နောက်ကလည်း မလိုက်ချင်၊ ဘေးကနေ၍ ရှမ်းလွယ်အိတ် ကဲ့သို့ အနှောင့်အယှက်မျှ ဖြစ်တတ်လေသည်။

‘ဆရာများ-သားသေ’

အထက်တွင် ပြဆိုခဲ့သော ပါတီများ ခေါင်းဆောင်များနှင့်ပတ်သက်သော အချက်ရ တို့ကို စဉ်းစားလျှင် မြန်မာတွင် ဖြစ်ပျက်နေသည်တို့မှာ လွန်စွာစိတ်မကောင်းစရာပင်ဖြစ်ပေတော့သည်။

မြန်မာပြည်တွင် လွတ်လပ်ရေး ရရန် ဝါဒတခု သာလျှင် ယခုအခါ လို၍ ၎င်းဝါဒ အရ ရွက်ဆောင်ရန်ဖြစ်ရာ ပါတီကွဲတွေရှိနေရန်မလိုသေး။ ပါတီအများ ရှိနေခြင်းမှာ “ငါးသိုင်း များလျှင် ဟင်းဟုန်သည်”ဆိုသည့်အတိုင်း ဖြစ်လျက်ရှိ၏။ ခေါင်းဆောင်အခေါ်ခံချင်သူ ခေါင်းဆောင် လုပ်ဘူးသူတို့ များ၏ ဤသို့ ဖြစ်လျက် ရှိခြင်းသည် “ဆရာများက သားသေသည်” ဆိုသကဲ့သို့ ဖြစ်မည်ကို စိုးရိမ်ရ၏။

‘နှုတ်ခမ်းပဲ့ ချင်းလည်း မီးမှုတ်’

သေချာစွာ စစ်၍ကြည့်လျှင် အချို့ ပါတီ ခေါ်သော အဖွဲ့များမှာ မယ်မယ် ရရ ရွက်ဆောင်ခဲ့သော လုပ်ငန်းမပြနိုင်။ ရှေ့အတွက်လည်း လုပ်ရည် ကိုင်ရည် ရှိပုံမပေါ်ပေ။ အချို့ ခေါင်းဆောင်အခေါ်ခံရသူတို့ မှာလည်း ကိုယ်ရည် သွေးများဖြင့် ကိုယ်ဂုဏ်ပုဒ်များ ဖော်ယုတ်၍ မိန့်ခြင်း, မြန်းခြင်း, ပြောခြင်း တို့ကိုသာ ပြုလျက်ရှိ၏။ “နှုတ်ခမ်းပဲ့ ချင်းမီးမှုတ်” “သူတောင်းစားချင်း ခွက်စောင်းခုတ်” အလုပ်များကို ဟန်ကျပြီထင်၍ သုံးလျက်ရှိ၏။ ပုဆိုးမပါသူက လုံအောင်ထိုင်ပါ ဆောင်လိုအောင်နှင့် အတော် ဝကျသော ဒ ဖြစ်အာ ပျက်ပေတည်း။

လူထုခေတ်

သို့ရာတွင် ယခုခေတ်ကား လူထု၏ ခေတ်ဖြစ်၏။ မရှိအပ်သောပါတီ၊ မလိုအပ်သောခေါင်းဆောင်တို့ ပပျောက်ရေးမှာ လူထုလက်တွင် ရှိ၏။ လူထု၏ နိုးကြားခြင်းတွင် တည်၏။ လွတ်လပ်ရေး တိုက်ပွဲကို ဗိုလ်လုပွဲ လုပ်သူတို့သည် လူထု၏ နိုးကြား လာမှုကို သတိမူ၍ လွတ်လပ်ရေး လုပ်ငန်းတွင် စိတ်ကောင်း စိတ်သစ်များ မွေးမြူကြရန် အချိန်ရောက်ရှိပေပြီဖြစ်ကြောင်း။

× × × ×

ဗြိတိသျှအစိုးရခြေလှမ်း

(၁၉)

မြန်မာပြည်သည် အင်္ဂလိပ် လက်အောက်သို့ တကြိမ်တခါထည်း ရောက်ရှိ၍လာသည်မဟုတ် ၃-ကြိမ် ၃-ခါ စစ်ဖြစ်ပြီးမှ သာလျှင် ရောက်ရှိကြောင်းကို အများ အသိပင် ဖြစ်သည်။ ထိုသို့ ရောက်လာရာ၌ ပဌမ ရခိုင်ပြည်နှင့် တနင်္သာရီခရိုင်၊ ဒုတိယ-ဟံသာဝတီ ၃၂-မြို့နှင့် ပုသိမ် ၃၂-မြို့ခေါ် အောက်မြန်မာပြည်၊ တတိယ ကျန်အထက်မြန်မာပြည်နှင့်တကွ ချင်းတောင်,ကချင်တောင်,ရှမ်းပြည်တို့ဖြစ်ပေသည်။

တဆင့်ထက်တဆင့်

အင်္ဂလိပ်လက်အောက် ရောက်ရှိလာရာ အုပ်ချုပ်ရေးမှာလည်း ပဌမဗျူရိုကရေစီစနစ်၊ ဒုတိယ ဒိုင်အာကီစနစ်၊ တတိယ ၉၁-ဌာနစနစ်၊ စတုတ္ထ ဘုရင်ခံတဦးထည်းအုပ်ချုပ်သော ယခု လက်ရှိ အာဏာရှင်စနစ်တို့ဖြစ်၏။ ရှေ့အဘို့တွင် ၉၁-ဌာန စနစ်ကိုပြန်ကောက်ပြီးနောက် ဒိုမီနီယန်စတေး တပ်ခေါ် စနစ်သို့ ကူးပြောင်းမည်ဟု အဆိုရှိပေသည်။

လုံးဝကိုယ်ပိုင်အုပ်ချုပ်ရေးအတွက်

မြန်မာပြည်သားတို့မှာ ကိုယ်မင်းကိုယ်ချင်း အနေနှင့် ၁၈၈၅ ခုနှစ်ထိ နေခဲ့ကြရသော လူမျိုးများဖြစ်သဖြင့် နိုင်ငံခြားသားလက်အောက်တွင် ကျရောက် နေရခြင်းတွင် မပျော်ပိုက်, မနှစ်ခြိုက်, မလိုလား, မကျေနပ်ကြပေ။ မိမိတို့၏ မူလအခြေ ကိုယ်မင်း ကိုယ်ချင်း အနေ ကိုသာ လိုလား တောင့်တ သတိရ၍ လုံးဝ ကိုယ်ပိုင် အုပ်ချုပ်ရေး ကိုသာ ရရန်အတွက် အမျိုးမျိုး ကြိုးစားခဲ့ကြ၏။ ကြိုးစားလျက်ရှိကြ၏။ မရမခြင်း ဆက်လက်ကြိုးစားကြမည်ပင်ဖြစ်သည်။

မိမိကံကြမ္မာကို မိမိဖန်တီးရေး

ကမ္ဘာ ပေါ်တွင် လူတမျိုးက လူတမျိုးကို

ဖိနှိပ်ချုပ်ချယ်ခြင်း၊ တတိုင်းပြည်က တတိုင်းပြည်ကို ဖိနှိပ် ချုပ်ချယ်ခြင်း၊ လူတမျိုး၏ လွတ်လပ်ရေး, တိုင်းပြည် တပြည်၏ လွတ်လပ်ရေးကို ဆုံးရှုံးစေခြင်း စသော စနစ်မှာ ယခုအခါ ကမ္ဘာနှင့်အဝှမ်း မနှစ်မြို့ကြ မလိုလား လက်မခံကြတော့ပေ။ ယင်းသို့ ဖြစ်၍ လူမျိုး တိုင်းတွင် မိမိကံကြမ္မာကို မိမိဘာသာ ဖန်တီးရန် အခွင့်အရေး ရှိသည် ဟူသော သဘော တရားကို ကမ္ဘာက လက်ခံလျက်ရှိ၏။ ဤသဘော တရားကြီး များမှာ လွန်စွာ မွန်မြတ်သဖြင့် ဗြိတိသျှ အစိုးရသည်၊ ကမ္ဘာ၏ အာဘော်နှင့် ဆန့်ကျင်လျက် နေရ မည်မှာ အလွန်ပင် ခက် သဖြင့် ကမ္ဘာ့ အာဘော်နှင့် အညီ တနည်း တဖုံ ဖြစ်ရမည်မှာ မလွဲဖြစ်တော့သည်။

ဗြိတိသျှခြေလှမ်း အသို့နည်း

သို့ရာတွင် နယ်ချဲ့စနစ်ဖြင့်ရင်း၊ ဓနရှင်စနစ်ဖြင့်ရင်း ကြီးကျယ်ခမ်းနားခဲ့၏၊ အရသာ အမျိုးမျိုး ခံစား စားနေရာမှ ရုတ်တရက် လက်လွှတ်ပစ်ရမည်မှာလည်း မလွယ်ကူပေ၊ အုပ်ချုပ်ခြင်းခံနေရသူတို့က အပြောမရှိ ငြိမ်သက်စွာ အုပ်ချုပ်ခြင်းကိုခံနေပါမှ အထူးစဉ်းစားရန်မလို။ အုပ်ချုပ်ခြင်းခံနေသူတို့က တနေ့တခြား အင်အားပြခါ အုပ်ချုပ်ခြင်းမခံတော့ဟု ထကြွ၍လာလျှင် ပေးရမှာ

လည်း အဆီနှင့်ဝင်းဝင်း စားရမှာလည်း သဲနှင့်ရှပ်ရှပ် ဖြစ်လျက်ပင် ရှိပေမည်။ မြန်မာပြည်၊ အိန္ဒိယစသော တိုင်းပြည်များတွင် ဤအခြေသို့ ဆိုက်ရောက်လျက် ရှိ၏။ ဗြိတိသျှ၏ ခြေလှမ်း မည်သို့နည်း။

လေးဘက်လေးတန်တွင်

မြန်မာပြည်၏အတွက်စဉ်းစားမည်ဆိုလျှင် ပဌမ မြန်မာပြည်၏ မြေပုံကိုကြည့်ရမည်။ ကြည့်သောအခါ မြန်မာပြည်တွင် အနောက်၌ ရခိုင်ရိုးမကြီး ရှိ၏၊ ၎င်းရိုးမတောင်တန်း တလျှောက်တွင် ချင်းများနေ၏။ အနောက်မြောက်နှင့် မြောက်ဘက်တွင် ဟိမဝန္တာတောင်၏ အရွေ့များ တောင်များ ရှိ၏၊ ၎င်းတောင်များတွင် ချင်း၊ နဂါး၊ ရှမ်း၊ ကချင်များနေ၏။ အရှေ့ဘက်တွင် ရှမ်းကုန်းမြင့်နှင့် တနင်္သာရီရိုးမတောင်ရှိ၏၊ ၎င်းအရပ် ဒေသများတွင် ရှမ်း၊ ကရင်နီစသော လူမျိုးများ နေကြ၏။ တောင်ဘက်တွင်မူ အိန္ဒိယ သမုဒ္ဒရာကြီး ရှိလေသည်။

စဏ္ဍာမြို့စာတမ်းအရ

အထက်ပါမြေပုံကို သတိပြုပြီးနောက် စဏ္ဍာမြို့ စာတမ်းကို စစ်ကြည့်ရပေမည်။ ၎င်းစာတမ်းအရ

(၁) စစ်အုပ်ချုပ်ရေး၊

(၂) ဘုရင်ခံ အာဏာရှင် အုပ်ချုပ်ရေး။

(၃) ဧ၁ ဌာနအုပ်ချုပ်ရေး။

(၄) ဒိုမီနီယန် အုပ်ချုပ်ရေးဖြင့် မြန်မာပြည်ကို ပြန်လည်အုပ်ချုပ်မည်။ ၎င်းအစီအစဥ်နှင့် တပါတည်း၊

(၁) ချင်းတောင်၊ ကချင်တောင်၊ ရှမ်းပြည်၊ ကရင်နီနယ်တို့ကို မြန်မာပြည်မှ ခွဲ၍ တသီးတခြား တောင်းတန်းနယ်များအဖြစ် ဗြိတိသျှအစိုးရ လက်တွင်ထားမည်။

(၂) မြန်မာပြည် ကိုလည်း စီမံကိန်း အမျိုးမျိုးဖြင့် ပြန်လည်ထူထောင်မည် စသည်တို့ကို ပြုမည်ဖြစ်သည်။

လွတ်လပ်ရေးပေးမည်-သို့သော်

စစ်ကြီးမဖြစ်မီက မြန်မာပြည်၏နိုင်ငံရေးမှာ တဝက်တပျက် မြန်မာပြည်သားများ လက်တွင်ရှိ၏။ စီးပွါးရေးတွင် မြန်မာပြည်သား များမှာ လုံးဝလိုလို လက်မဲ့ဖြစ်၏။ ကာကွယ်ရေးတွင်လည်း၊ မြန်မာပြည်သားတို့ လုံးဝ လက်မဲ့ပင်ဖြစ်ခဲ့တော့၏။ မြန်မာပြည်ကို ဒိုမီနီယန် စတေးတပ်ပေးခဲ့လျှင် နိုင်ငံရေး စီးပွါးရေး ကွာကွယ်ရေးတို့တွင် မြန်မာပြည်၏ လိုအင် ဆန္ဒနှင့် အညီ ချယ်လှယ် စီမံခွင့်များ အတော်ပင် ရရှိပေမည်။ ဤသို့ဖြစ်က မြန်မာ ပြည်တွင် ရရှိ ထားသော ဗြိတိသျှ အစိုးရ၏ နိုင်ငံရေး၊ စီးပွါးရေး၊ ကာကွယ်ရေး တို့ကို ထိခိုက် မည်ကို စိုးရိမ်ရ ပေသည်၊ သို့ပါ သော်လည်း၊ မြန်မာပြည်ကို လွတ်လပ်ရေးမပေးဘဲ နေရန်လည်း ခဲယဥ်း၏။ ယင်းသို့ဖြစ်၍ ဒိုမီနီယန်အခြေကို ထား ပေးမည်။ သို့

သော် ဗြိတိသျှအကျိုးကို မထိခိုက်အောင်လည်း စီမံပေသည်။

သူတို့စီမံပုံ

စီမံပုံမှာ လွတ်လပ်မည့်မြန်မာပြည်မှတောင်တန်းနယ်များကို ထုတ်ထားခြင်းဖြင့် အနောက်မြောက်၊ အရှေ့ဘက်မှ၎င်း၊ မြောက်ဘက်တွင် အင်ထိပ်ရေတပ်ကြီးဖြင့်၎င်း၊ ဝိုင်းလျက် ရှိပေမည်။ စီးပွါးရေးတွင် ယခုစီမံကိန်းများကို ပြီးမြောက်အောင်လုပ်ခြင်းဖြင့်၊ ဗြိတိသျှတို့၏ မြန်မာပြည်ရှိ စီးပွါးရေးများ ပြန်လည်ထူထောင်ပြီး ဖြစ်မည်။ မြန်မာပြည်ကို ဒိုမီနီယန်အုပ်ချုပ်ရေး ပေးသော အခါ—

(၁) တောင်တန်း နယ်များကိုခွဲထုတ်ခြင်း။

(၂) ကာကွယ်ရေး အတွက် ဗြိတိသျှရေတပ်၊ လေတပ်၊ ကုန်းတပ်များကို သီးသန့်နေရာပေးခြင်း။

(၃) မြန်မာပြည်၌ ဗြိတိသျှတို့ စိုက်ထူ ထားသော စီးပွါးရေးလုပ်ငန်းတို့ကို မထိခိုက်စေရန် သဘောတူခြင်း။

တို့ကို စာချုပ်ရမည်။ ဤနည်းတို့ဖြင့် မြန်မာပြည်ကို မြန်မာပြည်သားတို့လိုလားသော လုံးဝကိုယ်ပိုင် အုပ်ချုပ်ရေး မဟုတ်၊ ဗြိတိသျှတို့အကြိုက် ဒိုမီနီယန် အုပ်ချုပ်ရေးကို ပေးမည်ဖြစ်သည်၊ ဤသို့ဖြစ်က မြန်မာပြည်သားတို့မှာ ပေးကားပေး၏မရ၊ ကျွေးကားကျွေး၏ မဝ၊ အခြေ

သို့သော ဆိုက်ရောက်လိမ့်မည်။ ဤကား ဗြိတိသျှ၏ခြေလှမ်းပင်တည်း။

× × × ×

မြန်မာပြည် စားကျက်ကြီး (၂၀)

မြန်မာပြည်သည် စစ်မြေပြင် နှစ်ကြိမ် တိုင်တိုင်ဖြစ်ခဲ့သဖြင့် စစ်ဘေးစစ်ဒဏ်တို့ကြောင်း အဘော်ပင်ပျက်စီးလျက်ရှိ၏။ မြန်လည် ထူထောင်ရန်ကိစ္စများ အလွန်ပင်များ၏။ မြန်မာပြည်မှာ စစ်မဖြစ်မီကပင် တိုင်းရင်းသားတို့၏ စီးပွါးရေး၊ ကူးသန်းရောင်းဝယ်ရေး အခြေတို့မှာ မတောင့်တင်းခဲ့ပေ။ ယခုစစ်ကြီး ပြီးပေရာ မြန်မာပြည်တိုင်းရင်းသားတို့၏ စီးပွါးရေး အခြေသည် တုံး၍ဆိုးဝါးလျက်ရှိ၏။ မြန်မာပြည်သို့ လာရောက်၍ စီးပွါးရှာသူတို့သည်လည်း စစ်ဘေး စစ်ဒဏ်ကြောင့် မြန်မာပြည်တိုင်းရင်းသားများ ကဲ့သို့ပင် ဆုံးရှုံးကြပေမည်။ ယခုမြန်လည် ထူထောင်ကြသောအခါ မည်သူ့အခြေသည် မည်သို့ ဖြစ်မည်ကိုစဉ်းစားကြရန် လိုပေသည်။

အိန္ဒိယတွင်

စစ်ကြီးအတွင်း၌ အိန္ဒိယတွင် စက်မှုလက်မှုပညာရပ်များသည် အလွန်ပင်ထွန်းကား၏။ ကူးသန်းရောင်းဝယ်ရေး လုပ်ငန်းကြီး သည်လည်း ဗျက်မှုဖြူများ လက်မှ အိန္ဒိယ တိုင်းသား တို့၏ လက်သို့ အမြောက်အမြား ရောက်ရှိလျက် ရှိ၏။ အမြတ်အစွန်းလည်း အလွန်များသဖြင့်ယခုအခါ အိန္ဒိယ တိုင်းသား တို့၏ စီးပွါးရေး အခြေမှာ အလွန်ပင် တောင့် တင်း လျက် ရှိပေ သည်။ အိန္ဒိယတွင် ငွေပို ငွေလျှံများသဖြင့် ငွေရှိသူတို့က ငွေကိုအသုံးပြုရန် အလုပ်ရှိလျက်ပင်ရှိရလေသည်။

ဘိလပ်တွင်

ဘိလပ်တွင်မူ စစ်အတွင်း စစ်နှင့်ဆိုင်ရာ လုပ်ငန်းတို့ကိုသာ အရေးတကြီးလုပ်ကိုင်ကြရသည် တကြောင်း၊ စစ်ဘေး စစ်ဒဏ်ကြောင့်အပျက်အစီး များသည် တကြောင်း၊ စစ် စရိတ် အတွက် ကြောင့်တကြောင်း၊ အင်္ဂလိပ် ပြည်၊ အင်အား ငွေအင်အားတို့မှာ များစွာ လျော့လျော့လျက်ရှိ၏။ စစ်မဖြစ်မီက အခြေသို့ ပြန်လည် ရရှိရန်အရေးတကြီးစီမံလျက်ရှိ၏၊ စစ်နိုင်သည်ဆိုသော်လည်း စစ်ရှုံးသော တိုင်းပြည်များမှ မယ်မယ် ရရ စစ်လျော်ကြေးပြန်၍ မရနိုင်သေး။ ရမည်မှာလည်း အမေရိကန် ရုရှစသော မဟာမိတ်တို့နှင့် ခွဲဝေယူရမည်ဖြစ်လေသည်။

အိန္ဒိယတိုင်းသားနှင့် မြန်မာပြည်

အိန္ဒိယ တိုင်းသားတို့သည် မြန်မာပြည်တွင် စစ်မဖြစ်မီက ရရှိခဲ့သောစီးပွါးရေးအခြေကို ပြန်လည်ရယူရေး၊ ယခုအခါ အိန္ဒိယ တိုင်းသားများ လက်တွင် ရှိနေသော ငွေပိုငွေလျှံများကို မြန်မာပြည်တွင် အသုံးပြုရန် အရေးတို့ အတွက် အမျိုးမျိုးစဉ်းစား၍စီမံကိန်းများထုတ်ခါပိုင်းပြင်းလျက်ရှိကြ၏။ အင်္ဂလိပ်တို့ဘက်ကမူ အစိုးရလက်ကိုင်ရှိသဖြင့် မြန်မာပြည်တွင် ဆုံးရှုံးနေသော အခြေကိုပြန်၍ ဆယ်ရန် စီမံကိန်း အမျိုးမျိုးဖြင့် လုပ်ကိုင်လျက်ရှိ၏၊ စီမံကိန်းများအတွက် အင်္ဂလိပ်အစိုးရမှာ မိမိကိုယ်တိုင်ဘဏ္ဍာရေးတွင် အခြေမကောင်းသေး မဟန်သေးသော်လည်းမလုပ်က လက်လွတ်မည်ဖြစ်၍ မြန်မာ ပြည်သို့ ရွှေဒင်္ဂါးပေါင်း ၈၃ သန်းချေးရန်စီမံ၏။

စည်ပင်ဝပြောသောစားကျက်ကြီး

မြန်မာ ပြည်သည် အမြင်အားဖြင့် စစ်ဘေး စစ်ဒဏ်တို့ကြောင့် စီးပွါးရေးတွင် လွယ်လွယ် ကူကူနှင့် ဆယ်မရသော အခြေသို့ ရောက်နေဟန်တူ၏။ အမှန်မှာမူ ဤသို့ မဟုတ်ပေ။ မြန်မာပြည်သည် အလွန် စည်ပင် ဝပြောသော စားကျက်ကြီး ဖြစ်လျက် ရှိပေသည်။ ဦးသူမျက်မျက်စားရမည်၊ အကြံပိုင်သူ လက်ပိုင်ရရှိမည်။ အိန္ဒိယ တိုင်းသားတို့က ငွေအားနှင့် မိ၏။ မြန်မာပြည် စားကျက်ကြီးကို သိမ်းပိုက်ရန် ကြံ၏။ အင်္ဂလိပ်တို့က လက်ရှိ အခြေက နေ၍ မြန်မာပြည်ကို ငါးကြင်း ဆီနှင့်

ငါးကြင်း ကျော်ရန် ကြံ၏။ မြန်မာပြည်သား တို့က ဘယ်နေရာကပါ၍ ဘယ်လို လုပ်ကြမည်နည်း

စားခွက်လုခန်း

အိန္ဒိယတိုင်းသားတို့မှာ ငွေအင်အား တောင့်တင်း ပြီးနောက် အိန္ဒိယ အစိုးရက ထောက်ခံလျက်ရှိ၏။ အင်္ဂလိပ်တို့မှာလည်း မြန်မာပြည်တွင် အစိုးရလက်ရှိဖြစ်သည့်ပြင် အင်္ဂလိပ် အစိုးရကလည်း ထောက်ခံလျက်ရှိ၏။ မြန်မာ တို့မှာ ငွေအားလည်းမတောင့်တင်း၊ မြန်မာပြည်အစိုးရကလည်း အမျိုးသားအစိုးရ မဟုတ်သေးသဖြင့် မထောက်ခံ၊ အလွန် ဆိုးဝါးသော အခြေ၌ တည်လျက်ရှိနေရာ ဤစားခွက်လုခန်း-မြန်မာပြည်စားကျက်ကြီးကို အုပ်စီးရန် ကိစ္စတို့တွင်နေရာ ရနိုင်မည်လော၊ ဝေစုရနိုင်မည်လော၊ မစားရအငြှော်ခံသာဖြစ်မည်လော၊ နတ်က,ရာ ကျီးမောဖြစ်မည်လော စသည်တို့ကိုစဉ်းစားလိုက်လျှင် အလွန်ပင် ရင်လေးဘွယ် ဖြစ်ပေသည်။

ရင်လေးရုံနှင့်မပြီး

သို့ရာတွင် ရင်လေး၍နေရုံနှင့်မပြီး၊ လက်ပိုက်ခါကြည့်၍ နေရုံဖြင့်မပြီး၊ လိုရာခရီးသို့ ရောက်မည်မဟုတ်၊ လွတ်လပ်ရေးစစ်ကိုရပေမူ၊ ဤကိစ္စတွင် ပုန်းရိပ်ခိုဘွယ်မရှိ။ လွတ်လပ်ရေးစစ် မရမီ စပ်ကူး မတ်ကူး အချိန်တွင်သာ အခက်အခဲများ

ရှိနေပေသည်။ ဤအချိန်ကာလ အတွင်း၌ မြန်မာပြည်သားတို့ စီးပွါးရေးတွင် လက်လွတ် အခြေသို့မရောက်ရန် အတွက် မြန်မာပြည် သားများသည် ဖြစ်နိုင်သော နေရာ လောက်က စတင်၍ စီမံကိန်းများပြုရန်သင့်၏။ နိုင်ငံရေး ဘက်တွင် လွတ်လပ်ရေး တိုက်ပွဲ ဆင်နွှဲနေစဉ် စီးပွါးရေးဘက်တွင်လည်း ထိုးစစ် မဆင်နိုင် သေးသော်လည်း ခံစစ်ဆင်ရန်ကိုမူ ပိုင်ပြင်ကြတို့ ရှိပေသည်။ မည်သို့စီးပွါးရေး ခံစစ်ဆင်မည်ကိုမူ တသီးတခြားစဉ်းစားမည်ဖြစ်ကြောင်း။

× × × ×

မြန်မာပြည်သားတို့၏ တာဝန်

(၂၁)

ယခုအခါ ကမ္ဘာ့နိုင်ငံရေး သတင်းများ မြန်မာပြည်နိုင်ငံရေးသတင်းများကို ကြားကြရသောအခါ မြန်မာပြည်သားတို့၏စိတ်၌ အမျိုးမျိုးဖြစ်၍ နေမည်မှာ မလွဲပေ။ ကမ္ဘာ့ နိုင်ငံရေးကိုကြည့်လျှင် နိုင်ငံခြား ဝန်များ အစည်းအဝေးတွင်ရင်း၊ ကုလသမဂ္ဂ အစည်းအဝေးတွင်ရင်း၊ ငြိမ်းချမ်းရေးအတွက် ငြိမ်းရိပ်မကာင်းသွယ်အချက်များ ပေါ်ထွက်လျက်ရှိ၏။ အိန္ဒိယတွင်လည်း ၃–ဌာနဆိုင် အစည်းအဝေး မညီမညွတ်ပျက်ပြားသွား၏။ မြန်မာပြည်တွင် ဆိုဖြန်မှု၊ နိုင်ငံရေး–စီးပွါးရေးမှ စ၍ အစစ အရာရာတွင် တနေ့ထက်တနေ့ မိုမိုးနောက် အဆိုးရန့်ငှ တိုင်းပြည်သဘော ထွေထွေနေ၏၊ ယခု လတ်တလော ကိစ္စမှာ ပြည်သူ့ရဲဘော်အဖွဲ့နှင့် ပတ်သက်၍ အစိုးရက ထုတ်ပြန်သော အမိန့်များပင်ဖြစ်၏။

သူပုန်ထရန် မဟုတ်

ပြည်သူ့ရဲဘော်တပ်မှာ ကမ္ဘာစစ်ကြီး အတွင်းက မြန်မာပြည်တွင် စစ်တိုက်ရာ၌ အမျိုးမျိုး ပါဝင်ချက်ဆောင်ခဲ့ကြသော ရဲဘော်များကို တတ်သိပြီး စစ်ပညာ မပပျောက်ရန်တကြောင်း၊ တိုင်းပြည် ကာကွယ်ရေးတွင် ပါဝင်နိုင်ကြရန် တကြောင်း၊ တိုင်းပြည် ငြိမ်သက်ပြားရေးတွင် ချက်ဆောင်ရန်တကြောင်း၊ကိုယ်လက် ကျန်းမာရေးအတွက် တကြောင်း။ မြို့ရွာ သန့်ရှင်းရေးအတွက် တကြောင်း၊ ထိုအကြောင်းများကြောင့် ဖွဲ့စည်း ထားသော်လည်း အစိုးရ ဘက်ကပုဆောင်ပုန် သူပုန်ထရန်အတွက် ရွေးကောက်ပွဲတွင် နိုင်ငံရေး အဖွဲ့ တဖွဲ့က အသုံး ပြုရန်အတွက် ဖွဲ့စည်းထားသည်ဟု အယူရှိဟန်ဘူ၏၊ ဤအယူမှာ အပိုးရိမ်ပိုလွန်း၍ အလွန်မှားသော အယူပင်ဖြစ်ပေသည်။

အစိုးရ အထင်လွဲနေပြီ

ပြည်သူ့ရဲဘော် တပ်များ ဖွဲ့စည်းသည်မှ ယနေ့တိုင် လုပ်ကိုင် ရွက်ဆောင် နေချက်များကို စစ်၍ကြည့်လျှင် ရပ်ရွာကာကွယ်ရေး၊ သူခိုးဓားပြ နှိပ်ကွပ်ရေး၊ ရပ်ရွာသန့်ရှင်းရေး စသော အလုပ် တို့၌ ပါဝင်လုပ်ကိုင်လျက် ရှိသည်ကိုသာ တွေ့ရ ပေသည်။ အနယ်နယ်တွင် အစိုးရအရာရှိများနှင့် ပူးတွဲရွက်ဆောင်ကြ၏။

ဤသို့ အလွန်ကောင်းသော အလုပ်များတွင် စည်းကမ်း တကျ ထိထိရောက်ရောက် ပါဝင်ရွက်ဆောင်နေသည်ကို အစိုး ရဘက်က တော်လှန်ရန် အားမွေးနေသည်ဟု ယူဆဟန်တူပေ သည်။ အစိုးရသည် မြန်မာပြည်သားတို့အပေါ်တွင် ယုံကြည်စိတ် ချခြင်း မရှိ၍သာလျှင် ဤသို့ထင်နေဟန်တူ၏။

သေရမည်ကို မကြောက်

မြန်မာပြည်သားတို့၏ လက်ရှိအခြေအနေမှာ အတော်ပင်ဆိုးဝါးလျက်ရှိပေသည်။ မိမိတို့ ရည် မှန်းသော ပန်းတိုင်သို့ ရောက်ရှိရန်မှာ တိုင်း ပြည် ညီညွတ်မှု၊ လိမ်မာမှုတို့တွင် တည်ရှိ၏။ စိတ်ထိုက် မာန်ပါပြုခြင်းဖြင့် လက်ရှိ အလုပ်များ ပျက်ပြားသွားမည်ကို သတိမူအပ်ကြ၏။ အစိုးရ က ပြည်သူ့ရဲဘော်အဖွဲ့သည် စစ်လေ့ကျင့်ခြင်း များ ပြုနေသဖြင့် တော်လှန်မည်ကို စိုးရိမ်သော် လည်း လူဆိုး သူခိုးတို့လက်မှအပ မြန်မာတို့

လက်တွင် လက်နက်ဆို၍ မယ်မယ်ရရ ဘာတခု မှ မရှိကြပေ။ လေယာဉ်ပျံခေတ်၊ တင့်ကားခေတ် တွင် ဓါး-လှံ-ဝါးချွန်တို့ဖြင့် ကိုင်ခွမပြိုင်နိုင်။

ဆိုရာတွင် မြန်မာများသည် သေရမည်ကိုမကြောက်၊ တိုင်း ပြည်နှင့်အမျိုးသားအတွက် အသက်စွန့်ရဲ့သူများ၊ စွန့်ခဲ့သူများ၊ ရှေ့အဘို့၌လည်း လိုလျှင်စွန့်မည့်သူများကား မှန်ပေသည်။

မြန်မာတို့၏ အဓိကလုပ်ငန်း

ယခုအခါ မြန်မာပြည်သားများ၏ အဓိကလုပ် ငန်းတို့မှာ စီးပွါးရေးတွင် ပြန်လည် ထူထောင် ရန်နှင့် နိုင်ငံရေးတွင် လွတ်လပ်ရေးပန်းတိုင်သို့ ရောက်ရန်ဖြစ်၏။ စီးပွါးရေးအတွက် တိုင်းပြည် ငြိမ်သက်၍ စပါးများကို အများအပြား စိုက်ပျိုး ရန်၊ အခြားကောက်ပဲ သီးနှံများကိုလည်း ရာသီ အလိုက် စိုက်ပျိုးကြရန်၊ မြန်မာပြည်သားများ လတ်တလော လုပ်နိုင်သည့် စက်မှု လက်မှု အ လုပ်တို့တွင် တွင်ကျယ်စွာလုပ်ကိုင်ကြရန်တို့ ဖြစ် ၏။

နိုင်ငံရေးဘက်တွင် ရာထူးမက်သူ အောက်တန်း အာဏာ ကလေးများဖြင့် အဟုတ်ထင်မှတ်၍ 'သဘာဝ သားသတ်ခက်း' ဖြစ်ကျသူတို့မှ အပ၊ မြန်မာပြည်သားတို့သည် အကြမ်းမဘက် အနုနည်း သက်သက်ဖြင့် လွတ်လပ်ရေး အတွက် ဆက်လက် ကြိုးစားကြရန်သာဖြစ်ပေသည်။

လှုံ့ဆော်နေသူများ

မြန်မာပြည်သားတို့က ငြိမ်းချမ်းရေးကို အဟုတ်တကယ်လိုလားသဖြင့် မည်သို့ပင် ဥပဒေစည်းကမ်းစောင့်သည်ဖြစ်စေ၊ အေးချမ်းသာယာသော အနုနည်းကို သုံးသည်ဖြစ်စေ၊ ဤအနုနည်းဖြင့် လွတ်လပ်ရေး လုပ်ငန်း တနေ့တခြား တိုးတက် ခိုင်မာလာသည်ကို မရှုစိမ့် မလိုလားသူတို့က မှု၊ အမျိုးမျိုးဖြင့် အနုဘက်မှ အကြမ်းဘက်သို့ ကူးပြောင်းအောင် လှုံ့ဆော်ကြပေလိမ့်မည်။ "အောင်ဆန်း ဖမ်းပြီ" "သန်းထွန်း ရာထူးလက်ခံသွားပြီ" "ဖ–ဆ–ပ–လ ဦးစီးအဖွဲ့ဝင်များကို ဖမ်းတော့မည်" စသော မဟုတ်မမှန်သည့် ကောလာဟလ သတင်းများကိုရင်း၊ "ပုလိပ်က ရဲဘော်များကို ရိုက်ပုတ်ဆဲရေးသည်" "ပုလိပ်က မိန်းမတွေ စော်ကားသည်" စသဖြင့် မခံချင်အောင် ဆွပေးသော သတင်းများကိုရင်း၊ "ဘယ်နယ်မှာ သူပုန် ထတော့မတဲ့" "ဘယ်ဂါတ်ကို စီးသွားပြီတဲ့" စသော မဟုတ်သတင်းအလန့်တကြား သတင်းမျိုးကိုရင်း၊ အတွင် လွှင့်ပေး တတ်၏။ ဖ–ဆ–ပ–လ အဖွဲ့ဝင် များတွင် လူကြီးနှင့် လူငယ်၊ ဆိုရှယ်လစ်နှင့် ကွန်မြူနစ်၊ မြန်မာနှင့် ကရင် စသဖြင့် အချင်းချင်း မသင့် မတင့် ဖြစ်အောင်၊ ညီညွတ်ရေး ပျက်ပြားအောင်၊ အကြည်

ညီပျက်အောင်၊ မဟုတ်မဟတ် လုပ်ဇာတ်တွေ ခင်းကာ ဝါဒဖြန့်တတ်၏။

မဟုတ်သတင်း မလွှင့်ကြပါနှင့်

အထက်၌ ဖော်ပြထားသော သတင်းမျိုးများ နေ့တိုင်းလိုလိုပင် ကြားရ၏။ ကြားရသလောက် မဟုတ်မမှန်သည်သာ များနေသည်ကို တွေ့ရ၏။ ယခု အခါသည် အလွန်စိုးရိမ်စရာအခါဖြစ်သဖြင့် မည်သို့ပင် သတင်းများ ထွက်လာစေကာမူ၊ ရုတ်တရက် အယုံအကြည်မရှိဘဲ ဆိုင်ရာမှ မေးမြန်းရန်သင့်၏။ မဟုတ်သတင်းလွှင့်သူတို့ကို နှိမ်နင်းရန်သင့်၏။ သတင်းကြားတိုင်း မစဉ်းစားဘဲ ဖိဖိကတာဆင့် ဖြန့်ချိခြင်းကို မပြုအပ်၊ အလန့်တကြား သတင်းများကို ရေးခြင်း, ပြောခြင်း, ဝါဒဖြန့်ခြင်းသည် ရေးသူ, ပြောသူ, ဝါဒဖြန့်သူတို့မှာ ကျေးဇူးရှိကောင်း ရှိပေလိမ့်မည်။ သို့ရာတွင် တိုင်းပြည်မှာမူ အလွန်နစ်နာ၏။

မည်သူ နစ်နာသနည်း

အနုနည်းဖြင့် လွတ်လပ်ရေးလုပ်ငန်း တွင်ကျယ်သည်ကို မလိုလားသူတို့က အကြမ်းဖက်အောင် လှုံ့ဆော်လိမ့်မည်၊ တိုင်းပြည် ချမ်းသာယာငြိမ်သက်စွာရှိသဖြင့် အစားမချောင်သော တောကြောင်တို့က တောမီးလောင်အောင် ရှို့ကြလိမ့်မည်။ မစဉ်းစား မဆင်ခြင်ဘဲ လှုံ့ဆော်တိုင်း,ရှို့တိုင်း ပါကြလျှင် မြန်မာပြည်သားတို့သာ နစ်နာကြလိမ့်မည်။

ယင်းသို့ဖြစ်၍ စိတ်နောက် မာန်ပါ မပြုကြရန် စဉ်းစဉ်းစားစားနှင့် ရွက်ဆောင်ကြရန် ညီညီညွတ်ညွတ် စည်းကမ်းတကျနှင့် ရွက်ဆောင်ကြရန်တို့မှာ ယခုလတ်တလော မြန်မာပြည်သားတို့၏ အရေးကြီးသော တာဝန်ဖြစ်ပေသတည်း။

× × × ×

ရွေးကောက်ပွဲပြဿနာ (၂၂)

လွတ်လပ်ရေး၏တပ်ဦး၊ လူထု၏လက်ရုံး၊ မြန်မာပြည်၏ အားရုံကြီး ဖြစ်သော ဖ,ဆ,ပ,လ အဖွဲ့ကြီး၏နောက်ဆုံးတောင်းဆိုချက်မှာ၊ မြန်မာပြည် ဥပဒေပြုအဖွဲ့ ရွေးကောက်ပွဲကို ၆ လအတွင်း ကျင်းပရန်ဖြစ်သည်။ ဗြိတိသျှ အစိုးရ၏ စီမံချက်မှာလည်း ရွေးကောက်ပွဲကို ကျင်းပရန် စီမံနေပါန်တော့၏။ အထက်ပါလီမန်တွင် ဆန္ဒမဲအရည်အချင်းသတ်မှတ်ရေးအတွက်ဥပဒေတင်သွင်းလျက်ရှိ၏၊ ၎င်းဥပဒေမှာ အောက်ပါလီမန်သို့ ရောက်ရှိ၍ အတည်ပြုလျှင် မြန်မာပြည် ရွေးကောက်ပွဲအတွက် ပဌမ ဦးဆုံး အရေးကြီးသော ကိစ္စတချပြီးမြောက်လေသည်။

ဥပဒေအတည်ဖြစ်လျှင်

အဆိုပါဥပဒေအတည်ဖြစ်လျှင် မြန်မာပြည်တွင် မဲဆန္ဒပေး

နိုင်သူစာရင်းကိုလုပ်ရမည်။ ၎င်းစာရင်းလုပ်ပြီးနောက်မှ ရွေးကောက်ပွဲကျင်းပနိုင်လေသည်။ ရွေးကောက်ပွဲ စောစောလုပ်စေလိုလျှင်၊ ပါလီမန်က ဆန္ဒမဲပေးနိုင်သူ အရည်အချင်း သတ်မှတ်သော ဥပဒေကို အမြန်ပြီးမြောက်အောင် ရွက်ဆောင်လိမ့်မည်။ ထို့နောက်မြန်မာပြည်အစိုးရက မဲစာရင်းကိုအမြန်ပြီးအောင် [illegible]လိမ့်မည်။ ဤသို့ပြုက ရွေးကောက်ပွဲသည် ယခုနှစ်မကုန်မီပင် ဖြစ်နိုင်၏။

ရွေးကောက်ပွဲခြေလှမ်း

ရွေးကောက်ပွဲမှာ ဖ,ဆ,ပ,လ ကတောင်းဆိုသော တိုင်းပြုပြည်ပြုလွှတ်တော် အတွက်မဟုတ်၊ ၁၉၃၅ ခု [illegible] အုပ်ချုပ်ရေး ပြန်ကောက်ရန်ပင်ဖြစ်ပေသည်။ ရွေးကောက်ပွဲ လာတော့မည့် အရိပ်နိမိတ်များ ပေါ်ထွက်လာသဖြင့်၊ ယခုအခါ ရွေးကောက်ပွဲကိုရှေးရှု၍ စီမံနေကြသည်ကိုတွေ့ရ၏။ ဖ,ဆ,ပ,လ အဖွဲ့မှာ တိုင်းသူပြည်သားတို့၏ လွတ်လပ်ရေး၊ စီးပွါးရေး၊ ကြီးပွါးရေး၊ ပညာရေး၊ အလုပ်သမားအရေး၊ တောင်သူ လယ်သမားအရေး၊ မြန်မာပြည်ရှိ လူအမျိုးမျိုးတို့ သင့်တင့်ညီညွတ်ရေး စသည်တို့တွင် လုံးဝမ်းလျက်ရှိ၏၊ အချို့အသင်းအပင်း ပုဂ္ဂိုလ်တို့ကား၊ ဤသို့မဟုတ် ရွေးကောက်ပွဲတွင် အရွေးခံရရန် အတွက် အမျိုးမျိုးသော ဉာဏ်နီ ဉာဏ်နက်များ ထုတ်လျက်ရှိကြလေသည်။

စာအုပ်ကြီးအတိုင်း

ရွေးကောက်ပွဲ လာလျှင် အရွေးခံသူ တို့မှာ၊ "မည်သည့် အတွက်အရွေးခံကြပါသနည်း။ အမတ်ဖြစ်ချင်လို၊ အစိုးရ အဖွဲ့တွင် ပါချင်လို့" စသောစေတနာ ရည်ရွယ်ချက်တို့ဖြင့် သာအရွေးခံကြလျှင်၊ မြန်မာပြည်၏ လွတ်လပ်ရေး၊ မြန်မာပြည်သားတို့၏ ကောင်းစားရေးတို့ အတွက် အကျိုးများမည်မဟုတ်ပေ။ ရွေးကောက်ပွဲတွင် အရွေးခံရာ၌ "ကျွန်တော်ဘယ်လို ရွက်ဆောင်ခဲ့ပါသည်၊ ဘယ်လိုရွက်ဆောင်ပါမည်။ ကျွန်တော်တို့ပါတီက ဘယ်လို ရည်ရွယ်ချက်ရှိ၍ ဘယ်လိုလုပ်ခဲ့သည်။ နောက်ဘယ်လိုလုပ်မည်" စသော သုဘ်ရိုးဆုတ်စဉ် ကြော်ငြာများ၊ တရားပွဲများ တို့နှင့် တွေ့ကြုံကြရမည်မှာမလွဲပေ။

မဲဆန္ဒရှင်များရွေးတတ်မှ

ရွေးကောက်ပွဲ ဟူသည် အရွေး ခံလိုသူက အရွေး ခံလို ပါသည်ဟု အရွေးခံရုံနှင့် မပြီး ဆန္ဒမဲရှင်က မဲပေးပါမှ သာလျှင် ဖြစ်ပေသည်။ တိုင်းပြည်၏ ကိုယ်စားလှယ် အဖြစ်ဖြင့် အရွေး ခံရမည့်သူ–ကောင်း သလောက် တိုင်းပြည် မှာလည်း အကျိုးများ၏။ တိုင်းပြည်၏ ကိုယ်စားလှယ် ကောင်းကောင်း ရမှ မှာလည်း အရွေးတတ်မှ ဖြစ်နိုင်သည်။ ယင်းသို့ ဖြစ်၍ အရွေးခံ

လိုသူက မည်သို့ မည်ပုံ ပြောပြော စကားမှု ကိုယ်စားလှယ် ကောင်း ရ ရန်မှာ ဆန္ဒမဲရှင်များ၏ ရွေးရန်အပေါ်တွင် တည်ရှိပေသည်။

ဂတိအတိုင်းဖြစ်ရန်

ရွေးကောက်ပွဲ များတွင် ရွက်ဆောင် စေလိုသော ကိစ္စ အဝဝကို ဂတိထားရန်ကား လွယ်ကူ၏။ ဖြစ်အောင် ဆောင်ရွက်ရန်ကား မလွယ်ကူပေ။ အရွေး ခံသူ တို့သည် မိမိ အရွေး ခံမှုကို သာ ပဓာနပြု၍၊ မဖြစ်နိုင်သော ဂတိ အမျိုးမျိုး ပေးခြင်းသည် အလွန် စက်ဆုပ်ဘွယ် ဖြစ်၏။ ထိုနည်းတူစွာ ဆန္ဒမဲရှင် တို့ကလည်း ဖြစ်နိုင် မဖြစ်နိုင် ဂတိပေးသူ တတ်နိုင် မတတ်နိုင် စသော အချက် တို့ကို သတိမမူဘဲ အရမ်း ယုံကြည်ပြီး နောက် မဲဆန္ဒ ပေးခြင်း မှာလည်း အထူးပင် မသင့်လျော်ပေ။

တံစိုးလက်ဆောင်ကို–ရှောင်

ဂတိအမျိုးမျိုး ပေးခြင်းဖြင့် မဲရအောင်လုပ်ခြင်းထက် နိုင်ရာနှင့် ပင်း၍ဗင်း၊ ငွေပေးခြင်း၊ ကျွေးမွေးခြင်းစသည်တို့ကိုပြု၍ဗင်း၊ ဆန္ဒမဲရယူခြင်းသည်၊ သာ၍ပင် စက်ဆုပ်ဘွယ်ဖြစ်သည်။ ဆန္ဒမဲရှင်တို့ကလည်းဆန္ဒမဲပေးရာ၌ မည်သူမည်ပါမသိရ၊ လုံခြုံသောနေရာတွင် လွတ်လွတ်လပ်

လင်ဆုချမဲပေးနိုင်ပါလျက်၊ နိုင်ရာနှင့်ပင်းခြင်းကို ခံခြင်း၊ အစားအသောက် ကြေး-ငွေနှင့်လဲလှယ်ခြင်းပြုကြခြင်း သည်လည်း အလွန် မကောင်းသောအလေ့ပင်ဖြစ်၏။

ရှေးကလိုမဖြစ်ပါစေနှင့်

ရွေးကောက်ပွဲများတွင် တိုင်းပြည်၏ ကိုယ်စားလှယ်ကောင်းကောင်းရနိုင်ရန် မတရားသောနည်းများဖြင့် မဲရအောင်လုပ်ခြင်း၊ မဲပေးခြင်းတို့မဖြစ်စေရ။ အရွေးခံရာတွင် မည်သည့် ကိစ္စအတွက်အရွေးခံသည်ကို သိသာ ထင်ရှား စေရန် တိုင်းပြည်၏ သဘောထားသည်၊ ထိုကိစ္စတွင် မည်သို့ ရှိသည်ကို ထင်ရှားစေရန် အတွက်သာ မဲပေးရန် စသော အချက်များမှာ၊ အလွန်ပင် အရေးကြီးသဖြင့် ယခုကပင် ကြိုတင် သတိမူကြရန် လိုပေသည်။ ဤကဲ့သို့ သတိ မမူကြဘဲ ရွေးကောက်ပွဲကျမှ ဖြစ်သလို လုပ်ကြလျှင် ရှေးအထက် အထက်က ရွေးကောက်ပွဲများ ကဲ့သို့ပင် ဖိတ်ပျက် ဘွယ်ရာ အကြောင်း များစွာ ပေါ်ပေါက်ဦးမည်ပင် ဖြစ်၏။

တရားသဖြင့် ဖြစ်ရန်

မြန်မာပြည် လွတ်လပ်ရေး ရ ရန်ကိစ္စ၊ မရေမီ အလုပ် တွင်ကျယ်စွာ လုပ်ရန်ကိစ္စ၊ ရပြီးနောက် ဆက်လက် ရှက်ဆောင်ရန် ကိစ္စ အချုပ်ချုပ်တို့မှာ ယခု လာမည့် ရွေးကောက် ပွဲတွင် အဘက် ဘက်မှ ပါဝင်လျက်ရှိ၏။ ထို့ကြောင့် လာမည့် ရွေးကောက် ပွဲသည် အလွန့် အလွန် အရေးကြီး၏။ အရေး ကြီးကြောင်းကို တိုင်းပြည်က သိရန်၊ သိသည့် အတိုင်း ကြိုတင်၍ အရေး ယူရန် ဖြစ်သည်။ ယင်းသို့ ဖြစ်၍ အမဝ် ဖြစ်မှု ရာဇဝုဒ်ရမှ ပါတီ အားကြီး မှုလောက် ကိုသာ အရင်းခံ ထား၍ ရွေးကောက် ပွဲကို အသုံး မပြုကြဘဲ လွတ်လပ်ရေး အတွက် လူကောင်း ရရန်၊ တိုင်းပြည်က လူကောင်း ရွေးတတ်ရန် ရွေးကောက် ပွဲတွင် မတရား အမှုများ မပါဘဲ တရားသဖြင့် ဖြစ်ရန် တို့ကိုလည်း သတိ ပြုသင့်ကြပေသတည်း၊

× × × ×

ဟိုမှာတမျိုး–ဒီမှာတဖုံ

(၂၇)

မြန်မာပြည်၏ နိုင်ငံရေး ပြဿနာသည်၊ အိန္ဒိယ၏ နိုင်ငံရေးပြဿနာနှင့်နှိုင်းယှဉ်၍ ကြည့်လျှင် အရှင်အခွေးဘူ၍ အကြီး အကျယ် မရှိ အလွန် ရှင်း၍ လွယ်ကူသော ပြဿနာတခုပင်ဖြစ်၏ဟု

ယူဆကြပေသည်။ အိန္ဒိယမှာ အလွန်ကျယ်ပြန့်၍ ဟိန္ဒူမူစလင်ကိစ္စ၊ ဇာတ်မြင့်သူဇာတ်နိမ့်သူတို့ကိစ္စ၊ မဟာရာဇာများ ကိစ္စစသော အလွန်ဖြေရှင်းရန် မလွယ်ကူသော ကိစ္စများ ရှိသည့်အပြင်၊ မူစလင်များက မူစလင်နယ်များ သီးသန့်ထားရှိရန် တောင်းဆိုသော ပါကစ်စတန်ပြဿနာလည်း ရှိနေပြန်လေသည်။ မြန်မာပြည်တွင်မူကား အမှန်ပင်စစ် ထိုကိစ္စမျိုး မရှိခဲ့ပေ။ သို့ရာတွင် ယခုအခါ မြန်မာပြည်၏ နိုင်ငံရေး ပြဿနာကို ရှုပ်ထွေးအောင် လိုလားသူတို့ ကမူ၊ လှုံ့ဆော်လျက် ရှိသည်ကို တွေ့ရှိရ၏။

အိန္ဒိယအတွက်စီမံချက်

ဗြိတိသျှအစိုးရတို့၏ ရည်ရွယ်ချက်မှာ၊ အိန္ဒိယကိုရင်း၊ မြန်မာပြည်ကိုရင်း လွတ်လပ်ရေးပေးရန်ဖြစ်၏၊ သို့ရာတွင် ပေးမည်ဆိုသောလွတ်လပ်ရေးမှာ အဓိပ္ပါယ်မရှင်းခဲ့ပေ၊ ယခုအခါ အိန္ဒိယကိုမူ၊ ဗြိတိသျှ အင်ပိုင်ယာ အတွင်းမှ ခွဲထုတ်၍ ဘာကယ် လွတ်လပ်ရေး လိုက ပေးမည် ဟုဆို၏၊ ဤဆိုချက်ကို အခြေပြု၍၊ အိန္ဒိယတွင် ဗြိတိသျှ အစိုးရအဖွဲ့ဝင် ၃ ဦးနှင့် အိန္ဒိယရှိ နိုင်ငံရေး အဖွဲ့ကြီးများဖြစ်သော ကွန်ဂရက်အသင်း၊ မူစလင်လိဂ်အသင်း ခေါင်းဆောင်များနှင့် ၃ ပွင့်ဆိုင် ဆွေးနွေးပွဲများ ကျင်းပခဲ့၏။ ဆွေးနွေးပွဲများ ထ

မြောက် အောင်မြင်ခြင်း မရှိ၊ ပျက်ပြားခဲ့၏။ သို့ရာတွင် ဗြိတိသျှ ကိုယ်တိုင်ကမူ ဆက်လက်၍ စီမံလျက် ရှိ၏။ ၎င်းစီမံချက် အရ ထူးခြားသော အချက်များမှာ—

(၁) ကာကွယ်ရေး၊ စီးပွါးရေးတို့ အတွက် အိန္ဒိယကို အစိတ်စိတ် အပိုင်းပိုင်း မခွဲ၍ တလုံး တစည်းတည်း ထားရှိရန်။

(၂) အိန္ဒိယ ခေါင်းဆောင် များ ပါ၍ ကာကွယ်ရေးဌာနမကျန် အုပ်စိုးမည့် အမျိုးသား ယာယီ အစိုးရဖွဲ့ရန်။

(၃) အိန္ဒိယ၏ အနာဂတ် အုပ်ချုပ်ရေးကို အိန္ဒိယတိုင်းသားတို့က ရေးဆွဲရန်။

စသောအချက်များပင်ဖြစ်ပေသည်။

မြန်မာပြည်အတွက် စီမံချက်

အဆိုပါစီမံချက်များနှင့် ပတ်သက်၍ အိန္ဒိယ နိုင်ငံရေးအဖွဲ့များက မည်သို့ သဘောထားကြသည်ကို အတည့်အကျ မသိရသေး။ သို့ရာတွင် မူစလင်များ တောင်းဆိုသည့် ပါကစ်စတန်ခေါ် မူစလင်နယ်များ သီးသန့် ထားရှိ၍ မူစလင်များ ကြီးစိုးရန်အဆိုကိုကား အတည့်အလင်းပင် ပယ်ချလိုက်ပေသည်။ အိန္ဒိယ နိုင်ငံရေးပြဿနာတို့မှာ မပြီးမပြတ်ဘဲပင် ရှိနေ၏။ မြန်မာပြည် အတွက် ဗြိတိသျှအစိုးရ၏စီမံချက်များကိုစစ်ကြည့်လျှင်၊ အိန္ဒိယအတွက် စီမံချက်တို့နှင့် လွန်စွာကွာခြားလျက် ရှိ၏။ မြန်မာပြည်အတွက် စီမံချက်တို့၌

(၁) မြန်မာပြည်မှ ချင်းတောင်၊ ကချင်တောင်၊ ရှမ်းပြည် ကရင်နီ ပြည်တို့ကို ခွဲထုတ်ရုံမက တောင်ငူ၊ ဖါပွန်နယ်တို့မှ ကရင်တောင်တန်း များကိုပါ ခွဲ၍ မြန်မာပြည်ကို အစိပ်စိပ် အပိုင်းပိုင်းလုပ်ခြင်း။

(၂) မြန်မာပြည်တွင် အာဏာပိုင် ယာယီ အစိုးရအဖွဲ့ ဖွဲ့စည်းရုံသာမက ဘုရင်ခံက အာဏာမဲ့ အတိုင်ပင်ခံ အဖွဲ့ဖြင့် အာဏာရှင် စံနစ်အရ အုပ်ချုပ်နေခြင်း။

(၃) ပေးမည်ဆိုသော လွတ်လပ်ရေး အတန်း အစားမှာ ဒိုမီနီယန် အုပ်ချုပ်ရေးမျှသာ ရှိ၍ မြန်မာပြည်၏ အနာဂတ် အုပ်ချုပ်ရေးမှာ မသေမချာလုပ်ထားခြင်း။

(၄) စီးပွါးရေး ဘက်တွင် အဘက်ဘက်မှ ဗြိတိသျှတို့ လက်မလွှတ် ရအောင် ဖန်တီးထားခြင်းတို့ကို တွေ့ရပေသည်။

ကွာခြားပုံ

အိန္ဒိယအတွက် စီမံချက်တို့နှင့် မြန်မာပြည်အတွက် စီမံချက်တို့ကို နှိုင်းယှဉ်၍ကြည့်လျှင်၊ များစွာကွာခြား၍ စိတ်ပျက်ဘွယ်ပင် ဖြစ်၏။ မြန်မာပြည်အတွက်စီမံချက်တို့နှင့် နှိုင်းစာလျှင် အိန္ဒိယ အတွက် စီမံချက်တို့မှာ အလွန်ပင် မြင့်၏။ သို့ပါလျက် အိန္ဒိယက လိုလိုချင်ချင် ရှိဟန် မတူပေ။ လုံးဝကိုယ်ပိုင် အုပ်ချုပ်ရေးရရန်ကိုသာ ရှေးရှု၍ နိုင်ငံရေးခေါင်းဆောင်များက အားသွန်ခါ ရွက်ဆောင်နေကြပေသည်။ မြန်မာပြည်တွင်မူ ရာထူးသမား, ကိုယ်ကျိုးသမား, စိတ်မခိုင်သူများတို့၏ ပယောဂကြောင့် ရသင့်, ရထိုက်, ဖြစ်သင့်,ဖြစ်

ထိုက်သော အခြေသို့ မရောက်ဘဲဖြစ်လျက် ရှိရ ပေသည်။

နိုင်ငံရေးရွက်ဆောင်ရာတွင်

ယခု အခါ မြန်မာ နိုင်ငံရေး လုပ်ငန်းသည်၊ တနေ့ထက်တနေ့ ရှုပ်ထွေး၍လာမည့် လက္ခဏာများ ပေါ်လျက်ရှိ၏။ လူငယ်စုတွင် အချို့ အချို့သော နိုင်ငံရေး ရွက်ဆောင် နေသူ များသည်၊ လွတ်လပ်ရေးထက် မိမိ ကြိုက်နှစ်သက်သော ဝါဒကို ဖြန့်စေရန်သည် အရေးကြီးလျက်ရှိ၏။ အချို့မှာလည်း အဆက်မပြတ် ဆူပူနေမှ နိုင်ငံရေးလုပ်ငန်း တက်သည်ဟု ယူဆဟန် တူ၏။ အချို့ကလည်း မညီမညွတ်မှုတွေကို တွေ့ရသဖြင့် စိတ်ပျက်ပျက်နှင့် နေသည်ကိုတွေ့ရ၏။ ဤကဲ့သို့ဖြစ်ပျက်လျက်ရှိခြင်းမှာ လွတ်လပ်ရေး လုပ်ငန်းကို ထိခိုက်ခြင်းပင် ဖြစ်လေသည်။ အစည်းအဝေး ခေါ်ခြင်း၊ စိတ်တန်း လမ်း လျှောက် ခြင်းစသော လုပ်ငန်းတို့မှာ၊ နိုင်ငံရေး လုပ်ငန်းတွင် တိုင်းပြည်၏ လိုအင်ဆန္ဒ ပြရန်၊ အင်အားစုရန်, ပြရန်တို့အတွက် အသုံးပြုစမြဲစံနစ်တို့ဖြစ်၏။

ထင်သလိုမကြံကြပါနှင့်

သို့ရာတွင် လွတ်လပ်ရေးထက် ဝါဒကိုအဓိက ထားသူ၊ အရေးမကြီးလှသော ကိစ္စအတွက်

အကြီးအကျယ် အစည်းအဝေး ခေါ်ခြင်း၊ စီတန်း လမ်းလျှောက်ခြင်း ပြုသူ၊ မညီမညွတ် သည်ကို ညီညွတ်အောင်မဆောင်ရွက်ဘဲ စိတ်ပျက် နေသူ တို့သည်၊ လွတ်လပ်ရေးလုပ်ငန်းကို ကူညီသူတို့ မဟုတ်ပေ၊ မည်သည့်နိုင်ငံရေးလုပ်ငန်းတွင်မဆို စီမံချက်သည် မိမိတို့လိုလားချက်ကိုအကျိုးရှိစေ မည်၊ သို့မဟုတ် ထိခိုက်စေမည်ကို စဉ်းစားပြီးမှ သာ အစဉ်အရာရာတွင် ရွက်ဆောင် ကြရန်လို ပေသည်။ ဤသို့မပြုမူဘဲ ထင်သလို ကြံကြံချင် အမှားဘက်မည်ဖြစ်၍ တဘက်တာ အကြိုက်ဖြစ် ပြီးလျှင် လိုရာခရီး မရောက်ဖြစ်မည်ကို အထူး သတိချပ်ကြရပေမည်။

စည်းကမ်းသေဝပ်စွာ

မြန်မာပြည်အတွက်စီမံချက်တို့သည် အမျိုးသား အတွက် စီမံချက်တို့ထက် အောင်မြင်ရန် လို လားအပ်ပေသည်။ ဤသို့လိုလားခြင်းထမြောက် ရန်မှာ ညီညီညွတ်ညွတ် စည်းကမ်း သေဝပ်စွာ နှင့် အထူး သတိ-ဝီရိယထားပြီးလျှင်ရွက်ဆောင် ကြရန်လိုပေသတည်း။

x x x x

ဘုရင်ခံ၏ တာဝန်

(၂၄)

တိုင်းပြည်တပြည်ကို အုပ်ချုပ်ရသောအစိုးရ သည်၊ တိုင်းသူ ပြည်သားတို့၏ ကြည်ညိုလေး စားခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း၊ ဥပဒေစည်း ကမ်းစောင့်ထိန်းခြင်း၊ ငြိမ်သက် ပိပြားစွာ နေ ထိုင်ခြင်းတို့ကို အစဉ်သဖြင့်လိုလား၏၊ လိုလားသည့် အလျောက် ကြည်ညို လေးစားရန်၊ ပူးပေါင်း ဆောင်ရွက်ရန်၊ ဥပဒေ စည်းကမ်း စောင့်ထိန်း ရန်နှင့် ငြိမ်သက်ပိပြားစွာ နေထိုင်ကြသည်တို့ကို ဖြစ်မြောက်အောင် စီမံရပေသည်။ မြန်မာပြည် တွင် ယခုတလော ဖြစ်ပျက်နေသည်ကိုကြည့်၍ မြန်မာပြည် အစိုးရသည် လိုလားချက်များ ဖြစ် မြောက်ရန် မည်သို့ စီမံပါ သနည်းဟု စစ်တမ်း ထင်ကြည့်ရန်လိုပေသည်။

ကွာခြားလှပါတကား

ဒိုလပ်နှင့် ဥရောပတိုက်ရှိ တိုင်းပြည် များ တွင် တိုင်းသူပြည်သားတို့သည်၊ လက်နက်ကိုင် နိုင်သော အခွင့်အရေး ရှိကြ၏။ မြန်မာပြည်တွင် လိုင်စင်ရမှသာလျှင် လက်နက်ကိုင်နိုင်၏။ အီတ လီပြည်၊ ဂျာမနီပြည်၊ ချက်ကိုဆလိုဗါကီယာပြည် တို့တွင် အပျော်ထမ်းစစ်တပ်များဖွဲ့ကြပြီးနောက်

နောက်ဆုံးတွင် စင်ပြိုင် အစိုးရများဖွဲ့စည်းကာ၊ လက်ရှိ မကြည်ညိုသော အစိုးရကို ဖြုတ်ချလေသည်။ ထိုတိုင်းပြည်များ၌အပျော်ထမ်းဆိုသော်လည်း လက်နက် ကိုင်စွဲကာ စစ်ရေးပြခြင်း စသည်တို့ကို ပြုကြသဖြင့် တကယ့် စစ်တပ်နှင့် မခြားတော့ပေ။

မြန်မာပြည်တွင် ယနေ့ဖွဲ့စည်းထားသော ပြည်သူ့ရဲဘော် တပ်သားများမှာ သေနတ်လက်နက်တို့ကိုင်စွဲ၍ စစ်ရေးပြကြသည်မဟုတ်သဖြင့် အလွန်ပင်ကွာခြားပေသည်။

ကာကွယ်ရေးဥပဒေသုံးနည်း

စစ်အခါက တိုင်းပြည် ကာကွယ်ရေး၊ လုံခြုံရေး၊ ငြိမ်သက်ပိပြားရေးတို့အတွက် ကာကွယ်ရေးဥပဒေများကို ဘိလပ်-အိန္ဒိယတို့တွင် ထုတ်ပြန်ခဲ့၏၊ မြန်မာပြည်တွင်လည်း ထိုနည်းတူ ကာကွယ်ရေး ဥပဒေများကို ထုတ်ပြန်၏၊ ထိုဥပဒေနှင့် နည်းဥပဒေတို့မှာ စစ်ပြီးနောက် ၆ လကြာသည့် တိုင်အောင် တည်လျက်ရှိပေမည်။ ဥပဒေအရ စစ်ကြီးသည် မပြီးသေး၊ စစ်ကိုရပ်စဲထားရုံမျှသာ ရှိ၏၊ ယင်းသို့ ဖြစ်၍ မြန်မာပြည်တွင် ကာကွယ်ရေး ဥပဒေမှာ တည်လျက်ရှိ၏၊ သို့ရာတွင် ၎င်းကာကွယ်ရေး ဥပဒေနှင့် နည်းဥပဒေတို့ကို အသုံးပြုနေပုံမှာ ရည်ရွယ်ချက် တခြား အသုံးတခြား ဖြစ်လျက် ရှိ၏။ ဤသို့ ဖြစ်လျက် ရှိခြင်း ကို

ကြည့်သောအခါ ဥပဒေ၏ မူရင်း အချက် ကို၎င်း၊ ဥပဒေတွင် ပါသောစကားများ၏ အဓိပ္ပါယ်ကို၎င်း၊ ရှင်းလင်းစွာသိပုံမပေါ်၍ ဖြစ်ဟန်တူပေသည်။

မြန်မာပြည်သည် ဘိလပ်မဟုတ်

မြန်မာပြည်ရှိကာကွယ်ရေးဥပဒေနှင့်နည်းဥပဒေတို့မှာ ဘိလပ်တွင် ရှိသော ကာကွယ်ရေး ဥပဒေများကို ကူးယူထားခြင်းမျှဖြစ်၏။ ဘိလပ်၏အခြေအနေအတွက် သုံးထားသောစကားများကို မြန်မာပြည်နှင့် မသက်ဆိုင်သော်လည်း မြန်မာပြည်ကိုဘိလပ်မှတ်ယူကာ ထိုစကားများကို သုံးနေသည်ကို တွေ့ရ၏။

စစ်ရေးပြခြင်းနှင့် မဆိုင်

ဥပမာ-ကာကွယ်ရေး နည်းဥပဒေအပိုဒ် ၅၈ (၁) တွင် "Exercise, movement, evolution or drill of a military nature" ဟူသော စကားများပါရှိ၏၊ ၎င်းအပိုဒ်ကို "စစ်ရေး စစ်ရာသဘောမျိုးဖြစ်သော မည်သည့် လေ့ကျင့်ခြင်း၊ သွားလာခြင်း၊ စစ်ချီစစ်တက် ပြုလုပ်ခြင်း၊ သို့မဟုတ် စစ်ရေးပြခြင်းများ"ဟု ဘာသာ ပြန်ထားသည်ကို တွေ့ရ၏။

ယခုပြည်သူ့ရဲဘော်တစ်က ပြနေသော ဒရိန်းပြခြင်းသည် အဆိုပါစစ်နှင့် ပတ်သက်သော စစ်ရေးစစ်ရာ သဘောပါဝင်ပါသလော။ အမှန်စင်စစ်မပါပေ။

မိဟာန်း ရပ်နေခြင်း၊ ဘယ်လှည့်-ညာလှည့်ပြုခြင်း၊ ၂ ယောက်တတွဲ ၃ ယောက်တတွဲ စသည်ဖြင့် လျှောက်ခြင်း အစရှိသော အချက်တို့မှာ မီးသတ်အဖွဲ့၊ စကောက်အဖွဲ့တို့မှာလည်း အသုံးပြုကြ၏။ စစ်ဘက်ဆွင်သော အသုံးပြုခြင်းမဟုတ်ပေ။ လက်နက်ကိုင်၍ 'ဒရိမ်း' ပြခဲ့ပါမူ နှင့်ကွက်စရာရှိ၏။ သို့ရာတွင် လက်နက်ဆိုသည်မှာ မည်သည်ကိုလက်နက်ဆိုပါသနည်း။ ဝါးရင်းတုတ်ကိုင်၍ ဒရိမ်းပြလျှင်စစ်ဒရိမ်းပြသည်ဆိုမည်လော။

ထုတ်ပြန်ထားသည့်အမိန့်တရပ်

အစိုးရ ထုတ်ပြန်သောအမိန့်တို့မှာ အဓိပ္ပါယ် မရှင်းသော ဥပဒေအပိုဒ်ကို အမှီပြုနေသဖြင့် မရှင်းမလင်းရှုပ်ထွေးမည့်ပင်ဖြစ်သည်။ ထို့ထက် ဥပဒေက အာဏာ မပေးဘဲ ပေးသည် မှတ်၍ အမိန့် ထုတ်ပြန် သည်ကိုလည်း တွေ့ရ သေး၏။ ဥပမာ အင်းစိန်အရေးပိုင်၏ အမိန့်တရပ်မှာ "အစိုးရဘက်က ဖွဲ့စည်း ထားသော ရွာကာကွယ်ရေးအဖွဲ့၊ ကင်းအဖွဲ့ စသော အဖွဲ့များရှိပြီး ရွာများတွင် နိုင်ငံရေးပါတီများက ထပ်၍အလားတူ အဖွဲ့များမဖွဲ့ရ၊ ဖွဲ့လျှင် အပြစ်ပေးမည်" ဟူသော

ကွယ်ရေးနည်းဥပဒေအပိုဒ် ၃၈ (၁)အရ အမိန့် ထုတ်ဝေ၏။ ၎င်းအမိန့်အရ တိုင်းပြည်ဘက်ကအဆိုပါအဖွဲ့မျိုးဖွဲ့လျှင် မတရားအသင်းဖွဲ့ရာရောက်လျက်ရှိ၏၊ ကာကွယ်ရေး နည်းဥပဒေ အပိုဒ် ၃၈ (၁)ကိုဖတ်ကြည့်လျှင် အသင်း ဖွဲ့စည်းခြင်းနှင့် တိုက်ရိုက် သက်ဆိုင်သော အချက်များမတွေ့ရပေ။ ယင်းသို့ ဖြစ်၍ ဤအမိန့်မှာ ဥပဒေ အပိုဒ် Ultra-vires အမိန့်မှုပင်ဖြစ်သည်ဟုဆိုရပေမည်။

ကျေနပ်စရာမဟုတ်

အဓိပ္ပါယ် မရှင်းလင်းဘဲ မြန်မာ ပြည်နှင့်မသက်ဆိုင်သောအချက်ကို အကြောင်းပြု၍၎င်း၊ မပေးသောအာဏာကို အသုံးပြုလျက် ဥပဒေအပမှ နေ၍၎င်း၊ အမိန့်ထုတ်ဝေခြင်းတို့ကို တွေ့ရ၏။ ထိုကဲ့သို့သော အမိန့်များကို မနာခံ၍ ဖမ်းဆီးခြင်း၊ အပြစ်ပေးခြင်းများကို တွေ့ရ၏။ ယခုဖြစ်ပျက်နေသော အခြေမှာမည်သူ၏ဟာကွက်နည်း။ တိုင်းပြည်နှင့်အစိုးရ ၂ ဘက်စလုံးက အလျှော့ပေး စားကြရန်ရှိ၏။ အဓိပ္ပါယ် မရှင်းလင်းသော ဥပဒေအရ အမိန့်ထုတ်ခြင်း၊ ဥပဒေအပမှနေ၍ အမိန့်ထုတ်ခြင်းတို့မှာ တိုင်းပြည်က ကြည်ညိုလေးစားရာ အလုပ်မျိုးမဟုတ်ပေ။ ထိုသို့သောအမိန့်မျိုးကိုအခြေခံပြု၍ ဖမ်းဆီးခြင်းတို့မှာ တိုင်းပြည်ကပါဝင် ပူးပေါင်း ဆောင်ရွက်နိုင်သော အလုပ်

မျိုးမဟုတ်ပေ၊ ဖမ်းရုံတွင်မက ထိုကဲ့သို့သော အာဏာ အမိန့်များ နှင့်ပတ်သက်၍ ကာကွယ်ရေး ဥပဒေနှင့် နည်းဥပဒေအရ အပြစ်ပေးခြင်းတို့မှာလည်း တိုင်းပြည်ကကျေနပ်စရာ သဘောတူစရာ အလုပ်မျိုး မဟုတ်ပေ။

ချောက်တိုင်းမကြောက်သောခေတ်

မြန်မာပြည်တရင်ခံမှာ မြန်မာနိုင်ငံတော်အုပ်ချုပ်ရေးဥပဒေပုဒ်မ ၁၃၉ အရ ထီးထည်းတာဝန်ခံ၍ အုပ်ချုပ်နေရသဖြင့် တာဝန်မှာ အလွန်ပင်လေးပေသည်၊ မိမိလက်အောက် အရာရှိကြီးငယ်တို့၏ ရှုံးသွင်းချက် မှောက်မှားချက်တို့ အားလုံး မိမိ၏တာဝန်ပင်ဖြစ်လျက်ရှိပေသည်။ လောကဓံ နှိုင်းအောင်လုပ်၍ မချစ်-ချစ်အောင် လုပ်မှသာ ချစ်သည်၊ ထိုနည်းတူစွာ ရိုသေ လောက်အောင် ပြုမှ ရိုသေမည်၊ အခြေမဲ့ ချောက်တိုင်းလည်း ကြောက်သောခေတ် မဟုတ်တော့ပေ။ "စင်ပြိုင် အစိုးရဖွဲ့လိမ့်မည်၊ ပြည်သူ့ ရဲဘော် အဖွဲ့သည်၊ စင်ပြိုင်အစိုးရ အတွက် စစ်တပ်အဖွဲ့ဖြစ်သည်" စသောခေါင်း၍တွေးသော နည်းမျိုးဖြင့် အောက်သက်ငယ်သားတို့ပြုမူနေကြခြင်းမှာလည်း တိုင်းပြည်ကကြည်ညိုစရာ၊ အားထားစရာ၊ ပူးပေါင်းစရာ၊ ရိုသေစရာ အလုပ်မျိုးမဟုတ်ပေ။

ငြိမ်သက်မှု လိုလားလျှင်

ယခင်းသို့ ဖြစ်၍ ဘုရင်ခံသည် တိုင်းပြည်၏ ကြည်ညိုလေးစားခြင်း၊ အားထားခြင်း၊ ပူးပေါင်းရွက်ဆောင်ခြင်း၊ ဥပဒေစည်းကမ်းစောင့်ထိန်း၍ ငြိမ်သက်ပြီးပြားစွာ နေထိုင်ခြင်းတို့ကို အကယ်စင်စစ် လိုလားပါလျှင် ကာကွယ်ရေး ဥပဒေအရ ယာယီထုတ်ထားသော အမိန့်ပါယ်မဲ့ရှင်း၊ ဥပဒေအပြစ်သည့် အမိန့်များကို ချက်ခြင်း ရုပ်သိမ်း၍ ၎င်းအမိန့်များနှင့် ပတ်သက် ဖမ်းဆီးထားသူ အပြစ်ပေးထားသူတို့ကိုလည်း တပါတည်းလွှတ်ပစ်ရန်လိုပေသည်။ ထို့မှတပါးအရာရှိများအထူးသဖြင့် ပုလိပ် အရာရှိ များတို့ကို တိုင်းပြည်က မနှစ်သက်စေသော အလုပ်များ မလုပ်ကြရန် ကြပ်တည်းစွာ အမိန့်ပေးထားပါက တိုင်းပြည်တွင်တရားမျှတမှန်ကန်ခြင်းဖြစ်၍လူကြည်ညိုနတ် ကြည်ညိုမည်အမှန်တည်း။

× × × ×

မြန်မာပြည် ငြိမ်းချမ်းရေး
(၂၅)

ဒုတိယကမ္ဘာစစ်ကြီး အတွင်းတွင် စစ်ဘေးစစ်ဒဏ် လွတ်သော တိုင်းပြည်များမှာ မရှိသ

ပေါက်ဖြစ်ခဲ့၏။ မြန်မာပြည်တွင်လည်း ဂျပန်တို့ ၃-နှစ် ၃-မိုဃ်းကြီးစိုးစဉ် ဒုက္ခအမျိုးမျိုးတို့ကို ခံခဲ့ကြရ၏။ စစ်ကြီးပြီးသော်လည်း စစ်ဘေး စစ်ဒဏ်တို့ကြောင့် နလံမထူနိုင်ကြသေးပေ။ အနေအထိုင် အလုပ်အကိုင် အစခင်သိမ်းတို့မှာ နေသားတကျ မဖြစ်သေး။ စားရေး သောက်ရေး၊ နေရေးထိုင်ရေး၊ ဝတ်ရေး ဆင်ရေးစသည်တို့ အတွက် တနေ့ထက်တနေ့ သက်သာချောင်ချိ၍ မလာဘဲ ဆိုးဝါးသော အရိပ် နိမိတ်များပင် ပေါ်ထွက်လျက်ရှိ၏။ တကမ္ဘာလုံးရှုမှုသေသောင်းကျန်းခြင်းတို့ကို စက်ဆုပ် ငြီးငွေ့၍ လာသည့် အလျောက် ငြိမ်းချမ်းရေးကို လိုလားကြလေသည်။ ဗြိတိသျှအစိုးရသည်လည်း ငြိမ်းချမ်းရေးကို လိုလား၏။ မြန်မာပြည်သား တို့ကလည်း ငြိမ်းချမ်းရေးကို တကယ်ပင်လိုလားကြ၏။

ငြိမ်းချမ်းရေး နှစ်မျိုး

ငြိမ်းချမ်းရေးကိုလိုလားသော်လည်း၊ လိုလားရုံဖြင့် မရရှိနိုင်၊ လိုလားသည့်အတိုင်းဖြစ်မြောက်အောင်လုပ်မှသာလျှင် ရရှိနိုင်ပေမည်။ ငြိမ်းချမ်းရေးဟူသည် နှစ်မျိုး နှစ်စားရှိ၏။ အုပ်စိုးသူနှင့် အုပ်စိုးခံရသူတို့သဘောမတိုက်ဆိုင်ရာ၊ အုပ်စိုးသူက စစ်တပ်များဖြင့်၎င်း၊ ဥပဒေအမျိုးမျိုးဖြင့်၎င်း ဖိနှိပ်၍ရသော အဓမ္မ ငြိမ်းချမ်းရေးက တမျိုး၊

အုပ်စိုးသူနှင့် အုပ်စိုးခြင်းခံရသူတို့နှစ်ဦးနှစ်ဝ သင့်တင့်ကြသဖြင့် လွတ်လွတ်လပ်လပ် စားသောက်နေထိုင်လျက် စည်စည်ကားကား ရှိသော ဓမ္မငြိမ်းချမ်းရေးက တမျိုး ဖြစ်ပေသည်။ နောက်တနည်းမှာ သုသာန်သင်းချိုင်းတွင် တွေ့ ရ သော ငြိမ်းချမ်းရေးမျိုးနှင့် ကြက်ပျံမကျ စည်ကားပြီး နောက် လွတ်လွတ် လပ်လပ် နေထိုင် ကြသော ငြိမ်းချမ်းရေးမျိုးဖြစ်၏။

ဗြိတိသျှ အစိုးရက မြန်မာ ပြည်တွင် မည်သည့် ငြိမ်းချမ်းရေး မျိုးကို အလို ရှိပါ သနည်း။ အလိုရှိသော ငြိမ်းချမ်းရေး မျိုးကို ရရှိအောင် မည်သို့ စီမံပါသနည်း။

အဓမ္မငြိမ်းချမ်းရေး

မြန်မာပြည်တွင် စစ်ကြီး ပြီးပြီဟု ဆိုသော်လည်း၊ စစ်တပ်မြောက်များစွာထားလျက်ပင်ရှိ၏။ အရပ်ရပ်တွင် နေဝင် မိုးငြိမ်း အမိန့်များလည်း ထုတ်ပြန်လျက်ထား၏၊ ကာကွယ်ရေး ဥပဒေကို ခုလဲအမျိုးမျိုးဖြင့် အသုံးပြုလျက်ရှိ၏။ တိုင်းပြည်၏ စီးပွါးရေးတို့တွင် တဘက်သတ် စားကျိန်းသသောမျိုး ဖိမ်ကျိန်း အမျိုးမျိုးဖြင့် အုပ်စီးလျက်ရှိ၏၊ နိုင်ငံရေးတွင် တိုင်းပြည်၏ ခေါင်းဆောင်များနှင့် ဖီလာပြု၍ အာဏာရှင်စံနစ်ဖြင့် အုပ်ချုပ်လျက်နေ၏။ မြန်မာပြည်သားတို့၏ကံကြမ္မာကို မြန်မာပြည်သားတို့ဘာသာဖန်တီးခွင့်မပြု၊ အစစအရာ

ရာတွင် တမျိုး မဟုတ် တမျိုးဖြင့် ချုတ်ချယ် လျက်ရှိ၏။ ဤအချက် စုတို့ကို ထောက်သော် ဗြိတိသျှအစိုးရက မြန်မာပြည်တွင် လိုလားသော ငြိမ်းချမ်းရေးမှာ အခမ္ဘသုသာန်တစငြိမ်းချမ်းရေး မျိုးနှင့် တူလျက်ရှိပေသည်။

ကိုယ်ရေးပင်မလုံ

ကမ္ဘာ၏ရိက္ခာပြဿနာမှာ လွန်စွာဆိုးဝါးနေ သဖြင့် သရောကြီးတိုက်မည့်ဘေးကိုစိုးရိမ်လျက် ရှိကြ၏။ မြန်မာပြည်သည် ဆန်ရေစပါး အလွန် ပေါများသော တိုင်းပြည် တပြည်ဖြစ်၍ စစ်မဖြစ် မီက ကမ္ဘာ၏ ရိက္ခာတွင် ဆန်တန်ချိန် ၃ သန်း ကျော်နှစ်စဉ်ဖြည့်စွက်နိုင်ခဲ့၏။ ယခုမူကား တခြား တိုင်းပြည်ကို ကူညီဘိုဝေးစွ မြန်မာပြည်အတွက် ပင်မလုံ လောက်မည်ကို စိုးရိမ်လျက် ရှိကြပေ သည်၊ မြန်မာပြည်တွင် စပါး စိုက်ပျိုးခြင်းကို ထိထိရောက်ရောက် ပြန်လည် ထူထောင်နိုင်မှ လည်း ကမ္ဘာ့ရိက္ခာပြဿနာတွင်ပါဝင်ဖြည့်စွက် နိုင်မည့်အပြင် မြန်မာပြည်၏ ငြိမ်းချမ်းရေး ကို လည်း အတော်ပင် ကူညီနိုင်မည်ဖြစ်သည်။

သို့ရာတွင် သို့ပါလျက် အစိုးရ စီမံချက်တို့ကို ကြည့်လျှင် အတော်ပင် စိတ်ပျက် စရာ ဖြစ်၏။ အမတော်ကြေး ပေးရာ မြန်တောင်းရာတွင်၎င်း၊ ကေပိုင်ကိုက်လျှင် တဧကလျှင်၁၅ိ ကျဘုပေးရန်

စီမံချက်တွင်၎င်း၊ ဆန်စီမံကိန်း အဖွဲ့က ပြုမူလုပ် ကိုင်နေပုံတွင်၎င်း၊ လယ်သူလယ်သားတို့၏သက် သာချောင်ချိရေးစီမံပုံတို့တွင်၎င်း၊ လယ်သူ လယ် သားတို့စိတ်ချလက်ချ စိုက်ပျိုးကြရန်အတွက် လူ ဆိုး သူခိုးတို့၏ ရန်ကို ကာကွယ်ရေး တို့တွင် ၎င်း၊ အလွန်ပင် လိုနေသည်ကို တွေ့ရ၏။ ငြိမ်း ချမ်းရေးကို အခြေခံပြု၍ စီမံနေဟန်မတူပေ။

လိုအင်ဆန္ဒနှင့် ဗီလာဖြစ်နေခြင်း

မြန်မာပြည်သားတို့မှာ ကမ္ဘာနှင့် ရင်ဘောင် တန်း တိုးတက် ကြီးပွါးလို၏။ အခြား လက် အောက်ခံတိုင်းပြည်များ လွတ်လပ်ရေး ရသကဲ့ သို့လွတ်လပ်ရေး ရလို၏၊ စီးပွါးရေး၊ ကြီးပွါး ရေး၊ ပညာရေးတို့တွင် မိမိတို့လက်ဝယ်ထားရှိ စီမံလို၏၊ အချုပ်မှာ မြန်မာပြည်သား တို့သည် မိမိတို့၏ကံကြမ္မာကို မိမိတို့ဘာသာဖန်တီးလိုပေ သည်၊ ဗြိတိသျှစီမံကိန်းတို့မှာမူကား ဤသို့မဟုတ် မြန်မာပြည်သားတို့၏ လိုအင်ဆန္ဒနှင့် ပက္ခဗီလာ ဖြစ်လျက်ရှိ၏၊ အစစအရေးရေးတွင် တိုင်းပြည်၏ လိုလားချက်တို့နှင့် မညီမညွတ် ဖြစ်နေခြင်း၊ ဖြစ် လျက်ရှိစေခြင်းတို့သည်၊ ငြိမ်းချမ်းရေးနှင့် အလွန် ပင်ဝေး၏။ ဆူပူသောင်းကျန်းရေးကို တိုက်ရိုက် အားပေးရာရောက်လျက်ရှိပေသည်။

မည်သူ့တာဝန်နည်း

မြန်မာပြည် ဘုရင်ခံသည် မြန်မာ နိုင်ငံတော် အုပ်ချုပ်ရေး ဥပဒေ ပုဒ်မ ၁၃၉ အရ အုပ်ချုပ်နေရ၍ မြန်မာပြည်တွင် ယခု ဖြစ်ပျက်လျက်နေခြင်းတို့ကို ဘိလပ်အစိုးရ အတိအကျ အမှန် အကန်သိပါ၏လော။ သိပါလျှင် ယခုအုပ်ချုပ်နေပုံမှာ ဗြိတိသျှအစိုးရ၏ လိုအင်ဆန္ဒအမိန့်ပေးချက်အတိုင်းပင်လော။ လက်ရှိ အုပ်ချုပ်ရေးကြောင့် လက်ရှိငြိမ်းချမ်းရေးမရခြင်းသည် မည်သူ၏တာဝန်နည်း။ ဗြိတိသျှအစိုးရ စိတ်တိုင်းကျ အုပ်ချုပ်နေရသည်ဆိုပါလျှင် ဘုရင်ခံကို အပြစ်ဆိုဘွယ်မရှိပေ။ ဗြိတိသျှအစိုးရ၏အပြစ်ဖြစ်သဖြင့် ဗြိတိသျှအစိုးရက စိတ်ထားပြောင်းရန် လိုပေသည်။ သို့မဟုတ် ဗြိတိသျှအစိုးရ လိုလားသော အုပ်ချုပ်ရေးမျိုးမဟုတ်၊ ဘုရင်ခံကို လုံးဝဥဿုံတာဝန်လွှဲထားသည် ဆိုပါလျှင် ဘုရင်ခံနှင့် တိုင်းပြည် အဆင်မပြေ ဖြစ်နေသဖြင့် ဘုရင်ခံကို အမြန်ပြန်ခေါ်၍ သင့်တော်သော ပုဂ္ဂိုလ် တယောက် လွှတ်ရန် အရေးကြီးပေသည်။

ငြိမ်းချမ်းရေး လိုလျှင်

မြန်မာပြည်သားတို့သည် ငြိမ်းချမ်းစွာ နေလို၍ စီးပွါးရေး, ကြီးပွါးရေး, ပညာရေး,သာသနာရေးစသည်တို့တွင် ကမ္ဘာနှင့်ရင်ဘောင်တန်း

လိုက်ရန် စီမံ ရွက်ဆောင်လိုကြ၏။ ထိုကိစ္စတို့ကို ထိထိရောက်ရောက် ဖြစ်မြောက်နိုင်ရန် အာဏာပိုင် လွှတ်လပ်ရေးကို မရလျှင် မဖြစ်ပေ။ မရမချင်း နောက်မဆုတ် ရွက်ဆောင်ကြမည်မှာလည်း မလွဲဖြစ်သည်။ ရထိုက်သော နိုင်ငံ အဆင့်အတန်း လူမျိုးအခွင့်အရေးတို့ကို မလိုက်လျောဘဲ၊ အလုပ်မပါ စကားလှလှ ပြောခါ တလှည့်၊ အပြောမပါ စစ်တင်နှင့်နှိပ်ကွပ်ရေး၊ ဥပဒေများ သုံးခါတဖုံ၊ ဤကဲ့သို့ချော့ချီတခါ၊ချောက်ချီတလှည့်ဖြင့် မြန်မာပြည်သားတို့၏လိုလားချက်တို့ကို မပေးဘဲ နေသမျှ ကာလပတ်လုံး တရားသောငြိမ်းချမ်းရေးမျိုး ဖြစ်မြောက်မည် မဟုတ်ပေ။ ဗြိတိသျှအစိုးရသည်၊ သဘောထားပြောင်း၍သော်၎င်း၊ ဘုရင်ခံကို လဲ၍ သော်၎င်း၊ တိုင်းပြည်နှင့် လိုက်လျောစွာ အမြန်စီမံ မှသာလျှင် မြန်မာပြည်၏ ငြိမ်းချမ်းရေးအစစ်ကို ရမည်ဖြစ်သတည်း။

× × × ×

အတွေးနှင့်အလုပ်

(၂၆)

“မြန်မာအတွေး–ရှမ်းအပြေး” ဟူသော စကားသည်ရှိ၏။ ၎င်းစကားတွင် “မြန်မာ အ

တွေး”ဟူသောအပိုဒ်မှာအလွန်ပင် နှံ့၏။ “ရှမ်း အပြေး”ဟူသောအပိုဒ်၏ အဓိပ္ပါယ်ကိုမူ၊ အမျိုး မျိုး ယူဆကြပေသည်။အချို့က“ရှမ်းအပြေး”ဟူ သည်၊ရန်သူ—သို့မဟုတ် အခက်အခဲနှင့် တွေ့ကြုံ က၊ ရှမ်းများသည်၊ ဖယ်ရှောင် သွားသည်ဟု ယူ ဆကြ၏။ ဤယူဆ ချက်သည် မှန်ပုံ မပေါ်ပေ၊ ရှမ်းများသည် မြန်မာများကဲ့သို့ ဇာတိသွေး ဇာ တိမာန်ရှိခြင်း၊ ခဲရင့်ခြင်း၊ စည်းလုံး ညီညွတ်ခြင်း၊ ရန်သူနှင့် ရင်ဆိုင်တွေ့က နောက်မဆုတ်ခြင်းတို့ ကို ရာဇဝင်တွင် တွေ့ရှိရပေသည်။ ယင်းသို့ဖြစ် ၍ “ရှမ်းအပြေး” ဟူသောအပိုဒ်၏ အဓိပ္ပါယ် ကို ရှမ်းတို့သည် တွေးတော၍မနေ၊ ဟုတ် မဟုတ်ပြေး၍ ကြည့်သည်, စုံစမ်းသည်ဟူသော အဓိပ္ပါယ်ယူက သင့်လျော်ပေမည်။ မြန်မာများ သည် အတွေး ဘယ်မျှသန်၍ ဘယ်လို အကျိုး အပြစ်ရှိသည်ကို စဉ်းစားရန်လိုပေ၏။

အဘိုးတန်သောစကားများ

မြန်မာစကားများတွင်(၁)မှန်ကင်းတလှဲ့၊ထင်း တလှဲ့(၂) ရေမီးတခါ ရေသာတလှဲ့၊ (၃)ငါးပျံတ လှဲ့၊ ဘုလုံ တလှဲ့၊(၄) သစ်ငုတ်မြင့်တုံမြက်မြင့်တုံ၊ (၅) ကြွေတလက် ကြက်တချန်၊ (၆) မိုးလင်းတလှဲ့ နေတလှဲ့၊ (၇) အမှောင်ရှိက အလင်း ရှိသည်၊ (၈) ဒုက္ခရှိက သုခရှိသည်၊ (၉)နေသေးသပ ချုံ ထဲက—ကျိုးသွေးသပ တမြမြ စသဖြင့် မြော်လင့် ခြင်းကို အခြေခံထား၍ ရှေ့တွင် မိမိလိုလား ချက် ဖြစ်မြောက်မည်ဟု ကိုယ်ကိုယ်ကို ကိုယ် အားပေးသော စကားများ ဖြစ်လေသည်။ မြော် လင့်ခြင်းရှိစေရန်၊စိတ်မပျက်ရန်၊ စိတ်မလျော့ရန် အတွက်မှာမူ ဤစကားရပ်များသည် အလွန်ပင် အဘိုးတန်၏၊ သို့ရာတွင်“လေထဲတွင် တိုက်အိမ် ဆောက်ခြင်း” “လေဖမ်း ငါးထမ်း ချိခြင်း”မျှ လောက်သာဖြစ်မူ အကျိုးမရှိပေ။ လူတကိုယ် ထင်တသုံး ဆိုသည်နှင့်အညီ မိမိကိုယ်ကို မိမိ အထင်ကြီး၍ နေကလည်း ခရီး ရောက်မည် မဟုတ်ပေ။

အတွေးနှင့် လွမ်းရချိန်

မြန်မာများသည် အတိတ်, တပေါင်, ဘဝေါ စနည်း,အိပ်မက် စသည်တို့တွင် ယုံကြည်ကြ သူ အလွန်ပင်များ၏။ ဗုဒ္ဓရာဇာကို မြော်သူက မြော်၏။ စကြာမင်း စောင့်သူက စောင့်၏။ ပဋ္ဌမြန် ကံဉာဏ်ဝီရိယတို့ကို မေ့ပြီးနောက် အတိတ်ကံ ကိုသာ အားထားသူက အားထား၏။အပြင် အပ က အကူအပံ့ရလိမ့်မည်ဟု တွေးသူက တွေး၏၊ “မူခိုးစားကြွင်း၊ ဆန်တတင်း၊ အဖျင်း သုံးစ လယ်”ဟု စပ်ဆိုထားသော စာအရ မူခိုးဆက် သည် ၁၅ ဆက်ရှိရမည်။ ယခု ၁၁ ဆက်သာ

ရှိသေးသဖြင့် ကျန်အဆောက်များ ပေါ်လာဦးမည် ဟု ပညာသကာ “ပန် နီ ရာ ရာသီချိန်တွင်၊ သောက်ရှိန် ထွန်းတောက်မည်မို့” စသဖြင့် ရွတ်ဆိုခါ မိမိတို့ရာ အဓိပ္ပါယ်သို့ ဆွဲယူပြီးနောက်၊ အလွန် ကျေနပ်ခြင်းဖြစ်ကြသူတို့က ဖြစ်ကြ၏။ အချို့က လည်း နက္ခတ်များကိုကြည့်ကာ ဟောပြောကြ၏။ ယုံသူက ယုံ၏။ ဤကဲ့သို့ဖြစ်၍နေခြင်းမှာ လွတ်လပ်ရေးကို အလွန်လိုချင်၍ပင်ဖြစ်၏။ သို့ရာတွင် အတွေးမျှသာ ဖြစ်၍ အလုပ်မပါသဖြင့် ယနေ့တိုင် အဆိုပါ မြော်လင့်ချက် လိုလားချက်တို့မှာ မဖြစ်မြောက်သေးပေ။

မြတ်ဘုရားဒေသနာတော်

မြတ်စွာဘုရားသည် မည်သည့်တရားများကို ဟောသည် စသဖြင့် ပြောကြဆိုကြသဖြင့် အမှန်ကိုသိလို၍ ကာလာမ မင်းသားများသည်၎င်း၊ လိစ္ဆဝီမင်းသားများသည်၎င်း၊ မြတ်စွာဘုရားထံမှောက် သွားရောက်လျှောက်ထားကြရာ၌ မြတ်စွာဘုရားက- မည်သူက- ငါဘုရား ဘယ်သို့ဟု ဟောသည်ဖြစ်စေ၊ မည်သူက-ငါဘုရား အလိုတော်အတိုင်း ဖြစ်သည်ဟု ပြောသည် ဖြစ်စေ၊ မယုံကြနှင့် ဟောချက် ပြောချက်တို့သည် ငါဘုရား ဟောကြားသော သုတ္တန် ဒေသနာ-ဝိနည်း ဒေသနာတို့နှင့် ညီ၊မညီကို ကိုယ်ပိုင်ဉာဏ် သုံး၍

စစ်ဆေးရမည်။ ညီခဲ့သော် လက်ခံ၊ မညီလျှင် ပယ်ရမည်ဟု အမိန့်ရှိ၏။ ထို့နည်းတူစွာ ပရိနိဗ္ဗာန်စံလွန်တော်မူခါနီးတွင် ညီတော် အာနန္ဒာအား မဟာပဒေသ တရားလေးပါးကို အမိန့်ရှိတော်မူခဲ့၏။ ၎င်းမဟာပဒေသ တရားလေးပါး၏ ဆိုလိုရင်းမှာလည်း ကြားတိုင်း-ပြောတိုင်း မစဉ်းစားဘဲ အရမ်းမယုံရ။ ဟုတ်-မဟုတ် မှန်-မမှန်ကို စစ်ဆေးပြီးမှသာ ယုံကြည်ရမည်ဖြစ်သည်။

မဆုတ်မနစ်သော လုံ့လဖြင့်

မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်စံတော်မူခါနီး နောက်ဆုံး ပေးခဲ့သော အဆုံးအမမှာ “အပ္ပမာဒေန သမ္ပာဒေထ” ဖြစ်၏။ မဆုတ်မနစ် မမေ့မလျော့သော လုံ့လဖြင့် အားထုတ်ရွက်ဆောင်ကြရမည်ဖြစ်၏။ မြတ်စွာဘုရား၏ ဤအဆုံးအမအရ ကိုးသားသော လွတ်လပ်ရေးရရန်မှာ အမျိုးမျိုး တွေးတော၍ နေရုံနှင့်မပြီး။ မြော်လင့်ချက် အမျိုးမျိုးဖြင့် အချိန်ကုန်စေ၍မဖြစ်နိုင်။ “ဥစ္စာရှင် လိုက-ဥစ္စာရှင်ခဲရမည်” ဟူသော စကားအရ ကိုယ်တိုင် မဆုတ်မနစ်သော လုံ့လဖြင့် မမေ့မလျော့ဘဲ မရမချင်း ကိုယ်ထိလက်ရောက် ရွက်ဆောင်ကြမှသာလျှင် လိုရာ လွတ်လပ်ရေးကို ရပေမည်။ သို့ရာတွင် ဤသို့ ကိုယ်ထိလက်ရောက် ရွက်ဆောင်ရာတွင် လွတ်လပ်ရေး၏ရန်သူ လွတ်

လပ်ရေး၏ ဆူးငြှောင့်ခလုတ်တို့ကို အစဉ်သတိပြုရလိမ့်မည်။ ဤသို့ မပြုက လွတ်လပ်ရေး လုပ်ငန်း မတွင်ကျယ်။ အချိန်ကုန်, ငွေကုန်, လူပမ်းသလောက် ခရီးမရောက် ဖြစ်ပေလိမ့်မည်။

လွတ်လပ်ရေး–ဘန်းပြသူတို့အား

အတွေး,အပြော လုပ်ငန်းမှ အလုပ် လုပ်ငန်းသို့ ကူးပြောင်း၍ ရွက်ဆောင်ကြသောအခါ အငြိက လိုလားသော လွတ်လပ်ရေး၏ ရန်သူတို့သည် လွတ်လပ်ရေးကိုဘန်းပြ၍ မိမိတို့လိုလားရာသို့ ဆွဲငင်တတ်ကြ၏။ ဤကဲ့သို့ ဆွဲငင်ခြင်းကို အားမပေးရ၊ နှိမ်နင်းပေးရမည်။ နှိမ်နင်းရန် အတွက် အောက်ပါအချက်တို့ကို အစဉ်သတိပြုကြရန်သင့်၏။

နှိမ်နင်းရန်အတွက်

(၁) ‘‘လွတ်လပ်ရေး’’ထက် မိမိဝါဒပြန့်ပွါးအောင် လုပ်သူသည် လွတ်လပ်ရေး၏ မိတ်ဆွေမဟုတ်။

(၂) အလွန်အကျွံ ဟောပြော၍ လူများကို ဆွဲပြီး နောက် အဓိကရုဏ်း ဖြစ်သောအခါ ရှောင်တိမ်းနေသူသည် လွတ်လပ်ရေးဖျက်ဆီးသူဖြစ်သည်။

(၃) ညီညွတ်စည်းလုံးခြင်းသည် လွတ်လပ်ရေး၏ အုတ်မြစ်ဖြစ်လျက် လွတ်လပ်ရေး ပျက်ပြားရန် မြန်မာပြည်သား အချင်းချင်း အထင်မှား-အမြင်မှား စိတ်ဝမ်းကွဲ သွားအောင် လုပ်သူသည် လွတ်လပ်ရေး၏ ရန်သူဖြစ်၏။

(၄) မိမိ၏ ပါတီအသင်းအဖွဲ့၏ အကျိုးကိုသာ ရှေးရှု၍ ၎င်း၊ မိမိ ထင်ပေါ်ကျော်စောရေး၊ ကောင်းစားရေးတို့ကို လိုလား၍၎င်း၊ အမျိုးမျိုး ခြေထိုးသူသည် လွတ်လပ်ရေးသမား မဟုတ်ဘဲ လွတ်လပ်ရေး၏ ရန်ဆူးခလုတ်သာဖြစ်၏။

(၅) လွတ်လပ်ရေးလုပ်ငန်းတွင် မိမိကိုယ်တိုင် ပါဝင် ရွက်ဆောင်ခြင်းကို မပြု၊ ရွက်ဆောင်နေသူကိုလည်း အားမပေး၊ စိတ်ပျက်အောင် အလုပ်ပျက်အောင် အနှောင့်အယှက် ပြုသူတို့သည် လွတ်လပ်ရေး ရန်သူတို့ပင်ဖြစ်၏။

(၆) လွတ်လပ်ရေးလုပ်ငန်းတို့ကို ထိခိုက်စေသော မဟုတ်မမှန်သတင်းများ၊ ကောဠာဟလ သတင်းများကို ရေးခြင်း၊ လွှင့်ခြင်း၊ ပြောဟောခြင်း ပြုသူတို့သည် လွတ်လပ်ရေး ရန်သူများဖြစ်၏။

အထက်တွင် အနည်းငယ်ပြထားသော လွတ်လပ်ရေး၏ရန်သူ၊ လွတ်လပ်ရေး၏ ရန်ဆူးခလုတ်တို့ကို သတိမူကြပြီးလျှင် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နှင့် သစ္စာတရားစောင့်ထိန်း၍ မိမိအမျိုးသားအတွက် အနစ်နာခံပြီးလျှင် နောက်မဆုတ်တမ်းဖြင့် လွတ်လပ်ရေး အောင်ပန်းကို ဆွတ်ခူးကြရန် အပြော--အတွေးတို့ကို ရပ်ပြီး၊ အလုပ်စခန်းသို့ ကူးပြောင်း ရွက်ဆောင်ကြရန်သာ လိုပေသတည်း။

× × × ×

ပညာနှင့်မြင်ညာ

(၂၇)

လွန်ခဲ့သော ရက်အနည်းငယ်က ကျောင်းဆရာတဦးနှင့် ပညာရေး ဆွေးနွေးခဲ့၏၊ အဆိုပါကျောင်းဆရာက "ကျွန်တော်တို့ မြန်မာပြည်တွင် ပညာသင်ကြားရေးမရှိပါ၊ မြင်ပြီးညာတာသာရှိပါသည်"ဟုပြောရာ၊ ကျွန်တော်က"ဘယ်လိုမြင်လို့ ဘယ်လိုညာပါသနည်း"ဟုမေးသောအခါ"သင်ခန်းစာများကို ခဏခဏပြင်ပါသည်။ သင်နည်း ကိုလည်း ခဏ ခဏ ပြင်ပါ သည်။ သင်ခန်းစာ အုပ်ချုပ်ရေးကော်မီတီက သင်ခန်းစာများကို ခဏခဏအသစ်ထွင်၍ ပညာရေးဌာနကလည်း ခဏခဏသင်ခန်းစာများကိုအသစ် ပြဋ္ဌာန်းပါသည်။ စစ်မဖြစ်မီကသင်နည်းစံနစ်တမျိုး၊ စစ်အုပ်ချုပ်ရေးတုန်းက သင်နည်း စံနစ်တမျိုး၊ ယခုအစိုးရက သင်နည်းစံနစ်တမျိုး လုပ်နေပြန်ပါသည်။ သင်ခန်းစာများကို ခဏခဏပြောင်း သဖြင့် ကျောင်းသုံး စာအုပ် ရိုက်နှိပ် ရောင်းချသူတို့မှာ အကျိုးရှိ၏။ ကျောင်းသားမိဘများမှာ စရိတ်ကုန်၏၊ သင်ခန်းစာ ကို၎င်း၊ သင်နည်း ကို၎င်း၊ ခဏခဏပြောင်းသဖြင့် ပညာပါရဂူဘို့မှာ အလုပ်ရှုပ်၏။ ကျောင်းသား များမှာ ပညာ မရကြ

ပါ၊ ဤနည်းဖြင့်ပညာသင်ကြားပေးခြင်း မဟုတ်၊ မြင်၍ ညာနေကြခြင်းသာ ဖြစ်သည်" ဟုဖြေဆိုလေသည်။

ပညာနှင့် သညာ

ဤကျောင်းဆရာ၏ ပြဿနာချက်မှာ လုံးဝမှန်သည်ဟု မဆိုနိုင် သော်လည်း၊ မြန်မာပြည်တွင် ပညာ သင်ကြားရေး အစစ်အမှန်မရှိသည်ကား မှန်ပေသည်။ မြန်မာပြည် အစိုးရ၏ ပညာရေး ဌာနဟု ခေါ်သော ဌာနကိုအုပ်ချုပ်စီမံရသူအား အင်္ဂလိပ်ဘာသာဖြင့် Director of Public Instruction (ဒါရိုက်တာအော့-ပတ်ဘလစ်အင်စထရတ်ရှင်း) ဟုခေါ်၏။ ၎င်းအမည်ကို မြန်မာဘာသာသို့ ပြန်ပါလျှင်၊ သင်ကြားရေး ညွှန်ကြားဝန်ဟု အဓိပ္ပါယ် ရလေသည်။ ပညာရေး ဌာနကိုအုပ်စီးသူ၏ တာဝန်သည် ပညာ သင်ကြားရန် မဟုတ် သညာအတွက်သာဟု ဆိုသလို ဖြစ်နေပေသည်။ မြန်မာပြည်တွင် ပညာ ထွန်းကားသင့်သလောက် မထွန်းကားသည်ကို ထောက်လျှင် ပညာရေးဌာနမရှိ သညာရေးဌာနသာ ရှိသကဲ့သို့ပင် ဖြစ်လျက် ရှိပေသည်။ ပညာနှင့်သညာသည်၊ အလွန်ပင်ခြားနား၏၊ ပညာတွင်ထိုးထွင်း သိနားလည်ခြင်း၊ အမှားအမှန် ဝေဘန် နိုင်ခြင်း၊ ထွင်၍လုပ်နိုင်ခြင်းစသော အရည်အချင်းများကို

ဖြစ်စေ၏။ သညာမှာ သင်ပြ ပေးရာလောက်ကို သာအမှတ်အသားပြု၍၊ အရာမှာ-မှာသလောက် သာ တတ်မြောက်ခြင်း ဖြစ်ပေသည်၊ ပညာဟူ သည် ကျောင်းတွင်သင်ကြား၍ ရသလောက်ဖြင့် မပြီးစီး၊ မွေးသည့်အချိန်မှ သေသည့် အချိန်အထိ အစဉ်ဆည်းပူးရလေသည်။ သညာသည် ပညာ ဆည်းပူးရာတွင် အကူအပံ့သာဖြစ်၏။

ပညာရေးဌာန၏ ရည်ရွယ်ချက်

တိုင်းပြည် တပြည်တွင် ပညာ သင်ကြား ပေးသည်ဆိုရာ၊ ရည်ရွယ်ချက်, ရည်ရွယ်ချက်ထမြောက်အောင် သင်နည်း စနစ် နှင့်ရပ်စလုံးကို အထူးသတိပြုအပ်၏။ မြန်မာပြည် အစိုးရ၏ ပညာရေးဌာနခေါ် သညာရေးဌာန၏ ရည်ရွယ်ချက်နှင့် စနစ် မှာ မြန်မာပြည်သူပြည်သားတို့ကို ကမ္ဘာပေါ်ရှိ တိုင်းပြည်များ နှင့် အစစအရာရာ၌ ရင်ဘောင်တန်းပညာတိုးတက်ရန်မဟုတ် အစိုးရနိုင်းစေရန် နိုင်ငံခြားသားတို့ အတွက် အသုံးဝင်ရန် လို အပ်သည့်သညာများကို သင်ကြားပေးနေသည်နှင့်တူပေသည်။

ငယ်ရွယ်သူတို့နှင့်ပညာရေး

ကလေးသူငယ်များသည် ငယ်ရွယ်စဉ်အခါ၌ ရွံ့နှင့်တူ၏၊ ရွံ့သည်ပြောပျောင်းသဖြင့် လိုရာ ပုံသဏ္ဌာန်ကို လုပ်၍ဖြစ်သကဲ့သို့ ကလေးများကို လည်း ငယ်စဉ်က လိုရာ အခြေသို့ ရောက်ရှိ အောင် ဖန်တီး နိုင်ပေသည်၊ ဤသို့ ဖန်တီး ရာ၌ သက်ဆိုင်သူတို့မှာ ပုဗ္ဗာစရိယ မိနှင့်ဘ ဆိုသည့် အတိုင်း ပဌမ ဖန်တီးရ သူတို့မှာ မိဘပင် ဖြစ်

သည်၊ ထို့နောက် ကျောင်းသို့စာသင်ရန်ရောက် ရှိသောအခါ ကျောင်းဆရာနှင့် တိုက်ရိုက် သက် ဆိုင်ပြန်၏၊ မိဘ-ကျောင်း ဆရာနှင့် မပြီးသေး၊ ပညာရေး ဌာန၏ ရည်ရွယ်ချက်နှင့် သင်ကြား စေသော စံနစ်တနည်းအားဖြင့် တိုင်းပြည်၏ လို လားချက်သည် တတိယ ဖန်တီးသောအချက်ပင် ဖြစ်သည်။ ထို့မှတပါး သင်ကြားသော နေရာနှင့် သင်ကြားသူ၏ ပတ်ဝန်းကျင်ရှိ အကြောင်းအရာ တို့သည်လည်း ဖန်တီးရာတွင် အလွန်ပင်အရေး ပါ အရာရောက်၏၊

အုဋ္ဌမြစ်ခိုင်မှ

အထက်ပါ စဉ်းစားချက်တို့ကို အထောက်အ ထားပြု၍၊ မြန်မာပြည်ပညာရေးပြဿနာကို စဉ်း စားပါလျှင်၊ ပဌမ ရည်ရွယ် ချက်သည် အလွန် ပင် အရေးကြီးကြောင်း ထင်ရှား ပေလိမ့်မည်၊ ရည်ရွယ်ချက်မှာ အုဋ္ဌမြစ်နှင့်တူ၏၊ အုဋ္ဌမြစ်ချရာ တွင် မသေချာ မခိုင်ခံ့လျှင် ထိုသို့ ချထားသော အုဋ္ဌမြစ်ပေါ်တွင် မည်သည့် စနစ်နှင့်ပင် တည် ဆောက်စေ ကာမူ တည် ဆောက် သော အ ဆောက်အဦသည် ခိုင်မြဲမည်မဟုတ်ပေ။ မြန်မာ ပြည်ကျောင်းများနှင့်တက္ကသိုလ်မှထွက်လာသော သူငယ်များကို အစိုးရအမှုထမ်း, ကုန်တိုက် စာ ရေး, ရှေ့နေရှေ့ရပ်, ကျောင်းဆရာ, ဆေးဆရာ

လောက်သာမှန်းပါသလော၊ သို့မဟုတ်ကျောင်း ကထွက်ပြီးနောက် အလုပ်အကိုင် အမျိုးမျိုးဝွင် ထူးထူးချွန်ချွန် ထမ်းဆောင်နိုင်ရုံမကထွင်၍လုပ် နိုင်ကိုင်နိုင် သူတို့အဖြစ် ယိုလား ပါသလော စ သော အချက်တို့ကို သတိမူ၍ လိုရာ ရည်ရွက် ချက်ကို ဆုံးဖြတ်ရပေလိမ့်မည်။ ဤသို့သေချာစွာ ဆုံးဖြတ်ပြီးမှ သင်နည်းစနစ် သင်္ခန်းစာစသည် တို့ကို စီမံရပေလိမ့်မည်။

ညံ့ဖျင်းသော မြန်မာပြည် ပညာရေး စနစ်

မြန်မာပြည်တွင် ပညာ သင်ကြားရေး သည် တိုးတက် နေသော နိုင်ငံ များနှင့် နှိုင်းစာလျှင်၊ အလွန်ပင်နောက်ကျလျက်ရှိ၏။ ထိုသို့နောက်ကျ နေပါလျက်၊ မြန်မာပြည်သားထဲက ထူးချွန်သော ပုဂ္ဂိုလ်များ အနည်းငယ် ပေါ်ထွက်လျက် ရှိရာ ပညာရေးစနစ်ညံ့ ဖျင်းပါက ဤသို့ထူးချွန်သူများ ပေါ်ထွက်မည် မဟုတ်ဟုစောဒကတက်ကောင်း တက်ပေလိမ့်မည်၊ အမှန်အားဖြင့်မှာ ပညာရေး စနစ်ကောင်း၍ မဟုတ်၊ ပညာရေးစနစ် ညံ့ဖျင်း သော်လည်း၊ မြန်မာပြည် သားတို့၏ မူလအခြေ ခံမညံ့ဖျင်းခြင်းကြောင့် ဖြစ်လေသည်။ အကယ် ၍သာ ရည်ရွယ်ချက် ကောင်းကောင်းနှင့်မြန်မာ ပြည်သားတို့ ဘာသာ၊ ပညာရေးကို စီမံဖန်တီး ရပါမူ၊ ယခုကဲ့သို့ အောက်ကျ-နောက်ကျ အခြေ

တွင် ရှိမည်မဟုတ်၊ အလွန်ပင် တိုးတက်ထွန်း ကားရန်သာ ရှိပေသည်။

စိတ်တိုင်းကျ စီမံနိုင်မည့်အချိန်

သို့ရာတွင် မြန်မာပြည်မှာ သခင် တိုင်းပြည် မဟုတ်၊ ဗြိတိသျှ အစိုးရ လက်အောက်ခံ တိုင်း ပြည်ဖြစ်၏။ မြန်မာပြည်သားတို့မှာလည်း သခင် အခြေမရသေး၊ ကျွန်ဘဝ တွင်ပင် ရှိကြ သေး သည်။ လွတ်လပ်ရေး ရမှသာလျှင် လိုရာ ပညာ ရေးကို စိတ်တိုင်းကျ စီမံဖန်တီး နိုင်ပေမည်။ ယင်းသို့ဖြစ်၍ လွတ်လပ်ရေး ရရန်သည် အလွန် အရေးကြီး၏။ လွတ်လပ်ရေးရရန် တခုသာလျှင် မြန်မာပြည်သားတို့၏ အလုပ်ဖြစ်၏၊ ယင်းသို့ဖြစ် ၍ ဝါဒကိစ္စ၊ ပါတီကိစ္စတို့ကို ခေတ္တဘေးမှာ ချပ် ထားပြီးနောက် လွတ်လပ်ရေးရမှု တခုကို သာ လျှင် ညီညီ ညွတ်ညွတ် စည်းကမ်းတကျ မရမ ခြင်း ဇွဲသန်သန်နှင့် ရွက်ဆောင်ကြရန်သာ လိုပေ သတည်း။

× × × ×

ဂေါ်-သာ-ဂေါ်

(၂၈)

လွန်ခဲ့သော သင်းကြန် အတွင်းက ရန်ကုန်မြို့တွင် အသင်းများ ဖွဲ့၍ မော်တော်ကား များဖြင့် လှည့်၍ ရေကစား ကြရာ၌ သံချပ် အမျိုးမျိုး ထိုးကြ၏၊ ထိုသို့ ထိုးသော သံချပ် များတွင် "ဂေါ်-သာဂေါ်" ဟူသော သံချပ်လည်း ပါရှိပေသည်၊ ၎င်း "ဂေါ်-သာဂေါ်" ဆိုသော စကားသည် မည်သည့် အချိန်က, မည်သည့် နေရာတွင်, မည်သည့် အဓိပ္ပါယ်နှင့် မည်သူက စသည် တိကျစွာ စုံစမ်း၍ မရပေ၊ လွန်ခဲ့သော ရက် အနည်းငယ် အတွင်းက သတင်းစာ တစောင်တွင် 'ထွင်၍ ထွင်ဘတ် ပလေ' ဟူသော ခေါင်းစဉ်ဖြင့် ရေးရာ၌ "ယခု လက်ငင်း ရန်ကုန်မြို့၌ ပေါ်ပေါက် နေသော စကား တို့ကား 'ဂေါ်နိုး' (အဓိပ္ပါယ်မှာ နောက်ပိုး) ဂေါ်နိုးမစွန့် (အဓိပ္ပါယ်မှာ ပိုးသော်လည်း မရ) 'ဂေါ်သာဂေါ်' (အဓိပ္ပါယ်မှာ ပိုးသာပိုး) 'ပုံးရိုက်တယ် (အဓိပ္ပါယ်မှာ ထမင်းစားသည်) စသည်တို့ ဖြစ်ရာ" ဟုတွေ့ရှိရ၏၊ 'ဂေါ်သာဂေါ်'ဆိုသော စကား၏ အဓိပ္ပါယ်ကို 'ပိုးသာပိုး' ဟု ယူခြင်းသည် လုံလောက်မည်မထင်ပေ။

အဘိုးကြီးသော, ဘာသော, ညာသော

သင်းကြန် အတွင်းက လူငယ် တစုတို့သည် ကျွန်တော်၏ နေအိမ်ရှေ့ ရောက်တိုင်း, ရောက်တိုင်း "အဘိုးကြီးသော, ဘာသော, ညာသော-ဂေါ်သာ ဂေါ်, ဂေါ်သာ ဂေါ်" "အမယ်ကြီးသော, ဘာသော, ညာသော-ဂေါ်သာဂေါ်, ဂေါ်သာဂေါ်" ဦးဘဘေ ကြီးသော, ဘာသော, ညာသော- ဂေါ်သာဂေါ်, ဂေါ်သာဂေါ်" ဟု သံချပ်ထိုးကြ၏၊ ကျွန်တော့ အိမ်ရှေ့တွင် ကပ္ပလီ တင်ရှိ၏၊ တဘက်တွင် ကုလား တဲပုတ် ကလေးများရှိ၏၊ နောက် တဘက်တွင် မြို့စီပါယ်နှင့် ဆေးရုံ အမှုထမ်း ကုလားများ ရှိ၏၊ ပိုးလောက် ပန်းလောက်သော အပျိုအရွယ် မိန်းမပျို၍ မရှိသဖြင့် 'ဂေါ်သာဂေါ်'ကို ပိုးသာပိုး ဟူသော အဓိပ္ပါယ်ဖြင့် မကိုက်ညီပေ။

ဂွတ်သထင်-ဒူးသာဒူး

အင်္ဂလိပ်မြန်မာစကားတတ်သူ လူငယ်အချို့တို့သည် အင်္ဂလိပ် တခွန်း-မြန်မာ တခွန်း စပ်၍ "ဂွတ်သထင်လျှင် ဒူးသာဒူး" ဟု ပြောသည်ရှိ၏၊ 'ဂွတ်'မှာ အင်္ဂလိပ် စကား 'ကောင်းသော' 'ကောင်းသည်'ဟု အဓိပ္ပါယ်ရ၏၊ 'ဒူး' မှာ 'ပြုသည်' 'လုပ်သည်' အဓိပ္ပါယ်ရှိ၏၊ ထို့ကြောင့် 'ဂွတ်သထင်လျှင် ဒူးသာဒူး'ဆိုသည်မှာ "ကောင်း

တယ်ထင်လျှင် လုပ်သာလုပ်”ဟုဆိုသည်ပင်ဖြစ်သည်။ “ဂေါ်သာဂေါ်” ဟူသော စကား မှာလည်း “ဘယ်သူဘာပြောပြော လုပ်သာလုပ်” ဟူသော အဓိပ္ပါယ်ရ၏။ ဤအဓိပ္ပါယ်မှာ ခေတ်ဖြစ်နိုင်ငံရေးနှင့်လည်း ဆီလျော်ပေသည်။

နိုင်ငံရေးနှင့် ဆီလျော်ပုံ

“ဘယ်သူဘာပြောပြော လုပ်သာလုပ်” ဟူသောစကား၏ အဓိပ္ပါယ်မှာ ဒိုရိုကရေစီသဘောနှင့် ပက္ခဖြစ်၍ ဖက်ဆစ်သဘောသက်ဝင်၏။ မြန်မာပြည်နိုင်ငံရေးကို စစ်ဆေး၍ကြည့်လျှင် ဗြိတိသျှအစိုးရပြုမူလုပ်ကိုင်နေပုံမှာ ဖက်ဆစ်စနစ်နှင့် မခြားပေ။ မခြားပုံကို အောက်တွင် အနည်းငယ် ပြပါအံ့။

ဖက်ဆစ်စနစ်နှင့် မခြား

၁။ မြန်မာနိုင်ငံက စက္ကူဖြူစာတမ်းအရ စီမံကိန်းကိုမလိုလားကန့်ကွက်၏။နေသူရိန်စီမံကိန်းကိုလိုလား၏။ တောင်းဆို၏။ ဗြိတိသျှ အစိုးရက မြန်မာပြည် ဘုရင်ခံထံသို့—

> နေသူရိန်စနစ်သော—ဘာသော ညာသော, ဂေါ်သာ
> ဂေါ်,ဂေါ်သာဂေါ်—

ဟု အမိန့်ပေးသွားဟန်ဘူ၏၊

၂။ မြန်မာပြည်သားတို့၏ စီးပွါးရေးကို ဝိနိုက်သော အစိုးရ စီမံကိန်းများကို မြန်မာပြည်သားမလိုလား။ ကန့်ကွက်ကြ၏။ ဗြိတိသျှ အစိုးရကမူ မြန်မာပြည် ဘုရင်ခံထံသို့—

> မြန်မာပြည် စီးပွါးရေးသော- ဘာသော, ညာသော,
> ဂေါ်သာဂေါ်, ဂေါ်သာဂေါ်—

ဟု အမိန့်ပေးထားဟန်တူ၏။

၃။ မြန်မာပြည်၏ နိုင်ငံရေး စီးပွါးရေး တို့ကို ဘီလပ်သို့ ကိုယ်စားလှယ်များ သွတ်၍ ရှင်းရန်၊ ဖ--ဆ-ပ-လ က ကြိုးပမ်း၍ ကိုယ်စားလှယ်များ သွားရန် စီမံ ပေးဘို့ကို တောင်းဆို၏၊ ဗြိတိသျှ အစိုးရက ထိုတောင်းဆို ချက်ကို မလိုက်လျော……

> ဖ,ဆ,ပ,လ သော ဘာသော ညာသော ဂေါ်သာ
> ဂေါ်……ဂေါ်သာဂေါ်—

ဟု ဘုရင်ခံထံ စာပြန်ဟန်တူ၏၊

၄။ မြန်မာပြည်ကို အိန္ဒိယက ခွဲပြီးနောက် နိုင်ငံရေး စီမံကိန်း တို့တွင် အိန္ဒိယ ထက် နောက်မကျ အောက်မကျ စေရ ပါဟု ဗြိတိသျှ အစိုးရက ဂတိထား၏။ ထိုဂတိနှင့် စက္ကူဖြူ စာတမ်းသည် မညီညွတ်သဖြင့် ဂတိအရ လုပ်ရန်

သတိ ပေးကြ သော်လည်း၊ ယခု ထင်သလို ပြုနေခါ……

> တို့ ဂတိသော ဘာသော ညာသော ဂေါ်သာဂေါ် ဂေါ်သာဂေါ်…

ဟုဘုရင်ခံထံ အကြောင်းကြားဟန်တူ၏။

ရပ်တန်းတွင် မရပ်လျှင်

အထက်တွင် အနည်းငယ် ပြထားသော အချက်တို့ဖြင့် ဗြိတိသျှအစိုးရတို့သည် စကားလှလှ ပြော၍ မြန်မာပြည်သားတို့ အပေါ်တွင် သဘော မပြောင်း၊ ရှေးဟောင်းစံနစ်အရ ထင်သလိုကျင့် ကြံကိုသလျှင် စိမ့်လုပ်ကိုင်လျက် ရှိပေသည်။ ဤသို့ပြုမူ လုပ်ကိုင်နေခြင်းကား သဘာဝ ဓမ္မနှင့် မညီ၊ ဗီလာဖြစ်သည်။ ရော်ဘာ ဘောလုံး တလုံး တွင်းသို့ လေထိုး၍ထည့်လျှင် ရော်ဘာက လေကို ပြန်၍ကန်၏။ အားဖြင့် လေကို ထပ်ခါ ထပ်ခါ ထိုးသလောက် ရော်ဘာကလည်း ပြန်၍ပင်ကန် လေသည်။ ရပ်တန်းတွင်မရပ်ဘဲ အတင်းလေကို ထပ်မံထိုးထည့်လျှင် ရော်ဘာကလည်း အတင်း ပြန်ကန်၍ နောက်ဆုံးတွင် ဘောလုံး ပေါက်လေ သည်။ ဤကား သဘာဝဓမ္မပင်ဖြစ်၏။

ရှေးခေတ်နှင့်မတူတော့ပြီ

ဗြိတိသျှအစိုးရတို့သည် မြန်မာပြည်၏လိုအင် ဆန္ဒကိုသိကြ၏။ မြန်မာတို့သည် လွတ်လပ်ရေး

ကို မရ-မနေနိုင်ဖြစ်နေသည်ကို သိ၏။ မပေးက မရလျှင် ရအောင် ရှက်ဆောင် ကြလိမ့် မည်ကို လည်း ရိပ်မိ၏။ လက်ရှိ နိုင်ငံရေး လုပ်ငန်းများ တွင် မြန်မာပြည်သားတို့သည် ယနေ့တခြား ညီညွတ်၍ အင်အား ကြီးမား လာသည်မှာလည်း ထင်ရှား၏။ အလိမ္မာသုံးသော ခေတ်၊ စကားလှလှ ပြော၍ ပျားရည်နှင့် ဝမ်းချသော ခေတ်၊ စစ်တပ် လက်နက်အင်အားပြ၍ နှိမ်သော ခေတ်စသည်တို့ မှာ ယခုအခါ မစွန်တော့ပေ။

လောကတံထွာ မမှတာ

ကမ္ဘာကြီးသည် တိုးတက်လျက်ရှိ၏။ မြန်မာ ပြည်ကို တိုးတက်သော ကမ္ဘာကြီး အတွင်းမှ ထုတ်၍ထားရန်ကား မဖြစ်နိုင်တော့ပေ။ ကမ္ဘာ၏ နိုင်ငံရေး ပြဿနာတို့မှာလည်း ရှေးအခါ ကဲ့သို့ မဟုတ်၊ မြန်မာပြည်ကိစ္စကို တခြားတိုင်းပြည်ကိစ္စ တို့နှင့်မသက်ဆိုင်ဟု ခွဲခြားထား၍ မဖြစ်နိုင်၊ ဩစ ကြီးယား၊ ဟန်ဂေရီပြည် အိမ်ရှေ့ မင်းသား ကိုပင် သတ်မှုမှ ပဌမကမ္ဘာစစ်ကြီးဖြစ်ခဲ့၏။ ပိုလန်ပြည် ကို ဂျာမန်တို့ ဝင်ရောက်တိုက်ခိုက်မှုမှ ဒုတိယ ကမ္ဘာစစ်ကြီးဖြစ်ခဲ့၏။ အမှိုက်ကစ ပြာသာဒ်မီး လောင် ဆိုသကဲ့သို့ပင်ဖြစ်ပေသည်။

ပေါ့ပေါ့ဆဆကိစ္စမျိုးမဟုတ်

မြန်မာပြည် လွတ်လပ်ရေးကို ဗြိတိသျှ အစိုး

ရတို့သည် ပေါပေါ ဆဘ လုပ်၍ အိန္ဒိယမှာ ကဲ့သို့ အပူတဖြင်း မစိမ်ဘဲ ရှေးစံနစ် အရ မြန်မာပြည်တွင် တိုင်းပြည် သဘော ဘာဖြစ်ဖြစ် ကျွန်ုပ် အာဘော် ဘာဖြစ်ဖြစ် ကမ္ဘာ့ ကုလသမဂ္ဂ က ဘာပြောပြော၊ ဆင်ကန်း တောတိုး လုပ်၍ ဂေါသာ-ဂေါ် နေမည် ဆိုလျှင် သဘာဝဓမ္မအရ၊ မြန်မာ ပြည်သား တို့ကလည်း မြန်၍ ဂေါသာ-ဂေါ်ကြမည်ကို အထူးသတိချပ်အပ်၏၊ မြန်မာ၊ အင်္ဂလိပ်တို့ မိတ်မပျက်ဘဲ မြွေမသေ-တုတ်မကျိုး ဖြစ်ရန်ကို ဗြိတိသျှ အစိုးရ တို့သည် အမြန် စီမံသင့်လှပေသတည်း။

× × × ×

အခွင့်အရေးနှင့်မြန်မာပြည်သား အစွမ်း

(၂၉)

မြန်မာပြည် အပတွင် မဆိုထားနှင့် မြန်မာပြည် အတွင်းမှာပင် မြန်မာပြည်သားတို့သည် နိုင်ငံခြားသားများနှင့်နှိုင်းယှဉ်သော် အစစအရာရာတွင် အောက်ကျ-နောက်ကျလျက် ရှိသည်မှာ မျက်မြင်ကိုယ်တွေ့ပင်ဖြစ်၏။ အဘယ်အကြောင်းတို့ကြောင့် ဤကဲ့သို့ ဖြစ်နေပါသနည်း၊ လောက

တွင် ကြီးပွါး ထွန်းကားရန်မှာ သမ္ပတ္တိတရား ၄ ပါးနှင့် ညီမှသာလျှင်ဖြစ်သည်၊ ဂတိ,ကာလ, ဒေသနှင့် ပယောဂတို့ဖြစ်ပေသည်။ ဖြစ်ရာဘဝ, ဖြစ်သောအချိန်, မှီခိုရာဒေသနှင့် အားထုတ်မှုတို့ပင်တည်း။

ကျွန်ဘဝမှ ဘာ့ကြောင့် မလွတ်သေးသလဲ

မြန်မာပြည်သား ဖြစ်ရခြင်းသည် ဂေါရင်ကိုကုလားမျိုးဖြစ်ရသည်ထက် အခြေကောင်း၏။ မိမိ၏ ရာဇဝင်၊သာသနာထုံးစံဓလေ့၊ စာပေ စသော ယဉ်ကျေးမှုတို့နှင့် အပြည့်အစုံရှိ၏။အချိန်ကာလမှာလည်း တိုးတက်သောခေတ်ကြီးနှင့် ကြုံကြိုက်လျက်ရှိ၏။ ပထဝီဝင်အားဖြင့် အလွန် အသုံးတန်သော ဒေသ၌ နေကြ၏။ လွတ်လပ်ရေးလုပ်ငန်းတွင်လည်း မြန်မာ့ဦးစွန်း ကွယ်ပျောက်သော အချိန်မှ စ၍ ယခုတိုင် နောက်မဆုတ် စိတ်မပျက်ဘဲ လုံးပမ်းလျက်ရှိ၏။ ယင်းသို့ သမ္ပတ္တိတရား ၄ ပါးနှင့် ညီညွတ်ပါလျက် ကျွန်ဘဝမှ အဘယ့်ကြောင့် မလွတ်မြောက်သေးဘဲ ရှိနေပါသနည်း။

အရင်းစစ်လျှင်

အရင်းစစ်က အပြစ်မြေက ဆိုဘိသကဲ့သို့ မြန်မာပြည်ကို ဗြိတိသျှတို့ သိမ်းပိုက်သည်မှ စ၍ မြန်မာပြည်သားတို့မှာ အလင်းရောင်နှင့်တူသော

လွတ်လပ်ရေးဆုံးရှုံးသည်နှင့် တပြိုင်နက်၊ ချုပ်ချယ်ခြင်း အမျိုးမျိုးနှင့် ဝင်၍ဝိုင်းနေသဖြင့်အခွင့်အရေးမရ၊ လောင်းရိပ်မိ၍ နေသော ကြောင့်ပင်ဖြစ်သည်။ ဤအချက်ကို ကွင်းကွင်း ကွက်ကွက်ထင်ရှားစေရန်လိုပေသည်။အခွင့်အရေး မရခြင်းသည် အစစအရေးရေးတွင် မဝင်ဆန့်စေဘဲ အညွန့်တုံး စေသောအချက်ပင်ဖြစ်သည်။

ဒိုင်အာကီခေတ်က

ဒိုင်အာကီခေတ်တွင် ဥပဒေပြုအဖွဲ့ အစည်းအဝေး၌ ဤအချက်နှင့် ပတ်သက်၍ ကျွန်တော်ဥပဒေပြုအဖွဲ့တွင်ပြောဘူး၏။ပြောခဲ့သောစကားများ၏သဘောမှာ အောက်ပါအတိုင်းပင်တည်း။

သူတို့ပေးသည့် ဆင်ခြေအမျိုးမျိုး

(၁) မြန်မာပြည်သားများ အလုပ် တောင်းလျှင် ပညာအရည်အချင်း မပြည့်စုံဆို၍ အလုပ်မပေး။

(၂) ပညာအရည်အချင်း ပြည့်စုံသော မြန်မာပြည်သားတို့က အလုပ်တောင်းပြန်လျှင် အလုပ်ရည်မရှိသေးဆို၍ အလုပ်မပေး။

(၃) ပညာအရည်အချင်းရှိ၍ အလုပ်ရည်ဝသော မြန်မာပြည်သားတို့က အလုပ်တောင်းနေသောအခါ အားလပ်သောနေရာ မရှိသေးဆို၍ အလုပ်မပေး။

(၄) အားလပ်သောနေရာရှိ၍ ပညာအရည်အချင်းလည်းပြည့်စုံ အလုပ်ရည်လည်းဝသော မြန်မာပြည်သားတို့က အလုပ်

တောင်းပြန်သောအခါ ထိုနေရာမှာ ဖျက်ပစ်ရမည်ဆို၍ အလုပ်မပေး။

အနာပေါ် တုတ်ကျသူ

အထက်နည်းတို့ဖြင့် မြန်မာပြည်သားတို့မှာ လုပ်ခွင့်မရကြဘဲ အောက်တန်းတွင်သာ နေခဲ့ကြရ၏။ ဤစကားရပ်များကို ပြောသော အခါ ထိုစဉ်အခါကဘဏ္ဍာရေးဝန်ကြီးချုပ်လုပ်သူဆာဗီလျံကီးက ကျွန်တော့အား အတော်ပင်စိတ်ဆိုးလေသည်။ သို့ရာတွင် ကျွန်တော် ပြောသော စကားတို့မှာ ထိုစဉ်အခါက အဖြစ်အပျက်အမှန်တို့ပင်ဖြစ်၏။

လက်တွေ့ သက်သေတခု

၁၉၀၄-ခုနှစ်တွင် ဗိုဂ်,အမ်,ဘီ,အေ အသင်းကို စတင်၍ ကျွန်တော်တို့တည်ထောင်ပြီးနောက် ၁၉၁၁-ခု နှစ်လောက်က စပြီး မြန်မာပြည်သားတို့ နစ်နာချက်များကို အစဉ်တောင်းဆိုခဲ့၏။ ဗြိတိသျှ အစိုးရက မြန်မာများကို အခွင့်အရေးမပေးရန် အမျိုးမျိုး ဖန်တီးလေသည်။ ထိုစဉ်အခါက ချီပကော့ဘ် လွှတ်တော်တွင် တရားဝန်ကြီး တနေရာ လစ်လပ်ရာ မြန်မာပြည်အစိုးရက မြန်မာထဲတွင် တရားဝန်ကြီးလုပ်နိုင်သူ တဦးတယောက်မျှ မရှိဟု အစီရင်ခံခဲ့၏။သို့ရာတွင် ကာအားလျော်စွာ တိုင်းပြည်က တောင်းဆိုချက်တို့ကို သတိမူ၍

အိန္ဒိယဘုရင်ခံချုပ် လော့ဒ်ဟာဒင်းက ရအောင်ရှာရမည်ဟု အမိန့်ချရာ၊ အစိုးရအမှုလိုက် ရှေ့နေအဖြစ်ဖြင့် အမှုထမ်းနေသူ ဝတ်လုံတော်ရ ဦးခင်ကို တွေ့၍ ဦးခင်ကိုပင် ချုပ်ကုတ် လွှတ်တော်တရားဝန်ကြီးအဖြစ်ခန့်ရ၏။ ဦးခင်သည် အငွေ့နံ့ ရှိုးသားဖြောင့်မတ်၍ အလုပ်လည်းကောင်းသဖြင့် မြန်မာထဲက အခွင့်အရေးရရှိက တတ်စွမ်းနိုင်ကြောင်းကိုပြ၏။ နောက်ဆုံး၌ ဦးခင်သည် ဆာဘွဲ့ကို ရ၍ ဆာမောင်ခင် ပြည်ထဲရေးဝန်ကြီးချုပ်အနေနှင့် အနိစ္စရောက်လေသည်။

တစ,တစ

အထက်ပါ နည်းအတိုင်း **တစ,တစ** မပေးမဖြစ်သဖြင့် မြန်မာပြည်သားတို့ကို အထက်တန်းရာထူးများတွင် တယောက်ပြီးတယောက် စမ်း၍ခန့်ကြည့်ရာ အရေးပိုင်၊ ရာဇဝတ်ဝန်၊ ယာဉ်မျိုးမင်းကြီးမှစ၍ အလုပ်အမျိုးမျိုးတွင် အလုပ်ကျွမ်းကျင်ပြန်အောင်ထမ်းဆောင်နိုင်ကြသည်ကို တွေ့ရ၏။ ပဌမ ကမ္ဘာစစ်ကြီးတွင် မြန်မာပြည်သားတို့၏ စွမ်းရည်ကို မက်ဆိုပိုတေးမီးယား တိုက်ပွဲဝင်ပြခဲ့၏။ ယခု ဒုတိယ ကမ္ဘာ စစ်ကြီးတွင်လည်း မြန်မာ့တပ်မတော်နှင့် မြန်မာပြည်သား ပြောက်ကျားတပ်တို့၏ စွမ်းရည်သတ္တိတို့မှာ ကမ္ဘာက အသိပင်ဖြစ်၏၊ အခွင့်အရေးရရှိက မြန်မာပြည်

သားများသည် ကမ္ဘာသူ ကမ္ဘာသားတို့နှင့် အတူ ရင်ဘောင်တန်း လိုက်နိုင်ကြောင်းသည် ပေါ်လွင်ထင်ရှားပေသည်။

ချောင်ထိုးထားသော်လည်း

ဤကဲ့သို့ အခွင့်အရေး ရက တာဝန်ဝတ္တရားကို သတ္တိ–ဗျတ္တိနှင့် ကျေပြွန်အောင်ထမ်းဆောင်နိုင်သော မြန်မာပြည်သားတို့မှာ ထမ်းဆောင်ရန် အခွင့်အရေး မရကြ။ ယခု စစ်ကြီးပြီးမှ မြန်မာပြည်တွင် အစိုးရတို့စီမံပုံမှာ မြန်မာပြည်သားတို့ကို ချောင်ထိုးထားရန်ပင်ဖြစ်၍ နေပေသည်၊

အရည်အချင်း ပြရန်အချိန်

ယိုရာတွင် ချောင်ထိုးထား၍ ရနိုင်မည်မဟုတ်ပေ။ လွတ်လပ်ရေးမရလျှင် မြန်မာပြည်သားတို့၏ အရည်အချင်း အစွမ်းသတ္တိပြရန်မှာမဖြစ်နိုင်။ လွတ်လပ်ရေးရမှသာလျှင် ပြနိုင်ပေမည်။ မြန်မာပြည်သားတို့ကလည်း လွတ်လပ်ရေးမရက မနေတော့ပေ။ မရမခြင်း မရရအောင်ကြိုးစားလျက် ရှိကြပေပြီ။ ဗြိတိသျှအစိုးရတို့သည် ဆက်လက်၍ မြန်မာပြည်သားတို့အပေါ်တွင် အထင်မှား, အထင်သေး၍ နေပါလျှင် ဗြိတိသျှတို့၏ အကျိုးသာလျှင် ပျက်စီးရန်ရှိ၏။

ဂတိတည်ပါစေ

ယင်းသို့ဖြစ်၍ မြန်မာပြည်ကို အိန္ဒိယမှ ခွဲပြီးနောက် နိုင်ငံရေး ကံကြမ္မာတို့တွင် အိန္ဒိယထက် အောက်ကျ နောက်ကျ မဖြစ်စေရပါ ဟူသော

ဂတိအတိုင်း အိန္ဒိယပြည်မှာကဲ့သို့မြန်မာပြည်ကိုလည်း လွတ်လပ်ရေးပေးရန် အလျင်အမြန် စီမံရန် အချိန်ကျရောက်ပြီဖြစ်ကြောင်း။

× × × ×

နိုင်ငံရေး ကာလ–၃–ပါး

(၃၀)

ပညတ်အားဖြင့် အချိန်ကာလကို သုံးရ–သုံးပိုင်း ခြားနား၍ ထားကြ၏။ ပြီးခဲ့သည့် အချိန်ကို အတိတ်၊ လက်ရှိ အချိန်ကို ပစ္စုပ္ပန်၊ နောင်လာမည့်အချိန်ကိုအနာဂတ်ဟုခေါ်ကြ၏။ မည်သည့်အလုပ်ကိုကိုမဆို ခြေလှမ်းချက် တခုခု ရည်ရွယ်ချက် တခုခုဖြင့်သာလျှင် ရှက်ဆောင် ကြ၏။ ဤသို့ရှက်ဆောင်ရာတွင် ဖြစ်ပြီးခဲ့သည်ကို သတိမူပြီးနောက်၊ လက်ရှိအလုပ်ကို စီမံခြင်းဖြင့် ရှေ့လိုရာ ရည်ရွယ်ချက်သို့ ရောက်ရှိရလေသည်။ မြန်မာပြည်သားတို့သည်၊ ယခုအခါ နိုင်ငံရေးတွင် အလွန်ပင်နိုးကြားထကြွလျက် ရှိကြ၏။ နိုးကြားသည့်အလျောက်၊ နိုင်ငံရေးတွင် အဘက်ဘက်မှရှက်ဆောင်လျက်ရှိကြပေသည်။ ဘာကိုရည်ရွယ်၍ နိုးကြားထကြွ ရှက်ဆောင်လျက် ရှိကြပါသနည်း၊ လွတ်လပ်ရေးကိုလို၍ဟုအဖြေရှိ၏။

အတိတ်ကို ပြန်၍ ကြည့်သော်

လွတ်လပ်ရေးကို ရလိုသဖြင့် နိုးကြား ထကြွ ရှက်ဆောင်၍နေကြရာတွင်၊ ပဌမ အတိတ်ကိုပြန်၍ကြည့်ကြစို့။ ကြည့်သော အခါ မြန်မာပြည်၏ နိုင်ငံရေးအခြေမှာ–မြပါတီ သီဆိုသော "ထင်ရှားသောနိုင်ငံ"အမည်ရှိ သီချင်းအတိုင်းပင် ဖြစ်သည်၊ ၎င်းသီချင်းမှာ အောက်ပါ အတိုင်းပင် တည်း။

ထင်ရှားသောနိုင်ငံ

ဗမာ့ခေတ်ဟောင်းကို ပြန်ပြောင်းတွေးခါ-စဉ်းစားဥာဏ်မတိမ်၊ နှစ်ပေါင်း ၃၀၀၀ ကြာရှေ–ဗမာတွေခေတ်မမှိန်၊ကိုယ်မင်းကိုယ့်ချင်းဖြင့် ဗမာကာ-သာမက ထာဝရ-နတ်နန်း တာဝတိန်။

တိုရှိုးရာ ဗမာ့ခေတ်ဟောင်း၊ ပြန်ပြောင်းတွေးချိန်၊ ဗမာစတာနှင့် ဗမာစာမတိမ်၊ ဘာသာရေးမှာ ရောင်မမှိန်၊ ထမီ့ ပုဝါ့ ပုဆိုး့ ရှော်ကြီးလိမ်၊ ဗမာဒီပိဝတ်ဆင်တဲ့ဂုဏ်သိန်၊ ဗမာဆန္ဒနှင့် အလုပ်ဘကိုင်နေအိမ်၊ဘုရားကျောင်းကန့်တန်ဆောင်းဆောက်ရန်မှန်မြတ်ကြတဲ့ထိုအချိန်။

သတ္တိမှာလေ မညှိုးပါချင့်ချိန်၊ မှတ်မိပါစေ တို့ဗမာ ခေတ်မမှိန်၊ ပညာရောင်ထိန် အလောင်းဘုရား ရှိတာတကြိမ်၊ တကောင်းအစ–အဘိရာဇိန်၊ မျိုးနွယ်သကျ သာကီရှိန်၊မင်းမင်းထိန် ဝင်းဝင်းရှိန် အမင်းမင်းတို့–ကြို့ခါဦးချနှိမ်။

တိုရှိုးရာ....

လက်ရှိအခြေ

မြန်မာပြည် နိုင်ငံရေး၏ အတိတ် အခြေကား အထက်ပါသိချင်းအရ ထင်ရှားသောသခင်နိုင်ငံ ဖြစ်၏၊ လက်ရှိအခြေကား အသို့နည်း။ လက်ရှိအခြေကိုကြည့်သော် အလွန်ရှက်စရာပင်ဖြစ်သည်။ ကမ္ဘာပေါ်တွင်တိုင်းကြီး တိုင်းငယ်အများအပြား ရှိကြရာ၊ ၎င်းတိုင်းပြည်များကို ကိုယ့်မင်း ကိုယ့်ချင်း အခြေရပြီးတိုင်းပြည်များနှင့်ကိုယ့်မင်းကိုယ့်ချင်းအခြေမရသေးသော တိုင်းပြည်များ၊ တနည်း သခင် တိုင်းပြည်များနှင့် ကျွန်တိုင်းပြည် များဟူ၍ ၂ မျိုး ၂ စားခွဲခြား၍ စာရင်း လုပ်သော အခါ၊ မြန်မာပြည်မှာ သခင်နိုင်ငံ စာရင်းတွင်မတွေ့ရ၊ ကျွန်နိုင်ငံစာရင်းတွင်သာတွေ့ရ၏၊ ကျွန်နိုင်ငံစာရင်းတွင်လည်း၊ မည်သူ့ လက်အောက်ခံ ဖြစ်နေရသနည်းဟု စစ်ဆေးပြန်လျှင် ဗြိတိသျှအစိုးရ လက်အောက်ခံ ကျွန်နိုင်ငံ ဖြစ်နေသည်ကို တွေ့ရ၏။

ကျွန်စာရင်း ဝင်နေရပုံ

တိုင်းပြည်သည် သခင်အခြေမှ ကျွန်အခြေသို့ သက်ရောက်သည့်အခါ၌၊ တိုင်းသူ ပြည်သားတို့သည်လည်း ကျွန်ဘဝသို့သာ ရောက်ရတော့ပေသည်။ ကမ္ဘာပေါ်ရှိလူအမျိုးမျိုးကို လွတ်လပ်သောလူမျိုး၊ မလွတ်လပ် သေးသော လူမျိုး၊ တ

နည်း သခင်မျိုး-ကျွန်မျိုးဟု ခွဲခြား၍ ကြည့်လျှင် မြန်မာပြည်သားတို့ကို သခင်မျိုးတွင် မတွေ့ပေ။ ကျွန်စာရင် တွင်သာတွေ့ရ၏။ မည်သူ့၏ ကျွန်စာရင်းတွင် ပါပါသနည်းဟု ထပ်မံ စစ်ဆေးက ဗြိတိသျှအစိုးရ၏ ကျွန်စာရင်းတွင်ပါနေသည်ကို တွေ့ရ၏။

အသဲနာစရာကောင်းလှ၏

လွန်ခဲ့သောအခါသမယက မြန်မာပြည်လက်အောက်ခံ ဖြစ်ခဲ့ဘူးသော နိုင်ငံတနိုင်ငံ ပင်လျှင် သခင်တိုင်းပြည်စာရင်းတွင်ပါရှိ၍၊ ထိုတိုင်းပြည်သားတို့မှာလည်း သခင်လူမျိုးစာရင်း၌ တွေ့ရှိရ ရာ၊ မြန်မာပြည်နှင့်မြန်မာပြည်သားတို့ အတွက်မှာအလွန်အသဲနာစရာပင်ဖြစ်ပေတော့၏၊ မြန်မာပြည်နှင့် မြန်မာပြည်သားတို့၏ လက်ရှိအခြေကိုအသေအချာသိရှိပြီးသော မြန်မာပြည်သား တို့သည်၊ ကမ္ဘာ့မြေပုံကို မရှက်ဘဲ ရဲရဲကြည့်ဝံ့ ပေါ့မည် မဟုတ်ပေ။ အတိတ် ဘဝတွင် အထက်တန်းကျ သလောက် ယခု လက်ရှိ ပစ္စုပ္ပန် အခြေကား အောက်တန်းကျ၏။ အနာဂတ် အခြေကား အဘယ်သို့နည်း။

အနာဂတ်အခြေ

ဗြိတိသျှတို့က မြန်မာ ပြည်နှင့် မြန်မာ ပြည်သားတို့ကို ကျွန်ဘဝတွင် ဆက်လက်တည်ရှိစေ

ရန်၊ စည်းကျပ်ဖြူ စာတမ်းဖြင့် စီမံ၏။ မြန်မာပြည်သားတို့အား၊ သခင်ဘဝကိုပြန်လည်ရရှိရန်၊ နေသူရိန်ဆုံးဖြတ်ချက်တို့ဖြင့် မြန်မာပြည်နှင့် မြန်မာပြည်သားတို့၏ ကံကြမ္မာကို ဖန်တီးရန် စီမံ၏။ လက်ရှိအခြေမှာစည်းကျပ်ဖြူစာတမ်းအရစီမံချက်တို့သည်၊ အထမမြောက်မအောင်မြင်ပေ။ နေသူရိန်ဆုံးဖြတ်ချက် တို့လည်း အမြင်အားဖြင့် ဆုံးဖြတ်ချက်တို့သာ ရှိနေသေး၏။ သို့ရာတွင် တိုင်းပြည်ဘက်က အားကား တနေ့တခြား တက်ကြွလျက်ရှိ၏။ ရေကြီးက ရေနိုင်၊ မီးကြီးက မီးနိုင်ဆိုသဖြင့်၊ လူထု၏အား, လူထု၏ တပ်ဦး, လူထု၏ ဝရမ်နှင့်လက်နက်ဖြစ်သော ဖ,ဆ,ပ,လကို ကြာရှည်ထွာချခံနိုင်တော့မည်မဟုတ်ပေ။

ခြေလှမ်းမှန်မှန်နှင့်

ငတ်မွတ် ဆာလောင် နေသူ၏ ဖြစ်အင်ကို ထမင်းဝနေသူသည် သိနိုင်ရန် ခက်ခဲ၏၊ လွတ်လပ်ရေး ဆုံးရှုံးနေသော မြန်မာပြည်သား တို့၏ ဖြစ်အင်ကို အဆီထုတ်၍ စားနေသော ဗြိတိသျှတို့ သိရန်မှာ ခဲယဉ်း ပေလိမ့်မည်။ အင်အား ပြပွဲအမျိုးမျိုးဖြင့်၎င်း ရာထူးငန်းငန်းတက်မဖြစ်ခြင်းဖြင့်၎င်း၊ ဆင့်ပေး-မြှောက်ပေး-တို့ပေး- ချော့ပေး- ချောက်ပေးစသော စံနစ်အမျိုးမျိုးတို့ဖြင့်၎င်း၊ စမ်းကြည့်သော်လည်း ဖ,ဆ,ပ,လ အဖွဲ့မှာ မတုန်

မလျှော့၊ ရည်မှန်းထားသော ပန်းတိုင်သို့ ရောက်ရှိရန်ရှေ့ခြေမပျက်၊ အကွက်မကျော်, ခြေလှမ်း မှန်မှန်နှင့် လိုရာကိစ္စအဝဝတွင် ရွက်ဆောင် နေခြင်းကား၊ မြန်မာပြည်သားတို့၏ လွတ်လပ်ရေးရမှုအတွက်လမ်းမှန် စံနစ်မှန်ဖြစ်၏။

မည်သို့ပင်နှောင့်ယှက်သော်လည်း

တရားမျှမှန်ကန်ရာ ဘက်မှရွက်ဆောင်ခြင်းကို မတရားအမျှ မမှန်ကန်သော ဘက်မှ တခါတလေဖြစ်စေ၊ တခဏမျှဖြစ်စေ နှောင့်ယှက်နိုင်သော်လည်း တရားသောဘက်မှ နောက်ဆုံးတွင် အောင်မြင်မည်မှာမလွဲပေ။ ယင်းသို့ဖြစ်၍အတိတ် အခြေတွင် သခင်၊ လက်ရှိ ပစ္စုပ္ပန် အခြေတွင် ကျွန်ဖြစ်လင့်ကစား၊ ရှေ့အနာဂတ် အခြေတွင် သခင်ပြန်၍ဖြစ်မည်ကားမလွဲတည်း။

× × × ×

မြန်မာပြည်၏ လွတ်လပ်ရေး တပ်ဦး

(၃၁)

မြန်မာပြည်တွင် လွတ်လပ်ရေး ရရန်အတွက် အသင်းအဖွဲ့ အမျိုးမျိုး ပေါ်ခဲ့၏၊ ဂျီ-စီ-ဘီ-အေ

အမျိုးမျိုး နိုင်ငံရေးအဖွဲ့ အမျိုးမျိုး ရှိခဲ့၏။ ယခုလည်း အလုပ်မဖြစ်နိုင်သော်လည်း အမည်အားဖြင့် အဖွဲ့အများပင် ရှိ၏။ အချို့ အဖွဲ့များလည်း ပြန်လည်အားဖြည့်ရန် ကြိုးပမ်းလျက်ရှိ၏။ ဤကဲ့သို့ ယခုအခါ ရှိကြသော နိုင်ငံရေး အဖွဲ့များတွင် ဖ-ဆ-ပ-လ အဖွဲ့မှာနာမည်အကြီးဆုံး,အား အကြီးဆုံး, တိုင်းပြည်လူထု၏ ထောက်ခံချက်ကို အရဆုံး, လွတ်လပ်ရေး လုပ်ငန်းတွင် လက်ရှိတွင်ကျယ်စွာ ရွက်ဆောင်နေသော အဖွဲ့ကြီးပင် ဖြစ်ပေသည်။ဤအဖွဲ့ကြီး နှင့် ပတ်သက်၍ သိသင့်သိထိုက်သော အချက်အများပင်ရှိရာ မသိသူတို့လည်း ရှိနေပေသည်။ယင်းသို့ဖြစ်၍ ဖ-ဆ-ပ-လ အဖွဲ့ကြီး၏ရည်ရွယ်ချက်, ဖွဲ့စည်းပုံတို့ကိုအတိုချုပ် သိရှိကြရန် လိုပေသည်။

ဖ-ဆ-ပ-လ အဓိပ္ပါယ်

ဖ-ဆ-ပ-လ ဟု အတိုကောက် ခေါ်သော အမည်၏ အဓိပ္ပါယ်ကို ပဌမ သိရှိကြရန်လို၏၊ ဖ-ဆ-ပ-လ တွင်--

ဖ သည် ဖက်ဆစ်
ဆ သည် ဆန့်ကျင်ရေး
ပ သည် ပြည်သူ
လ သည် လွတ်လပ်ရေး

ဖြစ်သဖြင့် ဖ-ဆ-ပ-လ ကို အရှည်ဆိုလျှင်"ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့" ဖြစ်၏။

‘ဖက်ဆစ် ဆန့်ကျင်ရေး’

ဤနာမည်မှာ ၂ ပိုင်းဖြစ်၍ ပဌမအပိုဒ်‘ဖက်ဆစ်ဆန့်ကျင်ရေး’၏ အဓိပ္ပါယ်ကို ရှင်းလင်းရပေလိမ့်မည်။ မတရားဖိနှိပ်ခြင်း၊ မတရားချုပ်ချယ်ခြင်း၊ မတရားလွှမ်းမိုးခြင်း၊ အနိုင်ကျင့်ခြင်း၊ လူတမျိုးကလူတမျိုး၏ လွတ်လပ်ရေးကို အတင်းဖျက်ဆီးထားခြင်း၊ တိုင်းပြည်တပြည်က တိုင်းပြည်တပြည်ကို အတင်းတိုက်ယူသိမ်းပိုက်ခြင်း၊ ငိမိရှိ အားကို မတရားသုံးခြင်း စသော အဓမ္မစနစ်၊အဓမ္မအလုပ်တို့သည် ဖက်ဆစ်စနစ်ပင် ဖြစ်သည်။ဤစနစ်ကို ခုခံတိုက်ဖျက်ရေးသည် ဖက်ဆစ်ဆန့်ကျင်ရေးဖြစ်၏။

‘ပြည်သူ့ လွတ်လပ်ရေး’

ဒုတိယအပိုဒ် "ပြည်သူ့လွတ်လပ်ရေး"၏ အဓိပ္ပါယ်မှာ မြန်မာပြည်သည် ရှေးအခါက လွတ်လပ်သော တိုင်းပြည်ဖြစ်သည်။မြန်မာပြည်သားတို့လည်း လွတ်လပ်သော သခင်မျိုးဖြစ်ခဲ့သည်။ယခုအခါ မြန်မာပြည်သားတို့က သဘောမတူ ကန့်ကွက်သည်သာမက လွတ်လပ်ရေးကို ပြန်၍ပေးရန် တောင်းဆိုပါလျက် ဖက်ဆစ်စနစ်

အရ ဗြိတိသျှအစိုးရတို့က မြန်မာပြည်နှင့် မြန်မာပြည်သားတို့ကို လွတ်လပ်ရေး မပေးသေးသဖြင့် ထိုလွတ်လပ်ရေးကို မတရားအားမသုံး အကြမ်းဖက်ဗတန်းအလုပ်တို့မပါ၊ စည်းကမ်းသေဝပ်စွာ ငြိမ်းချမ်းသာယာသောနည်းဖြင့် လွတ်လပ်ရေး ရယူရန်ရည်ရွယ်ချက်ပင် ဖြစ်သည်။ ယင်းသို့ ဖြစ်၍ ဖ-ဆ-ပ-လ အဖွဲ့သည် အခမ္ပစံနစ်အရ မြန်မာပြည်နှင့် မြန်မာပြည်သားတို့၏ လွတ်လပ်ရေးကို ယူထားသူထံမှတရားသောစံနစ်ငြိမ်းချမ်းသောစံနစ်ဖြင့် မြန်မာပြည်နှင့် မြန်မာပြည်သားတို့၏ လွတ်လပ်ရေးကို ပြန်လည်ရရန် ကြိုးစားနေသောအဖွဲ့ကြီး,လွတ်လပ်ရေးတပ်ဦးကြီးဖြစ်၏။ ထို့ကြောင့် ဖ-ဆ-ပ-လ အဖွဲ့ချုပ် ဖွဲ့စည်း အုပ်ချုပ်ပုံကို ဥပဒေတွင် အောက်ပါအတိုင်း တွေ့ရ၏။

ရည်ရွယ်ချက်များ

(၁) "လူမျိုးတမျိုးသည် မိမိတို့၏ ကံကြမ္မာကို မိမိတို့သာလျှင် ဖန်တီးနိုင်ခွင့် ရှိသည့်အား လျော်စွာ အမျိုးသားအားလုံး၏ လုံး၀ လွတ်လပ်ရေး ရရှိရန်အလို့ငှါ ဗမာနိုင်ငံတွင်းရှိ တိုင်းရင်းသား လူမျိုးအားလုံး ၎င်းတို့မှ ဆင်းသက်ပေါက်ပွါးသော သူများ-တိုင်းရင်းသားများအဖြစ် ခံယူရရှိသူအပေါင်းကို ညီညွတ်စည်းလုံးစေရန်။

(၂) ဗမာပြည်ကို ဗမာပြည်ရှိတိုင်းရင်းသားလူမျိုးအသီးသီးတို့ အားလုံးသဘောတူ လွတ်လပ်စွာ ဖွဲ့စည်းသော တိုင်းပြည်ကြီး တည်ထောင်ရန်။

ဤသို့ တည်ထောင်ရာ၌ ပါ၀င်သော လူမျိုးအသီးသီးတို့အား မိမိတို့ကံကြမ္မာကို မိမိတို့ဘာသာ ဖန်တီးနိုင်သော အခွင့်အရေး ပေးထားရန်။

(၃) ဗမာနိုင်ငံကို တိုင်းသူပြည်သား လူအများ၏ ဆန္ဒအတိုင်း ပြန်လည်ထူထောင်ရန်။

(၄) ဖ-ဆ-ပ-လ အဖွဲ့ချုပ်၏ အာဏာပိုင် အဖွဲ့များက ကာလအားလျော်စွာ သတ်မှတ်သော အခြားသော ရည်ရွယ်ချက်များကို အောင်မြင်အောင်ဆောင်ရွက်ရန်။

တခုတည်းသော ၀ါဒ

အထက်ပါ ရည်ရွယ်ချက်အရ ဖ-ဆ-ပ-လ အဖွဲ့သည် လူတမျိုး၊ နိုင်ငံရေးပါတီ တပါတီ၊ တဦးတယောက်ကောင်းအတွက်မဟုတ်၊ မြန်မာပြည်ရှိ မြန်မာ, မွန်, ကရင်, ရှမ်း, ကချင်, ချင်း, နှင့် ဗမာမွတ်ဆလင်, တရုပ်ကပြား, အင်္ဂလိပ်ကပြားမှစ၍ မြန်မာပြည်ရှိ အားလုံးသော လူမျိုးတို့အတွက် ဖြစ်သည်။ ၀ါဒမှာလည်း လွတ်လပ်သော နိုင်ငံတည်ထောင်ရန်ဖြစ်၍ လွတ်လပ်ရေးသာလျှင် အရင်းမူလ ပဓါနဖြစ်ရကား၊ ဓနရှင်၀ါဒ, ဆိုရှယ်လစ်၀ါဒ, ကွန်မြူနစ်၀ါဒ, ဟိုဝါဒ, သည်၀ါဒ, တို့ကို ဖြန့်ဖြူးသော အဖွဲ့ မဟုတ်ကြောင်း ထင်ရှား၏။ လွတ်လပ်ရေးရရန်၀ါဒတခုသာလျှင် ဖြစ်ပေသည်။

ဖွဲ့စည်းပုံ

ဖ-ဆ-ပ-လ၏ ရည်ရွယ်ချက်ကို အထက်ပါ ပေါ်ပြချက်တို့ဖြင့် သိလောက်ပေပြီ။ ဖွဲ့စည်းပုံ ကို အကြမ်းအားဖြင့် ပေါ်ပြရန် ပို၍၊ အစဉ်မှ ဖ-ဆ ပ-လ အဖွဲ့တွင် အဖွဲ့ဝင်များမှာ......

(က) တော်လှန်ရေးအဖွဲ့(ယခု ဆိုရှယ်လစ်ပါတီ)၊ ကွန်မြူနစ်ပါတီ၊ ဖေဘီရန်ပါတီ အစရှိသော နိုင်ငံရေးအဖွဲ့များ။

(ခ) အလုပ်သမား အဖွဲ့၊ လယ်သမား အဖွဲ့၊ လူမျိုးအဖွဲ့၊ လူငယ်များအဖွဲ့စသော လူထုအဖွဲ့များ။

(ဂ) တသီးပုဂ္ဂလများတို့ဖြစ်ခဲ့၏။

အထင်မှားစရာ အချက်တချက်

ဤဖွဲ့စည်းခဲ့ပုံကို အမှီပြု၍ အထင်မှားကြသော အချက်များရှိ၏။ တချို့က ဖ-ဆ-ပ-လ တွင် ကွန်မြူနစ်တို့ ကြီးစိုးနေသည်။ ဖ-ဆ-ပ-လ သည် လက်ဝဲဂိုဏ်းဖြစ်နေသည့် စသဖြင့် အထင် လွဲကြပေသည်။ အမှန်မှာ ဖ-ဆ-ပ-လ တွင် မည်သည့် အသင်းအဖွဲ့ကမှ ကြီးစိုးခြင်းမရှိတိုင် ပင် နှီးနှောပြီးနောက် အများ သဘောတူရောက် သတ်မှတ်ထားသောစည်းမျဉ်းအရ ရွက်ဆောင် နေခြင်းပင် ဖြစ်သည်။ သို့ရာတွင် ဖ-ဆ-ပ-လ အဖွဲ့တွင် ပါဝင်နေသော နိုင်ငံရေး အဖွဲ့များ အလုပ် လုပ်ကြသောအခါ ဖ-ဆ-ပ-လ အလုပ်

နှင့် မိမိပါသော နိုင်ငံရေးအဖွဲ့၏ အလုပ် ၂-မျိုး ရောယှက် နေသဖြင့် အထင်မှားက-မှားစရာပင် ဖြစ်သည်။

နောက်ဆုံး ပြင်ဆင်ချက်

သို့သော်—ယခုအခါ ဖ—ဆ—ပ—လ အဖွဲ့ဝင် များနှင့် ပတ်သက်သောစည်းမျဉ်းကို လွန်ခဲ့သော ဦးစီးအဖွဲ့အစည်းအဝေးတွင် အောက်ပါအတိုင်း ပြင်လိုက်ပြီဖြစ်ကြောင်း။

(၄) အဖွဲ့ဝင်များမှာ-

(က) တယောက်ချင်းအဖွဲ့ဝင်များ၊

(ခ) အဖွဲ့အစည်း အလိုက် အဖွဲ့ဝင်များ၊

ဟူ၍ ၂ မျိုး ၂ စားရှိမည်။

ယခုအခါတွင်

အထက်ပါ စည်းမျဉ်း အရ၊ တိုင်းရင်းသား ဖြစ်၍ အသက် ၁၈ နှစ်ရှိက ကျား—မ မဆို တယောက်ချင်း ဝင်နိုင်၏။ အဖွဲ့ အလိုက် ဝင်ရန် လူမျိုးအစည်း အရုံးနှင့် လူထု အစည်း အရုံးသာ ဖြစ် နိုင်တော့၏။ ဤစည်းမျဉ်း အရ နိုင်ငံရေး ပါတီများသည် ဖ,ဆ,ပ,လ သို့ အဖွဲ့ အလိုက် မပါနိုင် တော့ပေ။ ယင်းသို့ဖြစ်၍ ဖ,ဆ,ပ,လ တွင် ပါတီအဖြစ်နှင့် ဆိုရှယ်လစ်ပါတီ, ကွန်မြူနစ် ပါတီ, ငါးပွင့်ဆိုင်အဖွဲ့, ဆင်းရဲသားအဖွဲ့, သခင်

အဖွဲ့, မျိုးချစ်အဖွဲ့စသဖြင့် မပါနိုင်။ တသီးပုဂ္ဂလ တယောက်ချင်းအနေနှင့်ပါလျှင် ပါနိုင်တော့မည်။ ဖ,ဆ,ပ,လတွင် လက်ဝဲဂိုဏ်း၊ လက်ျာဂိုဏ်းဟူ၍ မရှိ။ အမျိုးသားများ လွတ်လပ်ရေး ဂိုဏ်းသာ ရှိတော့မည်။အထက်ကပါတီပေါင်းစုံ လူထုအဖွဲ့ ပေါင်းစုံတို့၏ လွတ်လပ်ရေး တပ်ဦးParties' Free-dom Frontသည်၊ ယခုအခါ တိုင်းသူ ပြည်သား အားလုံး၏ လွတ်လပ်ရေး တပ်ဦး Peoples' Freedom Frontကြီး ဖြစ်လာပြီ ဖြစ် ကြောင်း။

× × × ×

နိုင်ငံရေးမျက်မှန်စိန်း

(၃၂)

မြန်မာစကား များတွင် အတွေး, အထင်, အမြင်, အကြား, အသိ, အမှတ် စသော စကား များသည်၊ တခုနှင့်တခု အဓိပ္ပါယ် ကွာခြား ပေ သည်။ အတွေးများ, အထင်များ, အမြင်များ, အကြားများ, အမှတ်များက အသိအမှန် အလွဲ အချော် ဖြစ်တတ်၏။ ဤစကား များတွင် အမြင် နှင့်ပတ်သက်၍ အနည်းငယ် စဉ်းစားခဏ်း ဝင် ရန်ဖြစ်သည်။ အမြင်သည် မိတ်အမြင်, မျက်စိ

အမြင်, ရှိသည်။ ၎င်းအမြင် ၂ မျိုးစလုံး ၌ပင် အမြင်မှန်, အမြင်မှား ဟူ၍ ရှိပြန် လေသည်။ မြန်မာစာပေတွင် "ဒိဋ္ဌိ" ဟူသော စကားရှိ၏။ ၎င်းဒိဋ္ဌိမှာ သမ္မာဒိဋ္ဌိ–မိစ္ဆာဒိဋ္ဌိ၊ မှန်သောအမြင်, မှားသော အမြင်ဟူ၍ ခွဲခြား ထားလေသည်။ ဗုဒ္ဓဘာသာတရားအလို အဝိဇ္ဇာဖုံးလွှမ်းလျှင်မှား သောအမြင်ဖြစ်၏။အဝိဇ္ဇာဟူသည် သစ္စာ ၄ ပါး တရားကို မသိခြင်း ဖြစ်သဖြင့်၊ သစ္စာ ၄ ပါးတ ရားကို သိမှသာလျှင် ဝိဇ္ဇာ ပေါက်ပြီး နောက် သမ္မာဒိဋ္ဌိသို့ ရောက်သည်ဟု ဆိုလေသည်။

နိုင်ငံရေးတွင် အယူမသည်းရန်

နိုင်ငံရေးသည်ကား၊ ဘုရားဟောမှာ ကဲ့သို့ အတိ အကျ သိရသော ကိစ္စမျိုးမဟုတ်၊ "တိုင်း ရေး ပြည်ရေး၊ ပေါက်နှင့် ကျေး" ဟူ၍၎င်း။ "ကြက်ဥ အရောင် တိမ်တောင် သဖွယ်၊ မင်း ရေးကျယ်" ဟူ၍၎င်း။ "မင်းပရိယာယ်၊ မောင် တင့်တယ်၊ နားဝယ်မလည်ရှာ" ဟူ၍၎င်း။ ဆို ရိုးရှိ၏။ အကြောင်းအား လျော်စွာ၊ ကာလ–ဒေသ အန္တို–ခန့်ဟူသော မဟာ ပဒေသ တရား သ ဘောဖြင့်သာ ဟုတ်တန်၏၊ ကောင်း တန်၏၊ ဟုတ်လိမ့် မည်၊ ကောင်းလိမ့် မည်ဟု အတွေး ဖြင့် ပြုလုပ်ရသည်သာ များပေသည်။ ဤသည် ကိုထောက်၍ နိုင်ငံရေးတွင် အယူ မသည်းရန်

တဘက်သတ် မလုပ်ရန်တို့မှာ အလွန်ပင် အရေးကြီးပေသည်။

တဘက်သတ်ပုတ်ခတ်မှု

အမြင်တိုသည်၊ အမြင် ကျဉ်းသည်၊ အမြင် ကျယ်သည် ဟူသော စကား များလည်း ရှိပေသေး၏။ တိုသည် ဖြစ်စေ၊ ကျဉ်းသည် ဖြစ်စေ ကျယ်သည် ဖြစ်စေ၊ အမြင်သည်-မှန်သည် မှားသည်နှင့် မသက်ဆိုင်။ အမြင်တိုတိုင်း ကျဉ်းတိုင်းလည်း မမှား၊ အမြင် ကျယ်တိုင်းလည်း မမှန်သည်ကို သတိ ချပ်ရာသည်။ "သူ့စိတ်လို-ကိုယ့်စိတ်နှင့် နှိုင်း" ဟူသော သဘော တရားသည် အမြင်မမှား စေရန် ရည်ရွယ်ခြင်းပင် ဖြစ်သည်။ လောက၌ မည်သူမဆို မိမိ ကြိုက်နှစ်သက် သလို၊ မိမိ လိုလား သလို၊ မိမိ မြော်လင့်သလို ဖြစ်စေလို၏။ ဖြစ်စေလိုသော ဇောနှင့် အစစ အရာရာကို တွေးတော၍၊ တိုက်တွန်း၍၊ ဆွယ်၍၊ မှန်သည် မှားသည်နှင့် မဆိုင်။ လိုလားတောင့်တချက် အတိုင်း မဖြစ်မြောက်သော် စိတ်ဆိုး, စိတ်ပုတ်, စိတ်ယုတ်တို့ ပေါက်လာ၍ တဘက်ကို အပြစ်ဆိုလေ့ ရှိကြ၏။ ဤသို့ ပြုမူ ခြင်းကား အကျိုးမဖြစ်၊ အပြစ်သာရှိ၍ ရှောင်ရှားအပ်သော အချက် တခုပင်ဖြစ်သည်။

ဝါဒဖြန့်ဖြူးတိုင်း မယုံနှင့်

နိုင်ငံရေးတွင် အုပ်ချုပ်သူနှင့် အုပ်ချုပ်ခြင်းခံရသူဟူ၍ရှိရာ၊ အုပ်ချုပ်သူသည်၊ အုပ်ချုပ်ခြင်းခံရသူအား မိမိလိုရာခရီးသို့ရောက်အောင်အမျိုးမျိုး စီမံရ၏၊ ဤကဲ့သို့ဖြစ်မြောက်ရန် ဝါဒဖြန့်ဖြူးရေးဌာနပင် ဖွင့်လှစ်၍ထားရလေသည်။ ဤဌာန၏လုပ်ငန်းမှာ၊ အစိုးရဘက်က စီမံလုပ်ကိုင်သမျှသည် တိုင်းပြည်၏ အကျိုးအတွက် ဖြစ်သည် ဟူသော အခြေသို့ ရောက်အောင် မျက်လှဲ့ အမျိုးမျိုး ပြုရပေသည်။ သတင်းစာ ဖြင့်၎င်း၊ ရေဒီယိုဖြင့်၎င်း၊ စာအုပ် စာတမ်း များဖြင့်၎င်း၊ တရားပွဲ လဘက်ရည်ဝိုင်း စသည် တို့ဖြင့်၎င်း၊ အဝတ် အစား အစာ ဝေ၍၎င်း၊ ရာထူး ဌာန္တရ ပေး၍၎င်း၊ ရုပ်ရှင်ပွဲ-ဇာတ်ပွဲ စသည်တို့ဖြင့်၎င်း၊ အမျိုးမျိုး ဖန်တီး ရလေ သည်။ ဤသို့ပြုလုပ်ခြင်းဖြင့် အချို့ အချို့သော ကိစ္စ တို့တွင် တိုင်းပြည်၏ အကျိုးစစ် အကျိုးမှန်နှင့် ဆန့်ကျင်သော်လည်း တိုင်းပြည်က အမြင် မှားနေ သဖြင့် နစ်နာသည်ကို နစ်နာမှန်းမသိပေ။

ယင်းသို့ဖြစ်၍ မြင်တိုင်း, ကြားတိုင်း, ပြောတိုင်း, ဟောတိုင်း, အမှန်ဟူ၍ တထစ်ချ မယူဆဘဲ ကိုယ်ပိုင်ဉာဏ်ကို အသုံးပြုရန် အရေးကြီးပေသည်။

မျက်မှန်စိန်းအစ

လွန်ခဲ့သော ပဌမ စစ်ကြီးတွင် ဖြစ်ပျက်သော အချက် တခုကို သတိရ၏။ ဥရောပ စစ်မြေ ပြင်တွင် စစ်ဆင်၍ တိုက်ကြရာ၊ မြင်းတပ်လည်း ပါ၏၊ မြင်းတပ်အတွက် မြင်းများကို ဩစတြေးလျား ကျွန်းမှ ဘိလပ်သို့ သင်္ဘော များဖြင့် သယ်ယူရ၏၊ ဘိလပ်သို့ သယ်ယူရာ လမ်းတွင် သီဟိုဠ်ကျွန်း၌ ရပ်ရ၏၊ ရပ်ရသည့် အကြောင်းများတွင် မြင်းများစားရန် မြက်တင်ရန် ဖြစ်ပေသည်၊ မြက်တို့မှာ ယနေ့ရိပ် ယနေ့ကျွေး မဟုတ်သဖြင့် မြက်ခြောက်များ ဖြစ်နေ၏၊ မြင်းများက မြက်ခြောက်ကိုမစား၊ မြက်ခြောက်ကို မြက်စိမ်းဖြစ်ရန် (ဝါ) မြင်းများအမြင်မှားရန် စီမံရ၏၊ စီမံပုံမှာ မြက်များကို ရေပက် ပြီးနောက် မြင်းများကို မျက်မှန်စိမ်းများတပ်၍ပေး၏။ ရေပက်ထားသော မြက်ခြောက် များကို မျက်မှန်စိမ်း တပ်၍ကြည့်သောအခါ၊ မြင်းများ၏ မျက်စိတွင် မြက်ခြောက် မဟုတ်တော့ပေ။ မြက်စိမ်းများဖြစ်၍လာ၏။ ထိုအခါ မြိန်ရှက်စွာစားသောက်ကြ၏။

အမြင်မှန် ရကြဘို့

မြန်မာပြည်သားများတွင်နိုင်ငံရေးနယ်၌မျက်မှန်စိမ်းအတပ်ခံနေရသူတို့အလွန်ပင် များလျက်ရှိပေသေး၏၊ ရောဝရူးဖြင့်၎င်း၊ ဘွဲ့ရူးဖြင့်၎င်း၊ စီးပွါး

ရေးကလေးဖြင့်၎င်း၊ ကျွန်ပညာဖြင့်၎င်း၊ အာဏာအတုများဖြင့်၎င်း၊ လွတ်လပ်ရေး အတုဖြင့်၎င်း၊ မျက်မှန်စိမ်း အမျိုးမျိုးတပ်ပေးထားသဖြင့် စိတ်ကြီးဝင်ခါ အမြင်မှားပြီးနောက် အခြေမှန်ကို သတိမရကြ၊ ကျွန်ဘဝသို့ ကျရောက် နေပါလျက်၊ သခင်ဟန် ဖမ်းလျက် ရှိကြသည်ကို တွေ့ရပေသည်။ မျက်မှန်စိမ်းများကိုအမြန်ချွတ်ကြ၍ ဒို့တို့ကိုယ်ပိုင်မျက်စိနှင့် အမြင်မှန်ရရန် သတိရကြဘို့သည်အလွန်ပင်အရေးကြီးသည်ဖြစ်ကြောင်း။

ဘကြီးဦးဘဘော၏

နိုင်ငံရေးဈေးအပြောပြော

ဒုတိယတွဲ

ဆက်လက်ပုံနှိပ်နေပါပြီ။

မကြာမီထွက်တော့မည်

ဟံသာဝတီသတင်းစာတိုက်

ရန်ကုန်မြို့